# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ ပြာသိုလပြည့်ကျော် (၉)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (22-1-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၂၆၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး ဗိုလ်ချုပ်ကြီးဒီရစ်ဘွန်ကန် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး အကြံပေးဘုတ်အဖွဲ့ ဥက္ကဋ္ဌနှင့် Army Operations Center၊ Neighboring Countries Coordination Center(NCCC)ဌာနတာဝန်ခံ General Direk Bongkarn ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး အကြံပေးဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် Army Operations Center၊ Neighboring Countries Coordination Center (NCCC)ဌာနတာဝန်ခံ General Direk Bongkarn ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုများ ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ တပ်မတော်နှစ်ရပ်အကြား ခေါင်းဆောင်များနှင့် အဆင့်မြင့်တပ်မတော်အရာရှိကြီးများ အချင်းချင်း ဆက်ဆံရေးတိုးတက်ကောင်းမွန်လျက်ရှိသကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများတိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား အဆင့်အလိုက် အစည်းအဝေးများ နှစ်စဉ် အောင်မြင်စွာကျင်းပနိုင်မှုအခြေအနေများ၊ နယ်စပ်ဒေသတွင် ဖြစ်ပွားလျက်ရှိသည့် တရားမဝင်လူကုန်ကူးမှုများ၊

စာမျက်နှာ ၁၉ ကော်လံ ၁




ရတနာပုံ
၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၂ ရက်
အယ်ဒီတာ့အာဘော်

# ပြည်သူ့အကျိုးအမှန် ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ

မြန်မာနိုင်ငံ၏ ကျန်းမာရေးဆိုင်ရာသုတေသနလုပ်ငန်းများကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်စေရန်ရည်ရွယ်ပြီး ၅၃ ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို ဇန်နဝါရီ ၂၀ ရက်မှစ၍ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းအမှတ်(၅)ရှိ ဆေးသုတေသနဦးစီးဌာန၌ ကျင်းပ လျက်ရှိသည်။

ညီလာခံရက်များအတွင်း ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများဖြစ်သည့် မြန်မာ-ကိုရီးယားပူးတွဲ၍ တီဘီရောဂါ၊ အသည်းရောင်အသားဝါရောဂါနှင့် ငှက်ဖျားရောဂါ သုတေသနဆိုင်ရာနှီးနှောဖလှယ်ပွဲ (၂၀၂၅)၊ ကျန်းမာရေးပြဿနာဖြစ်စေနိုင်သည့် အချက်အလက်များဖော်ထုတ်ခြင်းဖြင့် ကျန်းမာရေးနှင့် ညီညွတ်သော လူမှုဘဝမြှင့်တင်စေရန် ဆောင်ရွက်ခြင်း၊ သွေးလွန်တုပ်ကွေး၊ ဆင်တုပ်ကွေးနှင့်ဇီကာ ဗိုင်းရပ်ရောဂါများ၏ ဗိုင်းရပ်ပိုးဆိုင်ရာနှင့် သွေးရည်ကြည်ပြောင်းလဲမှုဆိုင်ရာများကို မီးမောင်းထိုးပြခြင်း၊ ဉာဏ်ရည်တုနည်းပညာ(Artificial Intelligence)ကို ဆေးပညာတွင်အသုံးပြု၍ ကျန်းမာရေးမျိုးဆက်သစ်များကိုပုံဖော်မွေးထုတ်နိုင်ရန် ဆောင်ရွက်နေမှုနှင့် ပညာရပ်ဆိုင်ရာဟောပြောပွဲတစ်ခုတို့ကို ပြည်တွင်း၊ ပြည်ပမှ ပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများဖြင့် ကျင်းပလျက်ရှိပြီး ကိုရီးယားနှင့် မြန်မာ သုတေသီများ၏ ညီလာခံအကြိုလှုပ်ရှားမှုတွင် တီဘီဆေးအသစ်ယဉ်ပါးမှုဆိုင်ရာခွတ်ခွဲလုပ်ငန်းများ၊ မျိုးဗီဇတစ်ခုလုံးကို လေ့လာခြင်းဆိုင်ရာ စာတွေ့၊ လက်တွေ့လုပ်ဆောင်မှုများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

**"ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံတွေကနေ ပေါ်ထွက်လာတဲ့ ခိုင်မာတိကျတဲ့ရလဒ်အခြေပြု သုတေသနတွေ့ရှိချက်တွေဟာ နိုင်ငံအတွက် ခေတ်နဲ့အညီ သင့်တော်တဲ့ကျန်းမာရေးဆိုင်ရာမူဝါဒတွေ ချမှတ်နိုင်ဖို့ ကျန်းမာရေးလုပ်ငန်းတွေ ပိုမိုထိရောက်အကျိုးရှိအောင်ဆောင်ရွက်နိုင်စေဖို့၊ လူတိုင်း လက်လှမ်းမီတဲ့ အရည်အသွေးပြည့်ကျန်းမာရေးစောင့်ရှောက်မှုရရှိစေဖို့ စတဲ့လုပ်ငန်းစဉ်ကြီးတွေ ဖော်ဆောင်ရာမှာ များစွာအထောက်အကူဖြစ်စေမှာဖြစ်ပါတယ်။ ယခု ၅၃ ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံရဲ့ဆောင်ပုဒ်(Congress Theme)က ကျန်းမာသောဘဝပိုင်ဆိုင်ဖို့ ကျန်းမာရေးပြဿနာများ စဉ်ဆက်မပြတ်ဖော်ထုတ်ဖြေရှင်းကြပါစို့ – Moving forward to a healthy lifestyle and addressing health risk behaviors ဖြစ်တယ်လို့ သိရှိရပါတယ်။ လက်ရှိအခြေအနေမှာ မကူးစက်တတ်တဲ့ရောဂါတွေရဲ့ အရေးကြီးလာပုံကို မီးမောင်းထိုးပြနိုင်ဖို့ရည်ရွယ်ပြီး ညီလာခံဆောင်ပုဒ်ကို ရွေးချယ်ခဲ့တာလို့လည်း သိရပါတယ်"**ဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၅၃ ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံဖွင့်ပွဲအခမ်းအနားတွင် Video Message ပေးပို့၍ ဂုဏ်ပြုမိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယခုညီလာခံသို့ ကျန်းမာရေးဝန်ကြီးဌာနနှင့်ကာကွယ်ရေးဝန်ကြီးဌာနတို့မှ ပါမောက္ခများ၊ ပြည်တွင်းပြည်ပမှသုတေသီပညာရှင်များ၏ အခြေခံသုတေသန၊ အသုံးချသုတေသန၊ လူမှုရေးနှင့် ကျန်းမာရေးစနစ်သုတေသနဆိုင်ရာ သုတေသနစာတမ်းများကို တင်သွင်းဖတ်ကြားပြသကြမည်ဖြစ်သဖြင့် မျက်မှောက်ခေတ်ပြည်သူလူထု၏ ကျန်းမာရေးပြဿနာများအတွက် အဖြေရှာနိုင်မည့် အလွန်တန်ဖိုးရှိသော သုတေသနတွေ့ရှိချက်များကို ထွက်ပေါ်လာမည်ဟုလည်းဟုယုံကြည်ပါသည်။

သို့ဖြစ်ရာ ကျန်းမာရေးသုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူ့အကျိုးကိုရှေးရှုပြီး ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်းယခုထက် ပိုမိုမြင့်မားလာစေရန်၊ အခြေခံကျန်းမာရေးကောင်းမွန်ရန်၊ ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်စားသောက်ရန်၊ ကူးစက်ရောဂါများနှင့် မကူးစက်တတ်သော ရောဂါများ၏ ဖြစ်ပွားတတ်သည့်သဘောသဘာဝကိုသိရှိပြီး ကြိုတင်ကာကွယ်ကြနိုင်ရန်အတွက် လက်တွေ့အသုံးချသုတေသနများ၊ တိုင်းရင်းဆေးပညာဆိုင်ရာသုတေသနများ၊ နိုင်ငံတကာနှင့် သုတေသနဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းများကို တိုးမြှင့်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ပြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင်လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်အောင် ဖော်ဆောင်ပေးရေး။

**ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညီ တွဲလက်ညီမှ တို့ပြည်ထောင်စု ခိုင်မြဲမည်**

**တစ်လေ့တည်းစီး တစ်ခရီးတည်းသွား တစ်စိတ်တည်းတစ်ဝမ်းတည်း မကွဲပြား ပြည်ထောင်စုရဲ့ နှလုံးသား**



## စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၃၉၇၅၇ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**စစ်ကိုင်း ဇန်နဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၃၉၇၅၇ ဧကထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်ထံမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၄၀၂၄၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၃၉၇၅၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ နှမ်းဧက ၄၀၂၄၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့နှမ်းတွေ လက်ရှိအချိန်မှာတော့ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၃၉၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကျန်ဧကတွေကိုဆက်လက်ရိတ်သိမ်းနေပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးမှုအနေနဲ့ အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့် အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းသီးနှံများကို GAP နည်းစနစ်ဖြင့် တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

## ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ပိန်းဥပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း ဇန်နဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ပိန်းဥပိဿာချိန် ၇၆၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမော်က ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလက ပိန်းဥပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ပိန်းဥပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒီဇင်ဘာလအတွင်း ပိန်းဥပိဿာချိန် ၇၆၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရတယ်။ ညောင်တုန်းမြို့နယ်က တင်ပို့တဲ့ပိန်းဥတွေက အရည်အသွေးကောင်းမွန်ပါတယ်။ ညောင်တုန်းမြို့နယ်က လယ်ယာထွက်ကုန်တွေကိုရန်ကုန်ဈေးကွက်ကိုအများဆုံး တင်ပို့ရောင်းချနေပါတယ်။ ဒေသထွက်ပိန်းဥတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ တင်ပို့မှု အားကောင်းခဲ့တာဖြစ်ပါတယ်"ဟု ညောင်တုန်းမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမော်က ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပိန်းဥ ၁၀ ပိဿာလျှင် ငွေကျပ် ၇၆၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သံဖြူဇရပ်မြို့နယ် ဘုရားလေးဆူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**သံဖြူဇရပ် ဇန်နဝါရီ ၂၁**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုရားလေးဆူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်ဝေနှင်းနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဘုရားလေးဆူကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ လစဉ် ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ၊ စီမံကိန်းလက်စွဲစာစောင်ပါ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

သံဖြူဇရပ်မြို့နယ် ဘုရားလေးဆူကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၉၄ သိန်း ထုတ်ချေးပေးထားကြောင်း သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်ဝေနှင်းထံမှ သိရသည်။

**ကိုညို**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ ဇနီး ဒေါ်မြင့်မြင့်၊ သား၊ သမီး၊ မြေး မိသားစုက ကွယ်လွန်သူ ဦးစိုးဝင်း အားရည်စူး၍ ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# မိုးရှာခရိုင်တွင် ကြက်သွန်နီ ၁၂၁၉၈ ဧက စိုက်ပျိုးပြီးစီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**မိုးရှာ ဇန်နဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မိုးရှာခရိုင်တွင် ကြက်သွန်နီ ၁၂၁၉၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မိုးရှာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးရှာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ဧက ၁၁၂၅၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၁၉၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးရှာခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကြက်သွန်နီ ဧက ၁၁၂၅၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၂၁၉၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ကြက်သွန်နီစိုက်ပျိုးမှုအနေနဲ့ လက်ရှိမှာတော့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု မိုးရှာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မိုးရှာခရိုင်တွင် မြို့နယ်အလိုက် ကြက်သွန်နီ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မိုးရှာမြို့နယ်တွင် ၇၈၅၃ ဧက၊ ဘုတလင်မြို့နယ်တွင် ဧက ၃၃၆၀၊ အရာတော်မြို့နယ်တွင် ၂၆၃ ဧကနှင့် ချောင်းဦးမြို့နယ်တွင် ၇၂၂ ဧက စုစုပေါင်း ၁၂၁၉၈ ဧက တို့ဖြစ်ကြောင်း သိရသည်။

မိုးရှာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မိုးရှာမြို့နယ်တွင် ဧက ၇၃၅၀၊ ဘုတလင်မြို့နယ်တွင် ဧက ၆၀၀၊ အရာတော်မြို့နယ်တွင် ဧက ၂၀၀ နှင့် ချောင်းဦးမြို့နယ်တွင် ဧက ၃၁၀၀ စုစုပေါင်း ဧက ၁၁၂၅၀ တို့ဖြစ်ကြောင်း သိရသည်။

ကြက်သွန်နီကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက် လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မိုးရှာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ငဖဲမြို့နယ် လေးအိမ်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငဖဲ ဇန်နဝါရီ ၂၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လေးအိမ်စုကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ အဆိုပါကျေးရွာ၌ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၃၄ ဒသမ ၅ သိန်း လွှဲပြောင်း ပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက လေးအိမ်စုကျေးရွာ၌ ဒသမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၈ ဦးကို ငွေကျပ် ၄၉၉ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၁၉ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၁၆ ဒသမ ၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၆ ဦးကို ရန်ပုံငွေကျပ် ၅၃၄ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဇင်မာ**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ရက် ၉၀ စပါးတင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၂၁**


ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ရက် ၉၀ စပါး တင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝေဝေခိုင်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်းက ရက် ၉၀ စပါးတင်းရေ ၅၂၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၄ခုနှစ် ဒီဇင်ဘာလ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်းရက် ၉၀ စပါး အမျိုးအစားတင်းရေ ၇၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်း ရက် ၉၀ စပါးတင်းရေ ၇၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကနေ စပါးတွေ၊ ဆန်တွေနဲ့ အခြားလယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံးတင်ပို့ရောင်းချပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ အရောင်းအဝယ်ကောင်းခဲ့တာဖြစ်ပါတယ်။ ရက် ၉၀ ဆိုတဲ့ စပါးအမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်။ အခြား စပါးတွေနဲ့ယှဉ်ရင်ပြီးခဲ့တဲ့ တစ်လအတွင်းမှာကော လတ်တလောအနေနဲ့ ရက် ၉၀ စပါးတွေ အရောင်းအဝယ်ပိုဖြစ်နေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝေဝေခိုင်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ရက် ၉၀ စပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၇၅၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ စပါးများအရောင်း အဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ခေမာဝရဘုရားကျောက်စာ

မောင်သာ(ရှေးဟောင်းသုတေသန)

ပုဂံခေတ်တွင်ရေးထိုးခဲ့သည့် ကျောက်စာများသည် မြန်မာစာပေ၊ မြန်မာဘာသာစကား၏ အစောဆုံးအထောက်အထားများဖြစ်ကြောင်း ပညာရှင်များက လက်ခံထားကြသည်။ ပုဂံခေတ်ထက်စောသည့်ပျူခေတ်တွင် စာပေအရေးအသားပေါ်ထွန်းနေပြီဖြစ်သော်လည်း မြန်မာစာပေကို အသုံးပြုခဲ့သည့် အထောက်အထားကို မတွေ့ရသေးပေ။

ပျူစာပေဟုသတ်မှတ်ထားသည့် စာပေအရေးအသားကို ပျူယဉ်ကျေးမှုထွန်းကားခဲ့သည့် သရေခေတ္တရာမှရရှိခဲ့သော ကျောက်အရိုးအိုးများ၊ ငွေဖောဓိပလ္လင်၊ ခင်ဘကုန်းရွှေပေလွှာ၊ ဟန်လင်းတွင် တွေ့ရှိရသည့် ကျောက်စာချပ်စသည်တို့တွင် တွေ့ရှိရသည်။ ပုဂံခေတ် ၁၁၁၃ ခုနှစ်တွင် ရေးထိုးခဲ့သည့် ရာဇကုမာရ်ကျောက်စာတွင်ပါရှိသည့် မြန်မာ၊ မွန်နှင့် ပါဠိဘာသာစကားမဟုတ်သည့် အခြားစာသားများကို ကျောက်စာတွင်စတင်တွေ့ရှိစဉ်က အမည်မသိဘာသာစကား (Unknown Language)ဟု အမည်တပ်ခဲ့သော်လည်း ရာဇကုမာရ်ကျောက်စာပါ ထိုစာသားများသည် သရေခေတ္တရာမှရရှိခဲ့သည့် ကျောက်ထွင်းအိုးများတွင်ရေးထိုးထားသည့် စာများနှင့်တူညီနေကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် ထိုစာသားများကို ပျူစာပေဟု ယူဆခဲ့ကြခြင်း ဖြစ်ပေသည်။

ပျူစာအရေးအသားသည် ပျူခေတ်မှပုဂံခေတ်ထိ သုံးစွဲမှုများရှိခဲ့သဖြင့် ရာဇကုမာရ်ကျောက်စာနှင့် စောလူးမင်းကျောက်စာတို့တွင်ပျူစာဖြင့် ရေးထိုးထားသည့် အကြောင်းအရာများပါရှိခဲ့သည်။

စာပေအရေးအသားသည် နှုတ်ကပြောသည့် အသံကို အက္ခရာစာလုံးများဖြင့် ဖော်ပြခြင်းဖြစ်သဖြင့် သဒ္ဒါနှင့်ဝေါဟာရများကို ပေါင်းစပ်ဖွဲ့စည်းထားခြင်းသည်ပင် စာအရေးအသားဖြစ်ပေသည်။ မိမိပြောလိုသည့် အကြောင်းအရာကို အက္ခရာစာလုံးများဖြင့် ဖော်ပြကြရာမှ ဘာသာစကားများ ထွန်းကားလာခဲ့သည်။

**ပုဂံခေတ်မြန်မာကျောက်စာများ**

မြန်မာနိုင်ငံသမိုင်းတစ်လျှောက်တွင် ပုဂံခေတ်တွင်ရေးထိုးခဲ့သည့် ကျောက်စာများကို အများအပြားတွေ့ရှိရသည်။

ပုဂံခေတ်တွင်ရေးသားခဲ့သည့် ပေစာများ ရှိကောင်းရှိနိုင်သော်လည်း ပုဂံခေတ်ပေစာကို ယခုတိုင်မတွေ့ရှိရဘဲ ကျောက်စာများကိုသာ ပုဂံနေရာဒေသအသီးသီးမှ တွေ့ရှိခဲ့သည်။

မြန်မာ့စွယ်စုံကျမ်းတွင်လည်း ကျောက်စာများကို လေ့လာခြင်းဖြင့် ကျောက်စာရေးထိုးသောခေတ်က ယုံကြည်မှုအယူဝါဒများ၊ ယဉ်ကျေးမှုအနုပညာများနှင့် လူမှုဆက်ဆံရေးများကို မှန်းဆအကဲခတ်နိုင်သဖြင့် နိုင်ငံသမိုင်းကို များစွာအထောက်အကူဖြစ်စေကြောင်း ရေးသားထားသည်။

ထို့ကြောင့် ကျောက်စာများသည် ရေးထိုးခဲ့သည့် ခေတ်ကာလသမိုင်းကြောင်းများကို ထင်ဟပ်နေသည့် အထောက်အထားများဖြစ်သဖြင့် ပုဂံကျောက်စာများမှတစ်ဆင့် ပုဂံ၏သမိုင်းနောက်ကြောင်းကို ခြေရာခံနိုင်ခဲ့သည်။

ထို့ကြောင့် ပုဂံခေတ်တွင်ရေးထိုးခဲ့သည့် ရာဇကုမာရ်ကျောက်စာ၊ သိင်္ဃသူ့သမီးကျောက်စာ၊ ဖွားစောကျောက်စာ၊ ကျစွာမင်းကျောက်စာ၊ ရှင်ဒိသာပါမောက်ကျောက်စာ စသည့်ထင်ရှားသောပုဂံကျောက်စာများကို သမိုင်းသုတေသီများက သုတေသနပြုနိုင်ခဲ့သဖြင့် ပုဂံခေတ်နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယုံကြည်ကိုးကွယ်မှု၊ အနုပညာနှင့်စာပေအရေးအသား စသည်တို့ကို ဖော်ထုတ်ရာတွင် လွန်စွာအထောက်အကူဖြစ်ခဲ့သည်။

မြန်မာနိုင်ငံ၏ သမိုင်းတင်ခေတ်ကို လေ့လာရာတွင် ကျောက်စာများသည် အဓိကနေရာမှ ပါဝင်ခဲ့သည်။ ထို့ကြောင့် ကုန်းဘောင်ဘုရင်ဗဒုံမင်း(၁၇၈၂–၁၈၁၉) လက်ထက်မှစ၍ ကျောက်စာများကိုစုစည်းခဲ့ကာ လက်ရှိအချိန်တွင် ရှေးဟောင်းကျောက်စာအများစုကို ရှေးဟောင်းသုတေသနပြတိုက်များနှင့် ကျောက်စာရုံများတွင် ထိန်းသိမ်းထားရာ ပုဂံကျောက်စာအများစုကို ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် လေ့လာနိုင်ကြပေသည်။

ရှေးဟောင်းကျောက်စာများကို မျက်မှောက်ခေတ်သုံးအက္ခရာများဖြင့် ရေးထိုးခဲ့ခြင်းမဟုတ်သဖြင့် ၎င်းတို့၏အဓိပ္ပာယ်ကိုသိရှိရန် ရှေးခေတ်သုံးအက္ခရာနှင့် အရေးအသား၊ အသုံးအနှုန်းများကို သင်ယူကြရသည်။ အထူးသဖြင့် တက္ကသိုလ်အသီးသီးတွင် မြန်မာဘာသာနှင့် အရှေ့တိုင်းပညာဘာသာကို သင်ယူသည့် ကျောင်းသား၊ ကျောင်းသူများကို ပုဂံကျောက်စာရေးထုံးနှင့် ပုဂံကျောက်စာတချို့ကို သင်ရိုးတစ်ခုအဖြစ်ပို့ချပေးလျက်ရှိသည်။ ထို့ကြောင့် ပုဂံခေတ်ကျောက်စာများမှ အရေးအသားများ၊ မြန်မာစာအရေးပုံသဏ္ဌာန်များနှင့် ကျောက်စာမှတ်တမ်းများကို မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းနိုင်ခဲ့ပေသည်။

**နားတောင်းများမင်း**

ပုဂံခေတ်တွင်ရေးထိုးခဲ့သည့် များပြားလှသော ကျောက်စာများတွင် ပုဂံဘုရင်နားတောင်းများမင်း (၁၂၁၁–၁၂၃၁) ရေးထိုးစိုက်ထူခဲ့သည့် ခေမာဝရဘုရားကျောက်စာသည် ထင်ရှားသော အလှူမှတ်တမ်းတစ်ခုဖြစ်သည်။

နားတောင်းများမင်းကို ပုဂံကျောက်စာများတွင် နာတောင်များဟု ရေးထိုးလေ့ရှိခဲ့သည်။ ပုဂံခေတ်ကျောက်စာများကို ရေးထိုးခဲ့ချိန်က စာလုံးပေါင်းသတ်ပုံကို ယခုခေတ်ကဲ့သို့ ညီညွတ်အောင်သတ်မှတ်ထားနိုင်ခြင်းမရှိသေးသဖြင့် ကျောက်စာအဖတ်မှားခြင်းများရှိခဲ့ကြောင်း သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက ထောက်ပြခဲ့သည်။

ပုဂံခေတ်ဘုရင်များအနက် ဒုတိယစည်သူဘုရင်ဟုထင်ရှားသည့် နရပတိစည်သူနှင့် မိဖုရားမြကန်သည် နားတောင်းများနှင့် နမတော် အစစ်မင်လှတို့၏ ခမည်းတော်နှင့်မယ်တော်ဖြစ်သည်။ နရပတိစည်သူမင်းသည် အခြားမိဖုရားများနှင့် သားတော်သမီးတော်များထွန်းကားခဲ့ရာ ရာဇသူရ၊ ဂင်္ဂသူရ၊ ပျံချီတို့ကဲ့သို့ မိခင်အမည်ကိုဖော်နိုင်သည့် သားတော်၊ သမီးတော်များအပြင် ကြံ့သိုင်ကြီ၊ သိင်္ဃပိစည်း စသူတို့ကဲ့သို့ မိခင်နာမည်ကို မဖော်နိုင်သည့် သားတော်၊ သမီးတော်များလည်းရှိခဲ့သည်။

နရပတိစည်သူ၏သားတော်၊သမီးတော်များတွင် နားတောင်းများသည် အငယ်ဆုံးမဟုတ်သော်လည်း ထီးနန်းကို အရထိုက်ဆုံးသားတော်ဖြစ်သဖြင့် ပုဂံထီးနန်းကိုရခဲ့ကြောင်း ဒေါက်တာသန်းထွန်းက သုံးသပ်ရေးသားခဲ့သည်။

နားတောင်းများမင်းသည် နန်းတက်စတွင် ထီးလိုမင်းလိုဘုရားကိုတည်ခဲ့သဖြင့် ထီးလိုမင်းလိုမင်းဟုလည်းထင်ရှားခဲ့သည်။ နရပတိစည်သူမင်း နတ်ရွာမစံမီ နန်းမွေဆက်ခံမည့်သားတော်ကို ရွေးရန် သားတော်ငါးပါးအလယ်၌ ထီးဖြူစိုက်၍ မင်းဖြစ်ထိုက်သူဘက်သို့ ထီးတော်ညွတ်စေရန် အဓိဋ္ဌာန်ခဲ့ရာ ထီးတော်က နားတောင်းများဘုရင်ဖြစ်လာမည့် မင်းသား ဇေယျာသိခ်ဘက်သို့ ညွတ်ခဲ့သည်ဆိုသည့် ဇာတ်လမ်းလည်းရှိခဲ့သည်။ ထို့ကြောင့် ထိုနေရာတွင် တည်ခဲ့သည့်ဘုရားကို ထီးလိုမင်းလိုဘုရားဟု အမည်ပေးခဲ့သည်ဟုဆိုကြသည်။

**ခေမာဝရဘုရားကျောက်စာ**

နားတောင်းများမင်းကြီးသည် သက္ကရာဇ် ၅၆၉ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက် ကြာသပတေးနေ့တွင် အလှူပြုပြီး အလှူမှတ်တမ်းကျောက်စာကို ရေးထိုးခဲ့သည်။ ကျောက်စာတွင် ခေမာဝရဘုရားနှင့် ပတ်သက်သည့်အကြောင်းအရာများ မပါဝင်သော်လည်း ထိုကျောက်စာကို ပုဂံမြို့ဟောင်း၏အရှေ့မြောက် ယွန်းယွန်းရှိ ခေမာဝရဘုရားတံတိုင်းအတွင်း၌ တွေ့ရှိခဲ့သဖြင့် ခေမာဝရဘုရားကျောက်စာဟု အမည်တွင်ခဲ့သည်။ နားတောင်းများမင်းသည် သဗ္ဗညုဘုရားဆုကိုပန်၍ ပိဋကတ်၊ ကျောင်း၊ ကချေသဘင်၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်၊ ဆီမီး၊ သင်ပုတ်၊ မြေနှင့် ထန်းပင် ၁၀၅၀၊ လယ်မြေများကို လှူဒါန်းခဲ့သည်။

ကျောက်စာတွင် နားတောင်းများမင်းကြီး၏ အလှူရေစက်ချပွဲကျင်းပပုံနှင့် သာဓုအနုမောဒနာ ခေါ်ဆိုကြပုံတို့ကိုရေးထိုးခဲ့သည်။ အလှူ၏ အဓိကရည်ရွယ်ချက်သည် သံဃာတော်များ မေတ္တာဘာဝနာ ပွားများနိုင်ရန် လယ်မြေများကို လှူဒါန်းခြင်းဖြစ်၍ ကျောက်စာတွင် ဆုတောင်းစာရော ကျိန်စာကိုပါ ရေးထိုးခဲ့သည်။

ခေမာဝရဘုရားကျောက်စာတွင် စာကြောင်း ၃၈ ကြောင်းရေးထိုးထားပြီး ကျောက်စာကို နမောတဿ ဘဂဝ(ဟတော)သမ္မာသမ္ဗုဒ္ဓဿ ဘုရားရှိခိုးကို ဦးစွာရေးပြီးမှ ကျောက်စာထိုးသည့် ရက်စွဲကို ဖော်ပြထားသည်။ထို့နောက် ဩိတြိဘဝနာ ဒိတျာပဝရဓမ္မရာဇာမည် တောင်များမင်းကြီဟု ရေးထိုးထားသဖြင့် နားတောင်းများမင်းကြီး၏ ဘွဲ့မည်နာမကို သိရှိကြရပေသည်။

ဆက်လက်ပြီး အလှူပစ္စည်းများကို မှတ်တမ်းပြုရာတွင် ရတ္တနာတိဆန်းကြယ်စွာ လေပ္ပတ်မူ၏ဟု အစချီလျက် အမွန်မြတ်ဆုံးအလှူကို ဦးစွာဖော်ပြသော်လည်း စာသားများထင်ရှားမှုမရှိတော့သဖြင့် အတိအကျမဖော်နိုင်ခဲ့ချေ။ သို့သော် ပိဋကတ်၊ ကျောင်း၊ ကချေသဘင်၊ ရွှေပေါက်ပေါက်၊ ဆီမီး၊ သင်ပုတ်လှူဒါန်းမှုက ကောင်းစွာပေါ်လွင်ခဲ့သည်။ မင်းကြီးသည် သခင်သံဃာတို့ကို မေတ္တာဘာဝနာမှုပြုစိမ့်သောငှာ လယ်မြေများကို လှူဒါန်းခြင်းဖြစ်ကြောင်းကို ဖော်ပြခဲ့သည်။

လှူဒါန်းသည့် လယ်မြေများကို အရပ်ရှစ်မျက်နှာ နယ်နိမိတ်သတ်မှတ်၍ စာကြောင်းရေ ၁၈ ထိ အသေးစိတ်ဖော်ပြခဲ့သည်။ နားတောင်းများမင်းကြီးသည် မိမိလှူခဲ့သည့် လယ်မြေများနှင့်စပ်လျဉ်း၍ နောင်အခါတွင် အငြင်းပွားမှုတစ်စုံတစ်ရာ မဖြစ်ပေါ်စေရန် ကြိုတင်စီမံခဲ့ခြင်းဖြစ်တန်ရာသည်ဟု ယူဆရပေသည်။ နားတောင်းများမင်းလှူခဲ့သည့် လယ်မြေများသည် အလွန်များပြားကျယ်ဝန်းလှကာ စုစုပေါင်း ၂၆၆၀၀ ပယ်ဖြစ်ကြောင်း ကျောက်စာပို့ချချက်စာအုပ်တွင် ဖော်ပြထားသည်။

နားတောင်းများမင်းကြီးသည် မိမိ၏အလှူအစုစုကို ခမ်းနားစွာရေစက်ချခဲ့ရာ စည်၊ ခရာများ တီးမှုတ်လျက် မှုးမတ်၊ ဗိုလ်ပါ ပရိသတ်အပေါင်းများစွာနှင့် ရဟန်းသံဃာများရှေ့မှောက်၌ ရေစက်သွန်းချလှူဒါန်းခဲ့သည်။ မင်းကြီး၏ အလှူကို ကြားသိသော မင်းသား၊ အမတ်၊ သူဌေး၊ သူကြွယ်တို့သည် ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ဆိုခဲ့ကြသည်။

**ကျိန်စာနှင့် ဆုတောင်းစာ**

ခေမာဝရဘုရားကျောက်စာတွင် နားတောင်းများမင်းကြီးရေးထိုးခဲ့သည့်ကျိန်စာသည် ကြောက်ရွံ့ထိတ်လန့်ဖွယ်ကောင်းသကဲ့သို့ စိတ်ဝင်စားဖွယ်လည်းကောင်းနေသည်။ ကျောက်စာ စာကြောင်းရေ ၂၂ မှစ၍ ဤသို့စင်လှစွာမူရွှေ့ ငါလှူသောမြေကို အစိုးရသတေးဟု ဖျက်ဆီးသောမင်းလည်းကောင်း၊ မင်းသား၊ မင်းမယားတို့သည်လည်းကောင်း၊ အမတ်ရာဗိုလ်တို့သည်လည်းကောင်းဟု အစချီလျက် ကျိန်စာများကို ရေးထိုးခဲ့သည်။ မင်းကြီး၏ အလှူပစ္စည်းကို ဖျက်ဆီးသူတို့သည် ဤဘဝ၌ပင် အပြစ်ရှစ်ပါးသင့်ပါစေ၊ သေသောအခါ၌လည်း ငရဲရှစ်ထပ်၌ ကျက်ပါစေဟုကျိန်ဆိုကာ ငရဲရှစ်ထပ်အမည်များကိုပါ ရေးထိုးခဲ့သည်။ ဗုဒ္ဓအဘိဓမ္မာတွင်ပါရှိသည့်အတိုင်း ငရဲရှစ်ထပ်၏ သက်တမ်းကို လူ့သက်တမ်းနှင့် တွက်ချက်ဖော်ပြထားခြင်းသည် စိတ်ဝင်စားဖွယ်ဖြစ်သည်။

ကျောက်စာ စာကြောင်းရေ ၃၀ တွင် ငရဲ၏ကြောက်မက်ဖွယ်ကောင်းပုံကို ကကုသန်ဘုရားရှင်လက်ထက်က ငရဲလားခဲ့သူတစ်ဦး ဒုက္ခခံစားရပုံကို ဖော်ပြသည့် ပါသာဏတ္ထပြိတ္တာဝတ္ထုကို သာဓကပြုခဲ့သည်။ နောက်ဆုံးကျိန်စာသည် နောင်ပွင့်လတ္တံ့သောဘုရားတို့ကို မဖူးရစေသတည်းဟူ၍ဖြစ်သည်။

❖နားတောင်းများမင်းကြီးသည် သက္ကရာဇ် ၅၆၉ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက် ကြာသပတေးနေ့တွင် အလှူပြုပြီး အလှူမှတ်တမ်းကျောက်စာကို ရေးထိုးခဲ့သည်။ ကျောက်စာတွင် ခေမာဝရဘုရားနှင့်ပတ်သက်သည့်အကြောင်းအရာများ မပါဝင်သော်လည်း ထိုကျောက်စာကို ပုဂံမြို့ဟောင်း၏အရှေ့မြောက်ယွန်းယွန်းရှိ ခေမာဝရဘုရားတံတိုင်းအတွင်း၌ တွေ့ရှိခဲ့သဖြင့် ခေမာဝရဘုရားကျောက်စာဟုအမည်တွင်ခဲ့သည်။ နားတောင်းများမင်းသည် သဗ္ဗညုဘုရားဆုကိုပန်၍ ပိဋကတ်၊ ကျောင်း၊ ကချေသဘင်၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်၊ ဆီမီး၊ သင်ပုတ်၊ မြေနှင့် ထန်းပင် ၁၀၅၀၊ လယ်မြေများကို လှူဒါန်းခဲ့သည်။ ❖

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## တန့်ဆည်မြို့နယ်တွင် မိုးသီးနှံပဲစင်းငုံ ၁၇၂၅ ဧကထိ ရိတ်သိမ်းပြီးစီး တစ်ဧကချင်းအထွက်နှုန်းကောင်းမွန်လျက်ရှိ



**ရွှေဘို ဇန်နဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲစင်းငုံ ၁၇၂၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကချင်း အထွက်နှုန်း ကောင်းမွန်လျက်ရှိကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံဧက ၂၄၅၀ ထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသော ပဲစင်းငုံစိုက်ခင်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၇၂၅ ဧက ရိတ်သိမ်းပြီးစီးပြီး တစ်ဧကလျှင် ၁၉ ဒသမ ၄၇ တင်းထွက်ရှိကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီက တန့်ဆည်မြို့နယ်မှာ ပဲစင်းငုံဧက ၂၄၅၀ ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ပဲစင်းငုံစိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၁၇၂၅ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးထားပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့အတွက် ကွင်းဆင်း အသိပညာပေးခဲ့ကြကြောင်း၊ တောင်သူများ ရှက်ဖျန်းမြေဩဇာဝယ်ယူမှု သက်သာစေရန်အတွက် ယူရီးယားနှင့်လက်ချားဓာတ်မြေဩဇာများ ပေါင်းစပ်သုံးစွဲသည့်နည်းပညာများ ဖြန့်ဝေပေးလျက်ရှိပြီး ယူရီးယားနှင့်လက်ချားပေါင်းစပ်သုံးစွဲနည်းကြောင့် စိုက်ပျိုးစရိတ်သက်သာပြီး အပင်များပိုးမွှားကင်းစင်ကာ အပင်ဖြစ်ထွန်းမှုကောင်းမွန်ကြောင်း သိရသည်။

ပဲစင်းငုံအပါအဝင် သီးနှံများကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ် တင်ပို့နိုင်မည်ဖြစ်ရာ သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

➢ စာမျက်နှာ ၄ မှအဆက်

ကျိန်စာကိုရေးထိုးပြီးမှ ဆုတောင်းစာကို ရေးထိုးခဲ့ရာ သူ၏ကောင်းမှုကို ချီးမြှောက်ပင့်ချီသော မင်း၊ မင်းမယား၊ မင်းသား၊ အမတ်၊ စစ်သူကြီး၊ ဗိုလ်ပါ၊ ရဟန်းသံဃာတို့သည် အရေးအရာယူပါ၏။ အလှူပစ္စည်းကို မစားဘဲ ဖာထေးပြုပြင်သူ၊ တိမ်မြုပ်နေသည်ကို ဖော်ထုတ်သူတို့သည် လူဖြစ်လျှင် လူတကာထက်မြတ်သောမင်း၊ စကြဝတေး၊ သူဌေး၊ သူကြွယ် ဖြစ်ပါစေဟု ဆုတောင်းကာ ကျောက်စာကို အဆုံးသတ်ခဲ့သည်။

**ကျောက်စာအရေးအသား**

ခေမာဝရဘုရားကျောက်စာတွင် ပုဂံခေတ်အလှူမှတ်တမ်းစကားပြေအရေးအသားကို ထိရောက်စွာလေ့လာနိုင်မည်ဖြစ်သည်။ ထို့အတူ တင်ပြပုံအစီအစဉ်ကျသော ကျောက်စာတစ်ချပ်ဟု ပညာရှင်များက ယူဆကြသည်။ ကျောက်စာတွင် ပါဠိနှင့် သက္ကတစကားလုံး အနည်းငယ်ကိုသာ အသုံးပြုထားပြီး မြန်မာဝေါဟာရများကိုသာ အများဆုံးအသုံးပြုထားကြောင်း သတိပြုနိုင်ပေသည်။

ထူးခြားသောအသုံးတစ်ခုအဖြစ် လှူဒါန်းသည့်မြေများ၏နယ်နိမိတ်ကိုဖော်ပြရာတွင် မျက်မှောက်ခေတ်သုံးဝေါဟာရ အနောက်တောင်အရပ်ကို တောင်အနောက်ဟုလည်းကောင်း၊ အရှေ့မြောက်ထောင့်ကို မြောက်အရှေ့ထောင့်ဟုလည်းကောင်း ရေးထိုးထားကြောင်း တွေ့ရှိရသည်။

ကျောက်စာတွင်ရေးထိုးထားသော စိတ်ဝင်စားဖွယ်ကောင်းသည့် ဖော်ပြချက်တစ်ရပ်မှာ ဥတောင်တတွန်ဖြစ်သည်။ ဥတောင်တတွန်သည် မျက်မှောက်ခေတ်သုံးမြန်မာစကားအရ ဥဒေါင်းတစ်တွန်ဖြစ်ကာ တစ်ခေါ်ဟူသည့် အသုံးနှင့်ဆင်တူသည်။ လှူဒါန်းသည့် လယ်မြေနယ်နိမိတ်ကိုသတ်မှတ်ရန် ဥဒေါင်းတစ်ကောင်တွန်သံကို ကြားသိနိုင်သည့်အကွာအဝေးဟု ဆိုလိုခြင်းဖြစ်ရာ လှပ၍ကဗျာဆန်သည့် အသုံးအနှုန်းတစ်ခုအဖြစ် ခံစားနိုင်ကြပေသည်။

နားတောင်းများမင်း၏ ခေမာဝရဘုရားကျောက်စာသည် ပုဂံခေတ်စကားပြေအရေးအသား တိုးတက်မြင့်မားလာပုံကို လေ့လာနိုင်သည့် ကျောက်စာတစ်ချပ်ဟု ဆိုနိုင်ခဲ့ပေသည်။

**ကိုးကား**

- **ခေမာဝရဘုရားကျောက်စာ**
- **ပုဂံဆက်(ဒေါက်တာသန်းထွန်း)**
- **မ ၃၁၀၃ ဘာသာစကား(၁) (ရန်ကုန်အဝေးသင် တက္ကသိုလ်)**

## ပြောထိုက်သည့်စကား

\- မနာလို တရားကင်း
စကားတင်း ဆိုရာ
သိမ်ဖျင်းမှုသာ၊
ဖရုသဝါစာ
ရှောင်ကြဉ်ပါ မြဲအသိ၊
နှုတ်ထွက်ရာ ကျိုးမပွားတယ်
စကားသတိ။

\- ဘုရားရှင် ဟောကြား
စကားမျိုး ခြောက်သွယ်၊
မဟုတ်မှန် ကျိုးမစပ်
ပယ်အပ်လေတယ်၊
ဟုတ်မှန်လည်း ကျိုးမဖွယ်
ရှောင်ဖယ်ဖို့ စစ်ကြော၊
ကြားနာရှင် သူနှစ်သက်လည်း
ကျိုးပျက်ရာ မြောက်စကားကို
ထောက်ထားချင့်ပြော။

\- မှန်ကန်ကာ တိုးအသိ
ကျိုးရှိမည့် ကြောင်းအရာ
ပြောသင့်လှစွာ၊
နှစ်သက်တာနှင့် မနှစ်သက်တာ
ရွေးချယ်ရာမဟုတ်၊
ကောင်းကျိုးမှန် စကားနှစ်ခွန်းကို
ဖွင့်တွန်းရွေနှုတ်။

\- အဘယမင်းသားက
မြတ်ဘုရား ထံပါးတွင်၊
စကားလျှင် ခြောက်ပါး
လျှောက်ထားမေးစဉ်၊
သုံးလောက ထွတ်တင်
မြတ်ဘုန်းရှင် မိန့်ကြား၊
ကျိုးမသွားရာ
လေးပါးမှာ အစဉ်ပယ်လို့
နှစ်ပါးဝယ် အကျိုးဆိုက်လျှင်
ပြောထိုက်စကား။ ။

ညွန့်ဝင်း(နတ်တလင်း)

# နိုင်ငံတကာ သတင်းများ

## စားနပ်ရိက္ခာတင်ယာဉ် ၉၁၅ စီး ဂါဇာကမ်းမြောင်သို့ ဝင်ရောက်

**ဂါဇာစီးတီး ဇန်နဝါရီ ၂၁**

စားနပ်ရိက္ခာနှင့် အကူအညီပစ္စည်းများတင်ဆောင်ထားသည့် ကုန်တင်ယာဉ် ၉၁၅ စီးတို့သည် ဇန်နဝါရီ ၂၀ ရက်တွင် ဂါဇာကမ်းမြောင်ဒေသသို့ ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ဂါဇာကမ်းမြောင်စစ်ပွဲအပစ်အခတ်ရပ်စဲရေးသဘောတူညီချက် စတင်အာဏာ သက်ဝင်ခဲ့ပြီး တစ်ရက်အကြာတွင် ကုလသမဂ္ဂ၏ရိက္ခာယာဉ်တန်းများ ဂါဇာကမ်းမြောင်သို့ဝင်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဂါဇာကမ်းမြောင်စစ်ပွဲ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် စတင်အာဏာသက်ဝင်ခဲ့သော ဇန်နဝါရီ ၁၉ ရက်တွင်လည်း ဂါဇာကမ်းမြောင်ဒေသသို့ ကုလသမဂ္ဂရိက္ခာတင်ယာဉ် ၆၃၀ ဝင်ရောက်နိုင်ခဲ့သည်။

ဂါဇာစစ်ပွဲအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အရ အစ္စရေးနိုင်ငံသည် ဂါဇာကမ်းမြောင်ဒေသသို့ ရိက္ခာတင်ယာဉ်အစီး ၆၀၀ နေ့စဉ်ဝင်ရောက်ခွင့် ပေးထားသည်။

အစ္စရေးနှင့် ဂါဇာဒေသအခြေစိုက် ဟားမတ်စ်အုပ်စုတို့သည် အမေရိကန်နိုင်ငံ၊ ကာတာနှင့် အီဂျစ်နိုင်ငံတို့၏ ကြားဝင်ညှိနှိုင်းမှုဖြင့် ဂါဇာစစ်ပွဲအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ဇန်နဝါရီ ၁၅ ရက်တွင် ရယူခဲ့သည်။

ယင်းသဘောတူညီချက်စတင်အာဏာသက်ဝင်သည့် ဇန်နဝါရီ ၁၉ ရက်တွင်ပါလက်စတိုင်း အကျဉ်းသား ၉၀ ကျော်နှင့် အစ္စရေးဓားစာခံ သုံးဦး ပြန်လည်လွတ်မြောက်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## တူကီယဲအနောက်မြောက်ပိုင်း နှင်းလျှောစီးစခန်း၌ ဟိုတယ်တစ်လုံးမီးလောင်မှုဖြစ်ပွား

**အင်ကာရာ ဇန်နဝါရီ ၂၁**

တူကီယဲနိုင်ငံ အနောက်မြောက်ပိုင်း၌ ဇန်နဝါရီ ၂၀ ရက်ကနှင်းလျှောစီးစခန်းဟိုတယ်တစ်လုံး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ အနည်းဆုံးလူ ၁၀ ဦး သေဆုံးခဲ့ရသည်။

မီးလောင်မှု ဖြစ်ပွားခဲ့သော ဂရန်းကာတယ်လ်အမည်ရှိဟိုတယ်သည် တူကီယဲအနောက်မြောက်ပိုင်း ဟိုလူ တောင်ပေါ်ဒေသ ကာတယ်လ်ကာယာနှင်းလျှောစီးအပန်းဖြေစခန်း၌ တည်ရှိသည်။

အထပ် ၁၁ ထပ်ထိရှိသော ဂရန်းကာတယ်လ်ဟိုတယ် မီးလောင်မှုအတွင်း လူ ၃၂ ဦးလည်းဒဏ်ရာများရရှိခဲ့ကြောင်း တူကီယဲတာဝန်ရှိသူများက ပြောကြားခဲ့သည်။

မီးလောင်ကျွမ်းမှုသည် ဂရန်းကာတယ်လ်ဟိုတယ်၏စားသောက်ဆိုင်အထပ်တွင် စတင်ခဲ့ခြင်းဖြစ်ကြောင်း တူကီယဲတာဝန်ရှိသူများ၏အဆိုအရ သိရသည်။

မီးလောင်မှု ဖြစ်ပွားချိန်တွင် ဂရန်းကာတယ်လ်ဟိုတယ်၌ လူပေါင်း ၂၃၄ ဦး တည်းခိုနေကြောင်း တူကီယဲတာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ဂရန်းကာတယ်လ်ဟိုတယ် မီးလောင်မှုကို တူကီယဲတာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲ ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## ရွေးကောက်ပွဲအနိုင်ရသမ္မတလောင်း ဒေါ်နယ်ထရန့် ၄၇ ဦးမြောက် အမေရိကန်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆို



**ဝါရှင်တန် ဇန်နဝါရီ ၂၁**

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၅ ရက် အမေရိကန်သမ္မတရွေးကောက်ပွဲ၌ အနိုင်ရရှိထားသော ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်ထရန့်သည် ဇန်နဝါရီ ၂၀ ရက်တွင် အမေရိကန်နိုင်ငံ၏ ၄၇ ဦးမြောက်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

ဒေါ်နယ်ထရန့်၏ သမ္မတရာထူး ကျမ်းသစ္စာကျိန်ဆိုပွဲကို ပြင်းထန်သည့်အအေးဒဏ်ကြောင့် ထုံးစံအတိုင်း ဝါရှင်တန်မြို့ ကွန်ဂရက်လွှတ်တော်ပြင်ပ နေရှင်နယ်မောလ်ဥယျာဉ်၌ ကျင်းပနိုင်ခဲ့ခြင်းမရှိဘဲ ကွန်ဂရက်လွှတ်တော်အဆောက်အအုံအတွင်း ကျင်းပခဲ့ရသည်။

သမ္မတ ကျမ်းသစ္စာကျိန်ဆိုပွဲ မိန့်ခွန်းတွင် အမေရိကန်သမ္မတသစ် ဒေါ်နယ်ထရန့်သည် ၎င်း၏ နိုင်ငံခြားရေးမူဝါဒများကို ထုတ်ဖော်ကြေညာခဲ့သည်။

အမေရိကန်နိုင်ငံ၏ ရွှေခေတ်ယနေ့တွင် စတင်ပြီဖြစ်ကြောင်း ယနေ့မှစ၍ အမေရိကန်နိုင်ငံအနေဖြင့် ပို၍ဝပြောချမ်းသာလာမည်ဖြစ်ပြီး ကမ္ဘာ့နိုင်ငံများ၏ ကြည်ညိုလေးစားမှုကိုလည်း ပြန်လည်ရယူနိုင်လိမ့်မည်ဖြစ်ကြောင်း သမ္မတသစ်ဒေါ်နယ်ထရန့်က ကျမ်းသစ္စာကျိန်ဆိုမိန့်ခွန်း၌ ကြေညာခဲ့သည်။

သမ္မတသစ် ဒေါ်နယ်ထရန့်သည် ကျမ်းသစ္စာကျိန်ဆိုပွဲပြီးဆုံးပြီး မကြာမီမှာပင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ အမေရိကန်နိုင်ငံနုတ်ထွက်ရေး အထူးအမိန့်ဒီကရီကို လက်မှတ်ရေးထိုးခဲ့သည်။

ယင်းအပြင် ရာသီဥတုပြောင်းလဲမှုပြဿနာကိုဖြေရှင်းရေးအတွက် ရယူထားသော ပဲရစ်သဘောတူညီချက်မှ အမေရိကန်နိုင်ငံနုတ်ထွက်ရေး အထူးအမိန့်ဒီကရီကိုလည်း ဒေါ်နယ်ထရန့်က ဇန်နဝါရီ ၂၀ ရက်မှာပင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ရုရှားသမ္မတပူတင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ ဗီဒီယိုဖုန်းခေါ်ဆိုဆွေးနွေးမှုပြုလုပ်

**မော်စကို ဇန်နဝါရီ ၂၁**

ရုရှားသမ္မတ ပူတင်သည် ယနေ့တွင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဗီဒီယိုဖုန်းခေါ်ဆိုဆွေးနွေးခဲ့ကြကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အမေရိကန်နိုင်ငံ၏ ၄၇ ဦးမြောက်သမ္မတအဖြစ် ရီပတ်ဘလီကန်သမ္မတ ဒေါ်နယ်ထရန့် ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီး တစ်ရက်အကြာတွင် ရုရှားသမ္မတပူတင်က တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့်ဖုန်းခေါ်ဆိုဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ယနေ့ဗီဒီယိုဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် တရုတ်နှင့်ရုရှားကြား မဟာဗျူဟာ မိတ်ဖက်ဆက်ဆံရေးကို မြှင့်တင်ရန် ရုရှားသမ္မတပူတင်က အဆိုပြုခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ၂၀၂၂ ခုနှစ်ဖေဖော်ဝါရီလတွင်



အကန့်အသတ်မရှိ နှစ်နိုင်ငံ မိတ်ဖက်ဆက်ဆံရေး ကြေညာထားသောနိုင်ငံများဖြစ်ကြသည်။

တရုတ်နှင့်ရုရှားဆက်ဆံရေးသည် နိုင်ငံတကာကိစ္စများ၌ တည်ငြိမ်မှုဖန်တီးရာတွင် အဓိကအခန်းကဏ္ဍ၌ပါဝင်ကြောင်း ရုရှားသမ္မတက ဗီဒီယိုဖုန်းခေါ်ဆိုဆွေးနွေးစဉ် တရုတ်သမ္မတကို ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံသည် ရုရှားနိုင်ငံကို အကြီးမားဆုံးခြိမ်းခြောက်မှုအဖြစ် တရုတ်နိုင်ငံကို အကြီးမားဆုံးပြိုင်ဘက်အဖြစ် မှတ်ယူထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## အစ္စရေးလုံခြုံရေးတပ်ဖွဲ့ဝင်များ အနောက်ဘက်ကမ်းဒေသ ဂျီနင်းမြို့၌ စစ်ဆင်ရေးတစ်ခုပြုလုပ်ခဲ့ရာ ပါလက်စတိုင်းလူမျိုးတစ်ဦးသေဆုံး၍ လေးဦးဒဏ်ရာရရှိ

**ဂျေရုဆလင် ဇန်နဝါရီ ၂၁**

အစ္စရေး လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယနေ့တွင် အနောက်ဘက်ကမ်းဒေသ ဂျီနင်းမြို့၌ စစ်ဆင်ရေးတစ်ခု ပြုလုပ်ခဲ့ရာ အနည်းဆုံး ပါလက်စတိုင်းလူမျိုး တစ်ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

အစ္စရေးတပ်ဖွဲ့ဝင်များ၊ရဲတပ်ဖွဲ့ဝင်များ၊ ထောက်လှမ်းရေး အဖွဲ့အစည်းများပူးပေါင်း၍ ဂျီနင်းမြို့၌ အကြမ်းဖက်မှု တိုက်ဖျက်ရေး စစ်ဆင်ရေးတစ်ခု ပြုလုပ်နေကြောင်း အစ္စရေးတပ်မတော်က သတင်းထုတ်ပြန်ထားသည်။

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးနှင့် ဟားမတ်စ်တို့ကြား ရယူထားသည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်စတင်အာဏာသက်ဝင်ချိန်တွင် အစ္စရေးလုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆင်ရေးပြုလုပ်နေခြင်းဖြစ်သည်။

အစ္စရေးနိုင်ငံက ဂျီနင်းမြို့၌ ပြုလုပ်နေသော စစ်ဆင်ရေးအတွင်း ပါလက်စတိုင်းလူမျိုးတစ်ဦး သေဆုံး၍ လေးဦးဒဏ်ရာ ရရှိခဲ့ကြောင်း ပါလက်စတိုင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အစ္စရေး တပ်မတော်သည် ပြီးခဲ့သည့်နှစ်များအတွင်း အနောက်ဘက်ကမ်းဒေသ ဂျီနင်းမြို့ကို မကြာခဏဆိုသလို စီးနင်းမှုများ ပြုလုပ်ခဲ့သည်။


အစ္စရေးတပ်များက စစ်ဆင်ရေးမပြုလုပ်မီ ပါလက်စတိုင်းလုံခြုံရေးတပ်ဖွဲ့ဝင်က ရက်သတ္တပတ်ကြာစစ်ဆင်ရေးများကို ပြုလုပ်ထားပြီးဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## လွန်ခဲ့သောနှစ်ပေါင်း လေးဘီလီယံခန့်က ရောမဂြိုဟ်ကြီးတစ်စင်းဖြတ်ကျော်မှုကြောင့် နေအဖွဲ့အစည်းအတွင်းရှိ ဂြိုဟ်များ၏ပတ်လမ်းများပြောင်းလဲခဲ့ရ



**ဝါရှင်တန် ဇန်နဝါရီ ၂၁**

လွန်ခဲ့သောနှစ်ပေါင်း လေးဘီလီယံခန့်က နေအဖွဲ့အစည်းကို ရောမဂြိုဟ်ကြီးတစ်စင်း ဖြတ်ကျော်မှုကြောင့် နေအဖွဲ့အစည်း အတွင်းရှိ ဂြိုဟ်များ၏ပတ်လမ်းများ ပြောင်းလဲခဲ့ရကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကိုကိုးကား၍ ဇန်နဝါရီ ၂၀ ရက် သတင်းများအရ သိရသည်။

အမေရိကန် သိပ္ပံပညာရှင်များ၏အဆိုအရ လွန်ခဲ့သောနှစ်ပေါင်း လေးဘီလီယံခန့်က အရွယ်အစား လွန်စွာကြီးမားလှသော ဂြိုဟ်ကြီးတစ်စင်းသည် ယနေ့ခေတ်အင်္ဂါဂြိုဟ်နေရာယူထားသည့် နေပတ်လမ်းနေရာမှတစ်ဆင့် နေကိုဖြတ်ကျော်ပျံသန်းခဲ့ကြောင်း သိရသည်။

၎င်းဂြိုဟ်ကြီး ဖြတ်ကျော်ပျံသန်းမှုကြောင့် နေအဖွဲ့အစည်း အတွင်းရှိ ကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်၊ ယူရေးနပ်စ်ဂြိုဟ်နှင့် နက်ပ်ကျွန်းဂြိုဟ်တို့၏ ပတ်လမ်းများ မူလအခြေအနေမှ ပြောင်းလဲခဲ့ရကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

ရှေးယခင်ကမူ ၎င်းဂြိုဟ်ကြီးများ၏ ပတ်လမ်းများမှာ ဂြိုဟ်များကြား ဒြပ်ဆွဲအားအပြန်အလှန် သက်ရောက်မှုများကြောင့် ပြောင်းလဲခဲ့ခြင်းဖြစ်နိုင်သည်ဟု သိပ္ပံပညာရှင်များက ယုံကြည်ထားသည်။

သို့ရာတွင် အမေရိကန် သိပ္ပံပညာရှင်များ၏အဆိုအရ ကြယ်တာရာ ဟင်းလင်းပြင်ဖြတ် ရောမဂြိုဟ်ကြီးတစ်စင်း၏ အားသက်ရောက်မှုကြောင့် နေအဖွဲ့အစည်းဝင်ဂြိုဟ်ကြီးများ၏ မူလပတ်လမ်းများ ပြောင်းလဲခဲ့ခြင်းဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားထားသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် ကွန်ပျူတာစံပြပုံစံ ၅၀၀၀၀ ကျော် ဖန်တီးလေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြထားခြင်းဖြစ်သည်။

Ref : Russia Today

Trs : KKO

## ရှန်ကျိုး-၁၉ အာကာသယာဉ်မှူးများက တီယန်ကောင်းအာကာသစခန်းပြင်ပသို့ ဒုတိယအကြိမ်ထွက်ခွာရန်ပြင်ဆင်

**ပေကျင်း ဇန်နဝါရီ ၂၁**

တရုတ်အမျိုးသားအာကာသ အေဂျင်စီ၏ရှန်ကျိုး-၁၉ အာကာသယာဉ်မှူးများသည် လာမည့် ရက်အနည်းငယ်အတွင်း တီယန်ကောင်း အာကာသစခန်းပြင်ပသို့ ဒုတိယအကြိမ် ထွက်ခွာရန်ပြင်ဆင်နေကြောင်း ဇန်နဝါရီ ၂၀ ရက် သတင်းများအရ သိရသည်။

ရှန်ကျိုး-၁၉ အာကာသယာဉ်မှူးများသည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၁၇ ရက်တွင် တီယန်ကောင်း အာကာသစခန်းပြင်ပသို့ ပထမဆုံးအကြိမ်ထွက်ခွာ၍ အာကာသ အမှိုက်အန္တရာယ် ကာကွယ်ရေး စနစ်များကို တပ်ဆင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ရှန်ကျိုး-၁၉ အာကာသယာဉ်မှူးများသည် တီယန်ကောင်း အာကာသစခန်း ပြင်ပသို့ ဒုတိယအကြိမ် ထွက်ခွာရေးအတွက် ပြင်ဆင်နေသည်ဟု တရုတ်အမျိုးသား အာကာသ အေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။



ရှန်ကျိုး-၁၉ အာကာသယာဉ်မှူး သုံးဦးသည် ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၁၇ ရက်က တီယန်ကောင်း အာကာသစခန်းပေါ်သို့ စတင်ရောက်ရှိခဲ့ကြသည်။

ရှန်ကျိုး-၁၉ အာကာသယာဉ်မှူးများ တီယန်ကောင်းအာကာသစခန်းပြင်ပသို့ ဒုတိယအကြိမ် ထွက်ခွာမည့်ရက်ကို တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားခြင်း မရှိသေးကြောင်း သိရသည်။

ရှန်ကျိုး-၁၉ အာကာသယာဉ်မှူးများသည် ယခုနှစ် ဧပြီလနှောင်းပိုင်း သို့မဟုတ် မေလအစောပိုင်းတွင် ကမ္ဘာပေါ်သို့ ပြန်လည်ဆင်းသက်ဖွယ်ရှိကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## ကတ်စပီယန်ပင်လယ်ဒေသ၌ ကျွန်းတစ်ကျွန်းပေါ်ထွက်လာပြီး ရုတ်တရက်ပြန်လည်ပျောက်ကွယ်သွားမှုကို နာဆာဂြိုဟ်တုများက မှတ်တမ်းတင်နိုင်ခဲ့

**ဝါရှင်တန် ဇန်နဝါရီ ၂၁**

ကတ်စပီယန်ပင်လယ်ဒေသ၌ ကျွန်းတစ်ကျွန်း ရုတ်တရက်ပေါ်ထွက်လာပြီး ရုတ်တရက်ပြန်လည်ပျောက်ကွယ်သွားမှုကို အမေရိကန် အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ (နာဆာ)ဂြိုဟ်တုများက မှတ်တမ်းတင်နိုင်ခဲ့ကြောင်း ဇန်နဝါရီ ၂၀ ရက် သတင်းများအရ သိရသည်။

၂၀၂၃ ခုနှစ် အစောပိုင်းတွင် ကတ်စပီယန်ပင်လယ်ဒေသရှိ ရွှံ့မီးတောင်တစ်လုံး ပေါက်ကွဲခဲ့ရာ ကျွန်းငယ်တစ်ခု ပေါ်ထွက်လာသော်လည်း ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းအရောက်တွင် ရုတ်တရက် ပြန်လည် ပျောက်ကွယ်သွားကြောင်း နာဆာဂြိုဟ်တုများမှရရှိသည့် သတင်းအချက်အလက်များအရ သိရသည်။

အထက်ပါ ရွှံ့မီးတောင်ပေါက်ကွဲမှုသည် အဇာဘိုင်ဂျန်နိုင်ငံ ကမ်းရိုးတန်းနှင့် ၁၅ မိုင်ခန့်အကွာတွင် တည်ရှိသော ကူမာနီဘန်ရွှံ့မီးတောင်နယ်မြေ၌ ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

၎င်းရွှံ့မီးတောင် ပေါက်ကွဲမှုကြောင့် ကျွန်းတစ်ကျွန်းပြန်လည်ပေါ်ထွက်လာမှုနှင့် ပြန်လည်ပျောက်ကွယ်သွားမှုတို့ကို နာဆာ၏ လန်းဆက်-၈ နှင့် လန်းဆက်-၉ ဂြိုဟ်တုများက မှတ်တမ်းရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ကူမာနီဘန်ရွှံ့မီးတောင်သည် ၁၈၆၁ ခုနှစ်မှစ၍ လက်ရှိအချိန်ထိ ရှစ်ကြိမ်ပေါက်ကွဲခဲ့ပြီးဖြစ်ကြောင်း၊ ၎င်းရွှံ့မီးတောင်ပေါက်ကွဲမှုများသည် ပျမ်းမျှ နှစ်ရက်ခန့်ကြာမြင့်တတ်ရာ အရွယ်အစားအမျိုးမျိုးရှိ ကျွန်းငယ်များ ပေါ်ထွက် လာတတ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## ဗြိတိန်၌ အသည်းကင်ဆာကြောင့်သေဆုံးမှုနှုန်း နှစ် ၂၀ အတွင်း နှစ်ဆခန့်ပို၍ မြင့်မားလာ

**လန်ဒန် ဇန်နဝါရီ ၂၁**

ဗြိတိန်နိုင်ငံ၌ အသည်းကင်ဆာရောဂါဖြင့် အသက်ဆုံးပါးမှုနှုန်းမှာ ပြီးခဲ့သည့်နှစ် ၂၀ အတွင်း နှစ်ဆခန့် ပို၍မြင့်မားလာကြောင်း သုတေသန ပညာရှင်များ၏အဆိုကို ကိုးကား၍ ဇန်နဝါရီ ၂၀ ရက် သတင်းများအရ သိရသည်။

ဗြိတိန် ကင်ဆာသုတေသနဌာနမှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဗြိတိန်နိုင်ငံ၌ ပြီးခဲ့သည့် နှစ် ၂၀ အတွင်း အသည်းကင်ဆာ ရောဂါကြောင့် သေဆုံးသူအရေအတွက်မှာ ဦးရေ ၈၁၀၀၀ ကျော်သေဆုံးခဲ့သည်။

လက်ရှိအချိန်တွင် ဗြိတိန်နိုင်ငံ၌ အသည်းကင်ဆာရောဂါကြောင့် နှစ်စဉ်လူပေါင်း ၈၅၀၀ ထိ သေဆုံးလျက်ရှိရာ အသည်းကင်ဆာသည် ဗြိတိန်နိုင်ငံ၏ အသက်ဆုံးပါးမှုနှုန်း အမြင့်ဆုံးရောဂါဖြစ်လာခဲ့ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

နှိုင်းယှဉ်ကြည့်ပါက ၁၉၉၀ ပြည့်နှစ် ကာလများအတွင်း ဗြိတိန်နိုင်ငံ၌ အသည်းကင်ဆာကြောင့် နှစ်စဉ်သေဆုံးသူအရေအတွက်မှ ၂၂၀၀ ထိသာရှိခဲ့ကြောင်း သိရသည်။

ဗြိတိန်နိုင်ငံ၏ အသည်းကင်ဆာရောဂါကြောင့် အသက်ဆုံးပါးမှုနှုန်းမှာ ၂၀၄၀ ပြည့်နှစ်အရောက်တွင် ၁၀ ရာခိုင်နှုန်းထပ်မံမြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များက ခန့်မှန်းထားသည်။

သို့ရာတွင် ဗြိတိန်နိုင်ငံ၌ ဖြစ်ပွားသည့် အသည်းကင်ဆာဖြစ်စဉ်များအနက် ထက်ဝက်ခန့်မှာ ဘဝနေထိုင်မှုပုံစံ အပြောင်းအလဲများဖြင့် တားဆီးနိုင်သည့် ဖြစ်စဉ်များ ဖြစ်ကြကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## လူ့ကိုယ်တွင်းနှင့်ပတ်ဝန်းကျင်ရှိ ပလတ်စတစ် အမှုန်အမွှားများက ပဋိဇီဝဆေးယဉ်ပါးရောဂါပိုးများ ပေါ်ထွက်ပျံ့နှံ့မှုနှင့် ဆက်စပ်နေ

**လန်ဒန် ဇန်နဝါရီ ၂၁**

လူ့ကိုယ်တွင်းနှင့် ပတ်ဝန်းကျင်ရှိ အလွန်သေးငယ်သော ပလတ်စတစ် အမှုန်အမွှားများသည် ပဋိဇီဝ ဆေးယဉ်ပါးရောဂါပိုးများ ပေါ်ထွက်ပျံ့နှံ့မှုနှင့် တိုက်ရိုက် ဆက်စပ်နေကြောင်း သုတေသန ပညာရှင်များ၏အဆိုကို ကိုးကား၍ ဇန်နဝါရီ ၂၀ ရက် သတင်းများအရ သိရသည်။

ဗြိတိန်နိုင်ငံ အောက်စဖို့ဒ် တက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ ဗက်တီးရီးယားများ၏ သက်ရှိဘဝစတင်သည့် ပတ်ဝန်းကျင်အတွင်းရှိ ပလတ်စတစ် အမှုန်များကြောင့် ဗက်တီးရီးယား မျိုးဗီဇပြောင်းလဲလာပြီး ပဋိဇီဝဆေးယဉ်ပါးရောဂါပိုးများအဖြစ် ပြောင်းလဲသွားနိုင်ကြောင်း သိရသည်။

ထို့ပြင် ပတ်ဝန်းကျင်အတွင်းရှိ ပလတ်စတစ်အမှုန်အမွှားများကြောင့် ပဋိဇီဝဆေးယဉ်ပါး ဗက်တီးရီးယားများ ပျံ့နှံ့မှုလည်း ပို၍မြန်ဆန်လာကြောင်း၊ ပလတ်စတစ်အမှုန်အမွှားများ ပြဿနာကို ကိုင်တွယ်ဖြေရှင်းမှုမရှိပါက ပဋိဇီဝဆေးယဉ်ပါး ဗက်တီးရီးယားများ အန္တရာယ်ပိုကြီးမားလာနိုင်သည်ဟု သုတေသနပညာရှင်များက သတိပေးထားကြောင်း သိရသည်။

ပလတ်စတစ်အမှုန်အမွှားများသည် နှလုံးရောဂါ၊ ဦးနှောက်စွမ်းဆောင်ရည်ထိခိုက်ပျက်စီးမှုရောဂါ (Dementia)အပြင် ကင်ဆာရောဂါများဖြစ်နိုင်ခြေနှင့်လည်း ဆက်စပ်လျက်ရှိကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# နိုင်ငံတကာ အားကစားသတင်းများ

## ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ဇီရက်ဖ်တက်ရောက်



**မဲလ်ဘုန်း ဇန်နဝါရီ ၂၁**

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင်ကျင်းပနေသည့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဂျာမနီတင်းနစ်ကစားသမားဇီရက်ဖ်နှင့် အမေရိကန်တင်းနစ်ကစားသမားတွမ်မီပေါလ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဇီရက်ဖ်က (၇-၆၊ ၇-၆၊ ၂-၆၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဇီရက်ဖ်အတွက် ဩစတြေးလျတင်းနစ်ပြိုင်ပွဲတွင် ကစားသမားဘဝသက်တမ်း တစ်လျှောက် တတိယအကြိမ် ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ဇီရက်ဖ်နှင့် တွမ်မီပေါလ်တို့၏ ပွဲစဉ်သည် အကြိတ်အနယ်ရှိသည့် ပွဲစဉ် တစ်ပွဲဖြစ်ခဲ့ပြီး ပထမပွဲငယ်နှင့် ဒုတိယပွဲငယ်တို့တွင် tie-break ထိ ကစားခဲ့ကြရသည်။

တွမ်မီပေါလ်အနေဖြင့် ပုံစံကောင်းရရှိနေသော်လည်း အမှားအယွင်းတချို့ကြောင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သော်လည်း တတိယပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့်အနိုင်ရရှိခဲ့သည်။

ကမ္ဘာ့အဆင့်(၂) တင်းနစ်ကစားသမား ဇီရက်ဖ်သည် ဆီမီးဖိုင်နယ်အဆင့်တွင် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ၌ ချန်ပီယံဆုအား ၁၀ ကြိမ်တိုင်တိုင် ဆွတ်ခူးထားသည့် ဆားဘီးယားတင်းနစ်ကစားသမားဂျိုကိုဗစ်နှင့် ကမ္ဘာ့အဆင့်(၃) နေရာတွင် ရပ်တည်နေသည့် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်တို့ပွဲစဉ်မှ အနိုင်ရရှိလာသည့်ကစားသမားနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

ဇီရက်ဖ်က "ကွာတားဖိုင်နယ်အဆင့်ဟာ ခက်ခဲတဲ့ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပါတယ်။ အခုဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်ခွင့်ရခဲ့လို့ ဝမ်းသာဂုဏ်ယူမိပါတယ်။ ဒါပေမဲ့လဲ ဆီမီးဖိုင်နယ်အဆင့်မှာတော့ ဗိုလ်လုပွဲစဉ်လို သဘောထားပြီး ယှဉ်ပြိုင်ကစားသွားရမဲ့ ပွဲစဉ်ဖြစ်နေတယ်။ ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်လာမှာက ဂျိုကိုဗစ်လား အယ်ကာရက်ဇ်လား မသိရသေးမဲ့ နှစ်ယောက်စလုံးကတော့ ကျွန်တော့်ကို အခက်တွေ့စေမဲ့ ပြိုင်ဘက်တွေဖြစ်ပါတယ်။ အဲ့ဒီအတွက် အကောင်းဆုံးပြင်ဆင်သွားပါမယ်"ဟုပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

### အားကစားသတင်းအတိုအထွာများ

- ကြွက်သားဒဏ်ရာကြောင့် အနားယူနေရသည့် တောင်ပံကစားသမားဂျိုတာနှင့် ခံစစ်ကစားသမား ဂိုမက်ဇ်တို့ ရက်သတ္တပတ်အနည်းငယ် ထပ်မံအနားယူရမည်ဟု လီဗာပူးအသင်းနည်းပြ စလော့က အတည်ပြုပြောကြားခဲ့သည်။
- ဘာစီလိုနာကစားသမား အဲရစ်ဂါစီယာကို ဂျီရိုနာအသင်းနှင့် နည်းပြဖာဘရီဂတ်၏ ကိုမိုအသင်းတို့က ခေါ်ယူရန်အပြိုင်ကြိုးပမ်းလျက်ရှိသည်။
- ယခုနှစ်ဘောလုံးရာသီကုန်တွင် နည်းပြအန်ဆယ်လော့တီ ရီးရဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ML

## မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၆) နောက်ဆုံးပွဲစဉ်တွင် ဒဂုံစတားအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်

**ရန်ကုန် ဇန်နဝါရီ ၂၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၆)နောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ရှိ YUSC အားကစားကွင်းတွင် ဒဂုံစတားအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။




အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ဟံသာဝတီယူနိုက်တက်အသင်းက ဖိအားပေးကစားနိုင်ခဲ့သော်လည်း ဒဂုံစတားအသင်း၏ အကောင်းဆုံး တုံ့ပြန်ကစားနိုင်ခဲ့မှုများကြောင့် အခက်တွေ့ခဲ့ရပြီး ပွဲချိန် ၃၃ မိနစ်တွင် အောင်သီဟက ဒဂုံစတားအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းအပြီးတွင် ဒဂုံစတားအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင် ချေပဂိုးနှင့်အနိုင်ဂိုးများလိုအပ်နေသည့် ဟံသာဝတီယူနိုက်တက်အသင်းက ပိုမိုတိုက်စစ်ဆင်ဖိအားပေးကစားခဲ့ရာမှ ပွဲချိန် ၆၃ မိနစ်တွင် အောင်မြတ်သူက ဟံသာဝတီ ယူနိုက်တက်အသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့ကာ လက်ကျန်ပွဲချိန်များတွင် နှစ်သင်းစလုံးဂိုးသွင်းခွင့် အခွင့်အရေးအချို့ရရှိခဲ့သော်လည်း အဆုံးသတ်ပိုင်း မသေချာမှုများကြောင့် ဂိုးထပ်မံသွင်းယူနိုင်ခြင်းမရှိခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် တစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့သည်။

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ဟံသာဝတီယူနိုက်တက်အသင်းအတွက် ချေပဂိုးသွင်းယူပေးနိုင်ခဲ့သည့် အောင်မြတ်သူက ဆွတ်ခူးပေးနိုင်ခဲ့ကြောင်း သိရသည်။

STA

## စထရာဘော့ခံစစ်ကစားသမား မာမာဒိုဆားကိုခေါ်ယူရန် ချဲလ်ဆီးအသင်းသဘောတူညီမှုရရှိ



**လန်ဒန် ဇန်နဝါရီ ၂၁**

ချဲလ်ဆီးအသင်းသည် ပြင်သစ်ကလပ် စထရာဘော့အသင်း ခံစစ်ကစားသမား မာမာဒိုဆားကို ယူရို ၁၅ သန်းဝန်းကျင်ဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သည်။

နည်းပြမာရက်စ်ကာသည် ခံစစ်ပိုင်းမှ ဖိုဖန်နာနှင့် ဘာဒီယာရှီးတို့ ဒဏ်ရာကြောင့် ကာလရှည် အနားယူရမည်ဖြစ်သောကြောင့် ပဲလေ့စ်အသင်းသို့ အငှားချထားသည့် ချာလိုဘက်ကို ပြန်လည်ခေါ်ယူ၍ ၎င်းနှင့် တွဲဖက်ကစားနေသည့် ဂူဟီကိုလည်း ခေါ်ယူရန်ဆုံးဖြတ်ခဲ့ပြီးနောက် စထရာဘော့ဗဟိုခံစစ်ကစားသမား မာမာဒိုဆားကို ခေါ်ယူခဲ့ကြောင်း သိရသည်။

စထရာဘော့အသင်းသည် ချဲလ်ဆီးအသင်းနှင့် အကျိုးတူပူးပေါင်းထားပြီး ပိုင်ရှင်တစ်ဦးတည်းသာ ပိုင်ဆိုင်သောကြောင့် မာမာဒိုဆား၏ အပြောင်းအရွှေ့အတွက် ဖီဖာက ဖိအားပေးမည်ကို စိုးရိမ်နေသော်လည်း ပြီးခဲ့သည့်ရာသီကလည်း ယခုကဲ့သို့အပြောင်းအရွှေ့မျိုး လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

အသက် ၂၁ နှစ်ရှိ မာမာဒိုဆားသည် ယခုရာသီပြိုင်ပွဲစုံတွင် ၁၄ ပွဲပါဝင်ကစားခွင့်ရခဲ့ကာ ခြေစွမ်းပြသနိုင်ခဲ့ပြီးနောက် မာရက်စ်ကာက ခံစစ်ပိုင်းလိုအပ်ချက်ကို ဖြည့်တင်းနိုင်မည်ဟုယုံကြည်နေပြီး လာမည့်ရက်ပိုင်းအတွင်း တရားဝင်ထုတ်ပြန်မည်ဖြစ်ကြောင်း သိရသည်။

Ref : ESPN

Trs : ML

## AT&T Pebble Beach Pro-Am ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မှုနှင့်ပတ်သက်၍ စကော့တီရှက်ဖလာပြောကြား

**ကယ်လီဖိုးနီးယား ဇန်နဝါရီ ၂၁**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ဇန်နဝါရီ ၃၀ ရက်၌ စတင်ကျင်းပသွားမည့် AT&T Pebble Beach Pro-Am ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားရေးနှင့် ပတ်သက်ပြီး မကြာမီ ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း အမေရိကန်ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာက ယနေ့တွင်ပြောကြားခဲ့သည်။

ကမ္ဘာ့အဆင့်(၁) ဂေါက်သီးရိုက်ကစားသမားစကော့တီရှက်ဖလာသည် ၂၀၂၄ ခုနှစ် ခရစ္စမတ်ညတွင် မိသားစုအတွက် ညစာစားပွဲပြင်ဆင်ပေးရင်း ဖန်ကွဲစ စိုက်ဝင်၍ ခွဲစိတ်ကုသမှုခံယူခဲ့ရပြီး ၂၀၂၅ ခုနှစ် ဂေါက်သီးရိုက်ရာသီ၏ ပထမဆုံး ပြိုင်ပွဲနှစ်ရပ်ဖြင့် လွဲချော်ခဲ့ရသည်။

ရက်သတ္တသုံးပတ်ကျော် အနားယူခဲ့ရပြီးနောက် ပြင်ဆင်လေ့ကျင့်မှုများ ပြုလုပ်နေပြီဖြစ်သည့်အတွက် စကော့တီရှက်ဖလာသည် ၂၀၂၅ ခုနှစ် ဂေါက်သီးရိုက်ရာသီ၏ ပွဲဦးထွက်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် လာမည့်ရက်ပိုင်းအတွင်း ဆုံးဖြတ်ချက်ကို ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

စကော့တီရှက်ဖလာက "ကျွန်တော့်ရဲ့ ဒဏ်ရာအခြေအနေကတော့ ပုံမှန်အတိုင်းပြန်ဖြစ်နေပါပြီ။ ဒဏ်ရာသက်သာလာတဲ့အတွက် ပြင်ဆင်လေ့ကျင့်မှုတွေလဲ ပြုလုပ်လာနိုင်ပါပြီ။ ပြိုင်ပွဲပြန်ဝင်ဖို့အတွက် စိတ်လှုပ်ရှားနေပါတယ်။ ဒါပေမဲ့လဲ အရမ်းကြီးတော့မလောပါဘူး။ လေ့ကျင့်ပြင်ဆင်မှုတွေပြုလုပ်ရင်း ဒဏ်ရာအခြေအနေပေါ် မူတည်ပြီးတော့ ပြိုင်ပွဲဝင်ဖို့ ဆုံးဖြတ်သွားပါမယ်။ AT&T Pebble Beach Pro-Am ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ပါဝင်ဖြစ်မလားဆိုတာတော့ လာမဲ့ရက်ပိုင်းအတွင်း ကျွန်တော်ဆုံးဖြတ်သွားမှာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

## ရှမ်းယူနိုက်တက်အသင်းနှင့် ဘီဂျီပသန်အသင်းတို့ကစားမည့် AFF Shopee Cupပြိုင်ပွဲ အုပ်စုပွဲစဉ်အတွက် သတင်းစာရှင်းလင်းပွဲအခမ်းအနားကျင်းပ



ရန်ကုန် ဇန်နဝါရီ ၂၁

အာဆီယံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် AFF Shopee Cupပြိုင်ပွဲအုပ်စု(A) အုပ်စုပွဲစဉ်အဖြစ် ကစားမည့် ရှမ်းယူနိုက်တက်အသင်းနှင့် ထိုင်းကလပ် ဘီဂျီပသန်အသင်းတို့ပွဲစဉ်အတွက် သတင်းစာရှင်းလင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းရှိ သတင်းစာရှင်းလင်းပွဲခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသတင်းစာရှင်းလင်းပွဲအခမ်းအနားသို့ ရှမ်းယူနိုက်တက်အသင်းနည်းပြမစ္စတာဟီရိုကီအိုနို၊ အသင်းခေါင်းဆောင် နန္ဒကျော်၊ ဘီဂျီပသန်အသင်းနည်းပြ Supachai Komsilp၊ အသင်းခေါင်းဆောင်Kritsada Kamanတို့ တက်ရောက်ခဲ့ပြီး ဒေသတွင်းမီဒီယာများ၏မေးမြန်းမှုများကို အသီးသီး ဖြေကြားခဲ့ကြသည်။

အဆိုပါသတင်းစာရှင်းလင်းပွဲအခမ်းအနားတွင် ရှမ်းယူနိုက်တက်အသင်းနည်းပြ မစ္စတာဟီရိုကီအိုနိုက "အသင်းနှစ်သင်းကြားက ကွာခြားမှုတွေကို သိပါတယ်။ ဒါပေမဲ့ ကလပ်အသင်းရပ်တည်မှုအတွက် အကောင်းဆုံးကစားသွားဖို့ ဆုံးဖြတ်ထားပြီးသားပါ။ ဘီဂျီပသန်အသင်းရဲ့ နိုင်ငံခြားသားကစားသမားတွေ အကြောင်း သေချာလေ့လာထားပြီး ပြင်ဆင်ထားတယ်။ တတ်နိုင်သလောက် ကြိုးစားမယ်။ အမှတ်ရဖို့ ပစ်မှတ်ထားနေပါတယ်"ဟု ပြောကြားခဲ့သည်။

AFF Shopee Cup ပြိုင်ပွဲ အုပ်စု(A) အုပ်စုပွဲစဉ်အဖြစ် ရှမ်းယူနိုက်တက်အသင်းနှင့် ဘီဂျီပသန်အသင်းတို့သည် ဇန်နဝါရီ ၂၂ရက်ည ၆နာရီခွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

## ဒူရန်ကိုခေါ်ယူရန် ဝက်စ်ဟမ်းအသင်း၏ ကမ်းလှမ်းမှု အေဗီလာအသင်းငြင်းဆို

လန်ဒန် ဇန်နဝါရီ ၂၁

ဝက်စ်ဟမ်းအသင်းက တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် တိုက်စစ်မှူးဒူရန်ကို ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၅၇ သန်းဖြင့် ခေါ်ယူရန်ကြိုးပမ်းခဲ့ရာ အေဗီလာအသင်းက ငြင်းဆိုခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူးဒူရန်သည် ၂၀၂၃ ခုနှစ် ဇန်နဝါရီလက ချီကာဂိုအသင်းမှ အေဗီလာအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး အမှတ်ပေးပြိုင်ပွဲတွင် လေးပွဲသာ ပွဲထွက်ခဲ့ရကာ လူစားဝင် ကစားသမားအဖြစ် ကစားနေရသော်လည်း ယခုနှစ်တွင် အမှတ်ပေးပွဲ ၁၉ ပွဲတွင် ခုနစ်ဂိုး သွင်းယူနိုင်ခဲ့သည့်အတွက် ၎င်း၏ ခြေစွမ်းပိုင်းကြောင့် ထိပ်သီးအသင်းများက ခေါ်ယူရန်ကြိုးပမ်းလာသဖြင့် အေဗီလာအသင်းတာဝန်ရှိသူများက ၂၀၃၀ ပြည့်နှစ်ထိ သက်တမ်းတိုးခဲ့ခြင်းဖြစ်သည်။

ဝက်စ်ဟမ်း အသင်းနည်းပြ ပေါ်တာသည် ၂၀၃၀ ပြည့်နှစ်ထိ သက်တမ်းတိုးထားသည့် ဒူရန်အား ခေါ်ယူရန်ခက်ခဲမည်ကို သိသော်လည်း ၎င်း၏နည်းစနစ်ပိုင်းတွင် အသုံးဝင်မည့်ကစားသမားဖြစ်နေသည့်အတွက် စတာလင်ပေါင် ၅၇ သန်းဖြင့် ခေါ်ယူရန် တရားဝင်ကမ်းလှမ်းခဲ့ရာ ပယ်ချခံရခြင်းဖြစ်သည်။

ဝက်စ်ဟမ်း အသင်းသည် တိုက်စစ်မှူး ဒူရန်ကို ကာလရှည် စိတ်ဝင်စားနေပြီး အေဗီလာအသင်းနှင့်အပြိုင် ခေါ်ယူခဲ့ရာ လက်လွတ်ခဲ့ရပြီးနောက် ယခုအခါ ထပ်မံ ကြိုးပမ်းခဲ့သော်လည်း အေဗီလာအသင်းက စတာလင်ပေါင် သန်း ၇၀ ထိ အလိုရှိနေကြောင်း သိရသည်။

ဝက်စ်ဟမ်း အသင်းသည် အမှတ်ပေးပွဲ ၂၂ ပွဲတွင် ရမှတ် ၂၆ မှတ်သာရရှိခဲ့ဖြင့် ဥရောပပြိုင်ပွဲဝင်ခွင့်ရရှိရန် ခက်ခဲနေပြီး ဒူရန်ကို မက်လုံးပေး၍ ထပ်မံခေါ်ယူရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Sky Sports

Trs : ML

## IBF ၊ WBC ၊ WBO စူပါဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် ဂျပန်လက်ဝှေ့သမားနာအိုယာက ယီဂျွန်ကင်မ်နှင့် ထိုးသတ်သွားမည်

တိုကျို ဇန်နဝါရီ ၂၁

IBF၊WBC၊WBO စူပါဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ ဂျပန်လက်ဝှေ့သမားနာအိုယာက စိန်ခေါ်သူတောင်ကိုရီးယားလက်ဝှေ့သမား ယီဂျွန်ကင်မ်နှင့် ဇန်နဝါရီ ၂၄ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ထိုးသတ်သွားမည် ဖြစ်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျပန် လက်ဝှေ့လောက၏ အကောင်းဆုံး လက်ဝှေ့သမားအဖြစ် သတ်မှတ်ခြင်းခံထားရသည့် နာအိုယာသည် IBF၊WBC၊WBO စူပါဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် ဩစတြေးလျလက်ဝှေ့သမား ဆမ်ဂွတ်မန်းနှင့်ထိုးသတ်သွားရန် စီစဉ်ခဲ့သော်လည်း ဆမ်ဂွတ်မန်းသည် ဒဏ်ရာပြဿနာကြောင့် စိန်ခေါ်ပွဲအား နှစ်ကြိမ်တိုင်တိုင် ဖျက်သိမ်းခဲ့သည်။

နာအိုယာအနေဖြင့် ဆမ်ဂွတ်မန်းအား အခွင့်အရေးဆက်ပေးတော့မည် မဟုတ်သည့်အတွက် ယီဂျွန်ကင်မ်နှင့် အစားထိုးမည့်ကိစ္စကို လက်ခံခဲ့ခြင်းဖြစ်သည်။

ယီဂျွန်ကင်မ်သည် လက်ရှိ WBO Oriental စူပါဘင်တန်ဝိတ်တန်း၏ လက်ရှိချန်ပီယံတစ်ဦးဖြစ်ပြီး နာအိုယာအား အနိုင်ထိုးသတ်နိုင်မည်ကို ယုံကြည်ကြောင်းလည်း ပြောကြားထားသည်။




ယီဂျွန်ကင်မ်က "နာအိုယာအနေနဲ့ ကျွန်တော့်လို ဖိုက်တာမျိုးနဲ့ တစ်ခါမှ မဆုံဖူးသေးဘူးလို့ ထင်ပါတယ်။ ကျွန်တော်နဲ့ပတ်သက်ပြီး သူဘာတွေတွေးနေမလဲဆိုတာတော့ ကျွန်တော်မသိဘူး။ သေချာတာကတော့ သူတွေးနေတာတွေနဲ့ ဆန့်ကျင်နေတဲ့ ကျွန်တော့်ကိုကြိုးဝိုင်းထဲမှာ မြင်တွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့အကြားက ပထမဆုံးအကြိမ်တွေ့ဆုံမှုဖြစ်သလို ကြိုးဝိုင်းထဲရောက်ရင် သူတစ်ခါမှမဆုံဖူးသေးတဲ့ပြိုင်ဘက်နဲ့ဆုံနေရပြီဆိုတာကို သိလာလိမ့်မယ်။ သူ့ရဲ့ထိုးသတ်ဟန်တွေကို ကျွန်တော်စောင့်ကြည့်လေ့လာနေတာ တော်တော်လေး ကြာခဲ့ပါပြီ။ သူနဲ့ထိုးသတ်ဖို့အတွက်လဲ Game Planကို သေချာပြင်ဆင်ထားပြီးလဲဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

## ဒိုင်နမိုဇာဂရက်အသင်းကစားသမား ဆူဆစ်ခ်ကို အင်တာမီလန်အသင်းခေါ်ယူရန် သဘောတူညီမှုရရှိ

မီလန် ဇန်နဝါရီ ၂၁

အင်တာမီလန် အသင်းသည် ဒိုင်နမိုဇာဂရက်အသင်း ကစားသမားဆူဆစ်ခ်ကို ပြောင်းရွှေ့ကြေးယူရို ၁၅ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သည်။

အင်တာမီလန် အသင်းနှင့် ဒိုင်နမိုဇာဂရက် အသင်းတို့ကြား သဘောတူညီမှုတွင် ကွင်းလယ်ကစားသမား ဆူဆစ်ခ်အတွက် ကနဦးပြောင်းရွှေ့ကြေး ယူရို ၁၂ သန်းပေးချေမည်ဖြစ်ပြီး ကစားသမား၏ ခြေစွမ်းပြသနိုင်မှုအတွက် ယူရို သုံးသန်း ထပ်မံပေးချေမည် ဖြစ်သောကြောင့် စုစုပေါင်း ယူရို ၁၅ သန်း အသုံးပြုရမည်ဖြစ်သည်။

ထို့ပြင် ကစားသမားကို အင်တာမီလန်အသင်းက ဘောလုံးရာသီကုန်ဆုံးမည့် ဇွန်လမှသာခေါ်ယူရမည်ဖြစ်ပြီး လာမည့်ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ အင်တာမီလန်အသင်းသို့ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိချန်ပီယံအင်တာမီလန်အသင်းသည် ချန်ပီယံဆုကို ဆက်လက်ထိန်းသိမ်းနိုင်ရန် အခြေအနေကောင်းသော်လည်း အခြားဖလားပြိုင်ပွဲများတွင် ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိသဖြင့် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန်အတွက် ကစားသမားဖြည့်တင်းမှုများ ကြိုတင်လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Goal.com

Trs : ML



## AFC၊ MFF "B" Diploma Coaching Course သင်တန်းဆင်းပွဲနှင့် AFC Futsal Level - 3 အောင်လက်မှတ်ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

AFC ၊ MFF "B" Diploma Coaching Course သင်တန်းဆင်းပွဲနှင့် AFC Futsal Level – 3 အောင်လက်မှတ်ပေးအပ်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နည်းစနစ်ကော်မတီဥက္ကဋ္ဌဦးတင်မြင့်အောင်၊ ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီဒုတိယဥက္ကဋ္ဌ ဦးနိုင်သောင်းထိုက်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးစည်သူဝင်းနှင့် ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီမှ တာဝန်ရှိသူများ၊ AFC၊MFF "B" Diploma Coaching Course သင်တန်းနည်းပြဆရာ ဦးညီညီလတ်နှင့် ဦးရဲဝင်းသူ၊ AFC ၊ MFF "B" Diploma Coaching Course သင်တန်းသား၊ သင်တန်းသူများ၊ AFC Futsal Level–3 အောင်လက်မှတ်ရ နည်းပြဆရာများတက်ရောက်ခဲ့ကြသည်။

ဦးစွာ အခမ်းအနားတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးစည်သူဝင်းနှင့် သင်တန်းနည်းပြဆရာဦးညီညီလတ်တို့ကသင်တန်းဆင်းအမှာစကား ပြောကြားခဲ့ပြီးနောက် AFC၊ MFF "B" Diploma Coaching Course သင်တန်းသားများအားသင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း AFC Futsal Level–3 အောင်မြင်ခဲ့သောနည်းပြများကို အောင်လက်မှတ်များကိုလည်းကောင်းပေးအပ်ခဲ့သည်။

ထို့နောက် သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ပြီး အမှတ်တရ စုပေါင်းဓာတ်ပုံများရိုက်ကူးကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

STA

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# ၂၀၂၅ ခုနှစ်အတွက် ကမ္ဘာတစ်ဝန်းရောဂါကြီးများရန်မှကာကွယ်ရေးပြင်ဆင်မှုများ

ကမ္ဘာ့လူသားများ သေဆုံးစေသည့်ရောဂါများကို အဓိကအားဖြင့် ကူးစက်တတ်သောရောဂါများ (CDs)နှင့် မကူးစက်တတ်သောရောဂါများ(NCDs) အဖြစ် နှစ်မျိုးခွဲခြားနိုင်သည်။ ရောဂါကာကွယ်ထိုးဆေးများနှင့် ပဋိဇီဝဆေးများ၏ အစွမ်းထက်မှုဖြင့် ကမ္ဘာတစ်ဝန်း ကူးစက်ရောဂါများကြောင့် သေဆုံးမှုများလျော့ကျလာခဲ့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကဲ့သို့ ကမ္ဘာ့ကပ်ရောဂါများဖြစ်ပွားလာသည့်အခါ လူသန်းပေါင်းများစွာ၏အသက်ကို နုတ်ယူသွားခဲ့ကြောင်း မြင်တွေ့ခဲ့ကြရပြီးဖြစ်သည်။ ၂၀၂၅ ခုနှစ်အတွင်း ကူးစက်တတ်သောရောဂါများနှင့် မကူးစက်တတ်သောရောဂါများကို ရင်ဆိုင်အန်တုနိုင်ရန် ကမ္ဘာတစ်ဝန်း မည်သို့ပြင်ဆင်ဆောင်ရွက်နေသည်ကို လေ့လာကြည့်ကြပါမည်။

ကူးစက်ရောဂါများဘက်ကို ကြည့်ကြမည်ဆိုလျှင် ကိုဗစ်-၁၉ ကပ်ဘေးမှ လွန်မြောက်ခဲ့ပြီဖြစ်သော်လည်း ကမ္ဘာကြီးအနေဖြင့် ကိုဗစ်၏အကျိုးဆက်များကို ခံစားနေရဆဲဖြစ်ကြောင်း တွေ့ရသည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီရိုဂူတာရက်စ်က ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်က ပြုလုပ်ခဲ့သည့် အပြည်ပြည်ဆိုင်ရာကူးစက်ရောဂါများကြိုတင်ပြင်ဆင်ကာကွယ်ရေးနေ့အခမ်းအနားတွင် "ကမ္ဘာကြီးအနေနဲ့ ကိုဗစ်-၁၉ ကပ်ဘေးကို ကျော်လွန်လာခဲ့တာတော့ မှန်ပါတယ်။ ဒါပေမဲ့ ခါးသီးတဲ့သင်ခန်းစာတွေကို ယူတတ်ဖို့ လိုအပ်ပါတယ်။ နောင်လာမဲ့ ကမ္ဘာ့ကူးစက်ရောဂါကပ်ဘေးတွေအတွက် ကမ္ဘာကြီးဟာ အခုချိန်ထိ ပြင်ဆင်ထားခြင်းမရှိသေးပါဘူး"ဟု ပြောကြားခဲ့သည်။

လတ်တလောတွင် ကိုဗစ်-၁၉ ရောဂါကို စိုးရိမ်ဖွယ်မရှိတော့သော်လည်း ကမ္ဘာကြီးကို ကပ်ရောဂါအသွင်ဖြင့် ဒုက္ခပေးနိုင်ဖွယ်ရှိသည့် ကူးစက်ရောဂါများစွာက ခြိမ်းခြောက်လျက်ရှိသည်။ ဥပမာ- $H_5N_1$ ကြက်ငှက်တုပ်ကွေးရောဂါကို ကြည့်ရမည်။ လူသားအချင်းချင်း မကူးစက်နိုင်ဟုဆိုသော်လည်း အမေရိကန်နိုင်ငံ လူဝီစီးယားနားမြို့တွင် $H_5N_1$ ကြောင့် လူတစ်ဦး ကွယ်လွန်ခဲ့ရသည်။ ကြက်ငှက်တုပ်ကွေးဟုဆိုသော်လည်း နွားများဆီမှလည်း ကူးစက်ခံရနိုင်သကဲ့သို့ ဝက်များမှလည်း ကြက်၊ ငှက်တုပ်ကွေးဖြစ်နေကြသည်။ တိရစ္ဆာန်မွေးမြူရေးခြံများတွင် လုံလောက်သည့် တစ်ကိုယ်ရေသုံးအကာအကွယ်ဝတ်စုံများဖြင့်သာ အလုပ်လုပ်ရမည့်အခြေအနေဖြစ်သည်။

၂၀၂၅ ခုနှစ် မေလတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကမ္ဘာ့ကျန်းမာရေးညီလာခံတွင် ကူးစက်ရောဂါများထိန်းချုပ်ရေးနှင့် ပတ်သက်ပြီး သဘောတူညီချက်များကို အပြီးသတ်ဆုံးဖြတ်ကြရတော့မည်။ ထိုသဘောတူညီချက်များတွင် ကူးစက်ရောဂါများကာကွယ်ရေးနှင့် ကပ်ရောဂါများကို တုံ့ပြန်ကြံ့ကြံ့ခံနိုင်ရန် ပြင်ဆင်ရေးလုပ်ငန်းများပါဝင်သည်။ ကူးစက်ရောဂါတစ်ခုခုကို တွေ့ပြီဆိုသည်နှင့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ အသိပေးမျှဝေရေး၊ ကာကွယ်ဆေးနည်းပညာများနှင့် ကုသဆေးများကို မျှဝေနိုင်ရေးကိစ္စရပ်များတွင် အဖွဲ့ဝင်နိုင်ငံများအချင်းချင်း သဘောတူညီချက်မရနိုင်ကြသေးဟုဆိုသည်။ ထိုသို့ ကမ္ဘာ့နိုင်ငံများကြား ကူးစက်ရောဂါများထိန်းချုပ်ရေးအတွက် ဘုံသဘောတူညီချက်များမရရှိနိုင်ပါက ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဦးဆောင်အခန်းကဏ္ဍကိုပါ ထိခိုက်သွားစေနိုင်မည့်အခြေအနေရှိသည်။

> ❖Gavi ကာကွယ်ဆေးထိုးအဖွဲ့ကြီးမှာ ကမ္ဘာ့လူသားများ၏ ကျန်းမာရေး၊ ကာကွယ်ဆေးထိုးစီမံချက်များ အောင်မြင်စေရေး၊ ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေး မညီမျှမှုများလျှော့ချပေးရေးနှင့် ကလေးသူငယ်များ ကူးစက်ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုတို့မှ လျှော့ချပေးရေးများအတွက် မရှိမဖြစ်အသက်သွေးကြောသဖွယ်ဖြစ်သည်။ Gavi အဖွဲ့ကြီးကဲ့သို့ပင် ကမ္ဘာ့လူသားများ၏ ကျန်းမာရေးကို စောင့်ရှောက်ပေးနေသည့် အဖွဲ့အစည်းတစ်ခုက Global Fund အဖွဲ့ကြီးဖြစ်သည်။ ❖

Gavi အမည်ရသည့် ကာကွယ်ဆေးထိုးအဖွဲ့ကြီးက ကမ္ဘာအနှံ့အပြားမှာ ကာကွယ်ဆေးများလိုက်လံလှူဒါန်းထိုးနှံပေးနေသည့်အဖွဲ့ကြီးဖြစ်သည်။ ထိုအဖွဲ့၏ အဆင့်မြင့်အစည်းအဝေးကြီးကို ၂၀၂၅ ခုနှစ် မတ်လအတွင်း ဥရောပသမဂ္ဂ၊ ဘီလ်နှင့် မယ်လင်ဒါဂိတ်ဖောင်ဒေးရှင်းတို့က ကမကထပြု စီစဉ်နေကြသည်။ Gavi ကာကွယ်ဆေးထိုးပရဟိတအဖွဲ့ကြီးသည် ၂၀၂၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အတွင်း အမေရိကန်ဒေါ်လာ ကိုးဘီလီယံဖိုး ရန်ပုံငွေရရှိအောင် စုဆောင်းပြီး(GAVI 6.0) ဟု အမည်ပေးထားသည့် ကာကွယ်ဆေးထိုးစီမံချက်ကြီးကို ပြုလုပ်ရန် ရည်မှန်းထားသည်။ ထိုလုပ်ငန်းကြီးအောင်မြင်ပါက ၂၀၂၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အတွင်း ကမ္ဘာတစ်ဝန်းမှ ကလေးငယ် သန်း ၅၀၀ ၏ အသက်များကို ကူးစက်ရောဂါအမျိုးအစား ၁၅၀ ၏ ရန်မှကာကွယ်ပေးနိုင်မည်ဖြစ်ပြီး ရှစ်သန်းမှ ကိုးသန်းထိသော အသက်များကို ကယ်တင်ပေးနိုင်မည်ဖြစ်သည်။

ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်မှစတင်၍ Gavi အဖွဲ့ကြီးသည် ကလေးငယ် သန်း ၁၀၀၀ ကျော်ကို ကူးစက်ရောဂါများရန်မှ ကာကွယ်ပေးခြင်းနှင့် ကလေးငယ် ၁၈ ဒသမ ၈ သန်း၏အသက်များကို ကယ်တင်ပေးနိုင်ခဲ့ခြင်းဖြင့် ဝင်ငွေနိမ့်နိုင်ငံများအတွက် စီးပွားရေးအကျိုးအမြတ် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၅၀ ရရှိစေခဲ့သည်ဟုဆိုသည်။ GAVI 6.0 စီမံချက်ကြီး အောင်မြင်ပါက ထိုစီမံချက်အကောင်အထည်ဖော်နိုင်သည့်နိုင်ငံများအတွက် အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ စီးပွားရေးအကျိုးအမြတ် ရရှိစေမည်ဟု မျှော်မှန်းထားကြသည်။ ထို့ကြောင့် Gavi ကာကွယ်ဆေးထိုးအဖွဲ့ကြီးမှာ ကမ္ဘာ့လူသားများ၏ ကျန်းမာရေး၊ ကာကွယ်ဆေးထိုးစီမံချက်များ အောင်မြင်စေရေး၊ ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေးမညီမျှမှုများ လျှော့ချပေးရေးနှင့် ကလေးသူငယ်များ ကူးစက်ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုတို့မှ လျှော့ချပေးရေးများအတွက် မရှိမဖြစ်အသက်သွေးကြောသဖွယ်ဖြစ်သည်။

Gavi အဖွဲ့ကြီးကဲ့သို့ပင် ကမ္ဘာ့လူသားများ၏ ကျန်းမာရေးကို စောင့်ရှောက်ပေးနေသည့် အဖွဲ့အစည်းတစ်ခုသည် Global Fund အဖွဲ့ကြီးဖြစ်သည်။ Global Fund အဖွဲ့ကြီးသည် AIDS၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါများတိုက်ဖျက်ရေးကို ဦးစားပေးဆောင်ရွက်သည့် အဖွဲ့ဖြစ်သည်။ ၂၀၂၅ ခုနှစ်အတွင်းတွင် ၎င်းအဖွဲ့ကြီး၏ ရှစ်ကြိမ်မြောက်ရန်ပုံငွေဖြည့်တင်းမှုအစီအစဉ် ပြုလုပ်ရန်ရှိသည်။ ခုနစ်ကြိမ်မြောက်ရန်ပုံငွေဖြည့်တင်းခဲ့စဉ်က အမေရိကန်ဒေါ်လာ ၁၈ ဘီလီယံရရှိခဲ့ပြီး သည်တစ်ကြိမ်တွင်လည်း ထိုထက်များရန် မျှော်မှန်းထားကြသည်။ ထိုသို့သော Global Fund အဖွဲ့ကြီး၏ အဓိကရန်ပုံငွေထည့်ဝင်သူမှာ အမေရိကန်နိုင်ငံဖြစ်ပြီး သမ္မတအပြောင်းအလဲကာလအတွင်း မူဝါဒပြောင်းလဲမှုများဖြစ်ပေါ်နေခြင်းကြောင့် ရန်ပုံငွေထည့်ဝင်မှုနည်းပါးသွားနိုင်ခြေရှိနေသည်။

၂၀၀၂ ခုနှစ်မှစတင်၍ Global Fund အဖွဲ့ကြီး၏ ဆောင်ရွက်ချက်များကြောင့် HIV၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါတို့ကြောင့် သေဆုံးမှုမှာ ၆၁ ရာခိုင်နှုန်းကျဆင်းသွားခဲ့ပြီး လူ့အသက်ပေါင်း ၆၅ သန်းကို ကယ်တင်ပေးနိုင်ခဲ့သည်။ အထက်ပါ ကူးစက်ရောဂါကြီးသုံးမျိုးအတွက်သာမက ၂၀၂၃ ခုနှစ်တွင် ပဋိဇီဝဆေးယဉ်ပါးမှုများနှင့် ရာသီဥတုပြောင်းလဲမှုများအတွက် ကုစားနိုင်ရန် Global Fund အဖွဲ့ကြီးက အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံ ရင်းနှီးမြှုပ်နှံခဲ့သည်။

၂၀၁၁ ခုနှစ်က ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးမှ မကူးစက်တတ်သောရောဂါများ(NCDs) ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးနှင့်ပတ်သက်ပြီး နိုင်ငံရေးဆိုင်ရာ ကြေညာချက်တစ်ခု ထုတ်ပြန်ခဲ့သည်။ ထိုထုတ်ပြန်ချက်မှာ ၂၀၂၅ ခုနှစ်တွင် နှလုံးရောဂါများ၊ ကင်ဆာရောဂါများ၊ နာတာရှည်အသက်ရှူလမ်းကြောင်းရောဂါများနှင့် ဆီးချိုရောဂါများကြောင့် သေဆုံးမှုများကို ၂၅ ရာခိုင်နှုန်းလျှော့ချမည်ဟု ပါရှိသည်။ ၁၀ နှစ်အကြာ၂၀၂၁ ခုနှစ်ရောက်သည့်အခါ ထို ၂၅ ရာခိုင်နှုန်းမျှော်မှန်းချက်သည် ၁ ဒသမ ၅ ရာခိုင်နှုန်းသာ ပြည့်မီသည်။ ၂၀၂၁ ခုနှစ်တွင် မကူးစက်တတ်သောရောဂါများကြောင့် သေဆုံးရမှုမှာ ၁၇ ဒသမ ၃ သန်းထိရှိခဲ့ပြီး ကမ္ဘာတစ်ဝန်း အရွယ်မတိုင်မီသေဆုံးရမှုများ၊ မသန်စွမ်းဖြစ်ရမှုများ၏ အဓိကနောက်ခံအကြောင်းရင်းများဖြစ်နေသည်။

၂၀၂၅ ခုနှစ် မျှော်မှန်းချက်ကို မပြည့်မီနိုင်တော့သဖြင့် ၂၀၃၀ ပြည့်နှစ်တွင် မကူးစက်တတ်သောရောဂါများကြောင့် သေဆုံးမှုကို သုံးပုံတစ်ပုံလျှော့ချနိုင်ရေး မျှော်မှန်းချက်ထားကြပြန်သည်။ ထိုမျှော်မှန်းချက်ကိုလည်း ပြည့်မီနိုင်မည့်နိုင်ငံ ၁၄ နိုင်ငံခန့်သာရှိသည်။ မကူးစက်တတ်သောရောဂါများနှင့်ပတ်သက်လာလျှင် အရေးကြီးဆုံးက ကျန်းမာရေးစောင့်ရှောက်မှုမမျှတသည့်စိန်ခေါ်မှုဖြစ်သည်။ ဝင်ငွေမြင့်သည့်နိုင်ငံများတွင် မကူးစက်တတ်သောရောဂါများနှင့်ပတ်သက်ပြီး ထိန်းချုပ်နိုင်မှုအများဆုံးဖြစ်ကာ မကူးစက်တတ်သောရောဂါများကြောင့် အချိန်မတိုင်မီသေဆုံးမှုများ၏ ၈၆ ရာခိုင်နှုန်းမှာ ဝင်ငွေနိမ့်နှင့် အလယ်အလတ်နိုင်ငံများတွင် ဖြစ်ပွားနေကြရသည်။

မကူးစက်တတ်သော ရောဂါအများစုမှာ ကာကွယ်၍ရနိုင်သည့်ရောဂါများဖြစ်သည်။ ခရစ်နှစ် ၂၀၂၀ ပြည့်နှစ်အတွင်း ဖြစ်ပွားခဲ့သည့်အဖြစ်အများဆုံးကင်ဆာအမျိုးအစား ၃၆ မျိုးအနက် ၆၈ ရာခိုင်နှုန်းမှာ ကာကွယ်၍ရသည့် ကင်ဆာအမျိုးအစားများဖြစ်ကြသည်။ ဥပမာ-အဆုတ်ကင်ဆာရောဂါ၊ နှလုံးရောဂါ၊ လေဖြတ်ရောဂါနှင့် ဆီးချိုရောဂါများ စသည့် မကူးစက်တတ်သောရောဂါများ၏ ၈၀ ရာခိုင်နှုန်းမှာလည်း ကာကွယ်၍ရနိုင်သည်။

မကူးစက်တတ်သောရောဂါများ၏ အစပျိုးရာ သွေးတိုးရောဂါ၊ အဝလွန်ရောဂါနှင့် သွေးတွင်းအချိုဓာတ်များနေခြင်းပြဿနာများသည် ထိန်းကျောင်းကာကွယ်၍ရနိုင်သည့် ရောဂါများဖြစ်ကြောင်း သတိချပ်ကြရန် လိုအပ်သည်။

NCD Countdown 2030 အမည်ရသည့် ၂၀၃၀ ပြည့်နှစ်ကိုမျှော်မှန်းပြီး မကူးစက်တတ်သောရောဂါများထိန်းချုပ်ရေးစီမံချက်တစ်ခုကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကမကထပြုပြီး တည်ထောင်ထားသည်။ ထိုစီမံချက် အရ ၂၀၃၀ ပြည့်နှစ်ရောက်သည့်အခါ မကူးစက်တတ်သောရောဂါများကြောင့် သေဆုံးမှုကို သုံးပုံတစ်ပုံထိ လျှော့ချနိုင်ရန်မျှော်မှန်းသည်။ စီမံချက်အတွက် အမေရိကန်ဒေါ်လာ ၁၈ ဘီလီယံကို နှစ်စဉ်ထည့်ဝင်မြှုပ်နှံထားကြမည်ဖြစ်သည်။ ထိုစီမံချက်အရ လူပေါင်း ၃၉ သန်းကို ကယ်တင်နိုင်မည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ ထရီလီယံ အကျိုးအမြတ်ရရှိမည်ဟုဆိုသည်။ ဆေးလိပ်နှင့် ဆေးရွက်ကြီး၊ အရက်နှင့် အချိုကဲအစားအသောက်များမှ အခွန်ကောက်ခံမှုကို ၅၀ ရာခိုင်နှုန်း တိုးမြှင့်မည့်အပြင် ထိုသို့ကောက်ခံခြင်းဖြင့် ၎င်းအစားအသောက်များမှီဝဲမှု လျော့ကျသွားပြီး ရရှိအခွန်ငွေများကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပိုမိုအသုံးပြုနိုင်မည်ဖြစ်သည်။

၂၀၁၉ ခုနှစ်တွင် မကူးစက်တတ်သောရောဂါများ(NCDs) ကြောင့် သေဆုံးရမှုများ၏ ၄၁ ရာခိုင်နှုန်း (လူဦးရေ ၁၉ သန်းခန့်)မှာ ဆေးလိပ်နှင့် ဆေးရွက်ကြီး၊ အရက်၊ တာရှည်ခံပြုပြင်ထားသော အစားအသောက်များနှင့် ရုပ်ကြွင်းလောင်စာများအသုံးပြုခြင်းတို့ကြောင့်ဖြစ်ရသည်ဟုဆိုသည်။ ကမ္ဘာ့အကြီးမားဆုံးသော စီးပွားရေးလုပ်ငန်းစုကြီးများမှာ မကူးစက်တတ်သောရောဂါများ ဖြစ်စေနိုင်သည့် အကြောင်းရင်းများကိုရောင်းချရာမှ အကျိုးအမြတ်များပြားစွာရရှိလျက်ရှိပြီး သိပ္ပံနည်းကျသုတေသနအထောက်အထားနှင့် တွေ့ရှိသည့်အချက်များကိုပင်လျှင် ကြေညာအားဖြင့် ဖုံးကွယ်ထားနိုင်သည်ကို တွေ့ကြရသည်။

မည်သို့ပင်ဖြစ်စေ ကမ္ဘာ့လူသားများကို အဓိကသေကျေပျက်စီးစေသည့် ကူးစက်တတ်သောရောဂါများနှင့် မကူးစက်တတ်သောရောဂါများ ထိန်းချုပ်ရေးအတွက် နိုင်ငံအလိုက်၊ ဒေသအလိုက်၊ ကမ္ဘာ့တိုက်ကြီးများအလိုက် ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **Can we turn the tide on NCDs in 2025? Infectious diseases in 2025 from Lancet January 2025.**

**ဒေါက်တာလွှမ်းမိုးဟန်**

## တိမ်ပန်းချီ ရုပ်ရှင်ဇာတ်ကားအဖွဲ့သားများက လှိုင်သာယာမြို့နယ်ရှိ အောင်မြေဇေယျာမဏိဇောတာရာမကျောင်းတိုက်သို့ အလှူငွေကျပ်သိန်း ၁၁၀၀ လှူဒါန်း



**ရန်ကုန် ဇန်နဝါရီ ၂၁**

တိမ်ပန်းချီ ရုပ်ရှင်ဇာတ်ကား အားပေးကြည့်ရှုခဲ့ကြသည့် ပရိသတ်များကိုယ်စား တိမ်ပန်းချီ ရုပ်ရှင်ဇာတ်ကား ထုတ်လုပ်သူ၊ ဒါရိုက်တာနှင့် သရုပ်ဆောင်များက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ အောင်မြေဇေယျာမဏိဇောတာရာမ ကျောင်းတိုက်သို့ အလှူငွေကျပ် သိန်း ၁၁၀၀ ကို ဇန်နဝါရီ ၂၀ ရက်က သွားရောက် လှူဒါန်းခဲ့ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်ထားသူ သရုပ်ဆောင် အေးချမ်းမောင်ထံမှ သိရသည်။

တိမ်ပန်းချီ ရုပ်ရှင်ဇာတ်ကား ကို ရိုက်ကူးထုတ်လုပ်သည့် Brave Empire Entertainment & Production က အဆိုပါ ရုပ်ရှင်ဇာတ်ကားကို အားပေးကြည့်ရှုခဲ့ကြသည့် ပရိသတ်များကိုယ်စား လှိုင်သာယာမြို့နယ်ရှိ အောင်မြေဇေယျာမဏိဇောတာရာမ ကျောင်းတိုက် (သစ်တံခါး)တွင် လျှပ်စစ်မီးအလှူငွေအဖြစ် ငွေကျပ်သိန်း ၁၁၀၀ ကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"တိမ်ပန်းချီ ရုပ်ရှင်ဇာတ်ကား ကို ကြည့်ရှုအားပေးခဲ့တဲ့ ပရိသတ်တွေကို Brave Empire Entertainment & Production မိသားစုတွေဖြစ်တဲ့ ထုတ်လုပ်သူ၊ ဒါရိုက်တာနဲ့ သရုပ်ဆောင်တွေကကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ ပဲခူးမြို့မှာတည်ဆောက်မဲ့ သစ်တံခါးကျောင်းတိုက် အသစ် ဆောက်လုပ်ရာမှာ လိုအပ်မဲ့ လျှပ်စစ်မီးအတွက် အလှူငွေကျပ်သိန်း ၁၁၀၀ တိတိကိုလှူဒါန်းတာဖြစ်ပါတယ်"ဟု သရုပ်ဆောင် အေးချမ်းမောင်က ပြောပြသည်။

အဆိုပါ တိမ်ပန်းချီရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာ ဟမ်စိုင်း (ဆေး-မန်း) ၏ ထင်ရှားသည့် ဝတ္ထုဇာတ်လမ်းကို အေးသီရိကိုက ဇာတ်ညွှန်းရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ ပွင့်သီဂီဇော် (အာရဏ်ဦး)က Brave Empire Entertainment & Production အတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားသည့် ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

တိမ်ပန်းချီ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် အေးချမ်းမောင်၊ နေမျိုးအောင်၊ စည်ဖြိုး၊ ညီနန္ဒ၊ ဝတ်မှုံရွှေရည်၊ မယ်လိုဒီ၊ ထူးမွန်၊ နှင်းယုနှင့် ရုပ်ရှင်အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားပြီး အဆိုပါ ရုပ်ရှင်ဇာတ်ကားသည် ၂၀၂၄ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုအတွက် ဒုတိယအကြိမ် အကဲဖြတ်ရမည့် မြန်မာရုပ်ရှင်ဇာတ်ကား ၁၈ ကား အမည်စာရင်းတွင်လည်းပါဝင်ထားကြောင်း သိရသည်။

ASH

## တောင်ကိုရီးယားအက်ရှင်မင်းသား ဂျန်းယွတ် အက်ရှင်ကားတစ်ကားကို ဒါရိုက်တာအဖြစ် ရိုက်ကူးမည်

**ဆိုးလ် ဇန်နဝါရီ ၂၁**

တောင်ကိုရီးယား အက်ရှင်မင်းသား ဂျန်းယွတ်သည် Stop Stop Dark Cold အမည်ရှိအက်ရှင်ဇာတ်ကားသစ်ကို ကိုယ်တိုင် ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၀ ရက်သတင်းများအရ သိရသည်။

မင်းသား ဂျန်းယွတ်သည် Stop Stop Dark Cold ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုလည်း ကိုယ်တိုင်ရေးသားမည်ဖြစ်သည်။

လက်ရှိအချိန်တွင် Stop Stop Dark Cold ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ရေးသားနေဆဲဖြစ်ပြီး ပါဝင်မည့်သရုပ်ဆောင်များကို မသိရသေးပေ။

သို့ရာတွင် အဆိုပါဇာတ်ကားကို ယခုနှစ် နှစ်လယ်ပိုင်းတွင် စတင်ရိုက်ကူးထုတ်လုပ်ရန် ထုတ်လုပ်သူများက စီစဉ်ထားသည်။

မင်းသား ဂျန်းယွတ်သည် Volcano High ၊ The Swordsman ၊ The Killer နှင့် Iris 2 ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Stop Stop Dark Cold ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးပေ။

Ref : Sputnik News
Trs : KKO



## တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်၊ ဖြိုးမြတ်အောင်နှင့် မိစန္ဒီတို့၏ တေးဂီတဖျော်ဖြေပွဲ မင်္ဂလာတောင်ညွန့်မြို့နယ် Judson Entertainment Bar တွင် ကျင်းပမည်




**ရန်ကုန် ဇန်နဝါရီ ၂၁**

တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်၊ ဖြိုးမြတ်အောင်နှင့် မိစန္ဒီတို့၏ Exclusive Night With Sai Sai Kham Leng တေးဂီတဖျော်ဖြေပွဲ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar ၌ လာမည့် ဇန်နဝါရီ ၂၄ ရက်ညတွင် ဖျော်ဖြေတင်ဆက်သွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ Exclusive Night With Sai Sai Kham Leng တေးဂီတ ဖျော်ဖြေပွဲတွင် တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်၊ ဖြိုးမြတ်အောင်၊ မိစန္ဒီတို့နှင့်အတူ ထင်ရှားသည့် DJ စတားများ ပါဝင်ကြမည်ဖြစ်သည်။

"ဇန်နဝါရီ ၂၄ ရက် ညမှာ Judson Entertainment Bar မှာ ပရိသတ်တွေက ချစ်စနိုးခေါ်ကြတဲ့ ကိုစိုင်းစိုင်းနဲ့အတူ ရှိနေပါမယ်။ ကိုစိုင်းစိုင်းနဲ့အတူ မိစန္ဒီ၊ DJ စတားတွေလဲ အားဖြည့်ကြမဲ့ ညမို့ ကိုစိုင်းစိုင်းနဲ့ မိစန္ဒီရဲ့ ပရိသတ်တွေရော၊ ကျွန်တော့် ပရိသတ်တွေရော လာရောက်ခဲ့ကြဖို့ ဖိတ်ခေါ်လိုက်ပါတယ်"ဟု တေးသံရှင် ဖြိုးမြတ်အောင်က ပြောပြသည်။

အဆိုပါ Exclusive Night With Sai Sai Kham Leng တေးဂီတ ဖျော်ဖြေပွဲကို Judson Entertainment Bar တွင် ဇန်နဝါရီ ၂၄ ရက် ည ၆ နာရီတွင် စတင်မည်ဖြစ်ကြောင်း တေးသံရှင် ဖြိုးမြတ်အောင်က ဆက်လက်ပြောပြ၍ သိရသည်။

ASH

## ဒစ္စနီး၏ Moana-2 ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေ ဒေါ်လာတစ်ဘီလီယံ ကျော်လွန်

**နယူးယောက် ဇန်နဝါရီ ၂၁**

ဒစ္စနီးရုပ်ရှင်ကုမ္ပဏီ၏ Moana-2 ဇာတ်ကား ကမ္ဘာတစ်ဝန်း ဝင်ငွေမှာ ဇန်နဝါရီ ၁၉ ရက်တွင် အမေရိကန်ဒေါ်လာ တစ်ဘီလီယံကို ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

Moana-2 ကွန်ပျူတာအင်နီမေးရှင်း ရုပ်ရှင်ဇာတ်ကားသည် ၂၀၂၄ ခုနှစ်အတွင်း စတင်ရုံတင်ခဲ့သော ရုပ်ရှင်ဇာတ်ကားများ အနက် ဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ကျော်လွန်ခဲ့သော ပထမဆုံးဇာတ်ကားဖြစ်သည်။

တစ်ကမ္ဘာလုံးအတိုင်းအတာအရ ဝင်ငွေစုစုပေါင်း တစ်ဘီလီယံ ကျော်ရှိသည့် ရုပ်ရှင်ဇာတ်ကား ၅၆ ကားထဲတွင် Moana-2 လည်း ပါဝင်လာခဲ့ပြီဖြစ်သည်။

၎င်းဇာတ်ကားသည် ဇန်နဝါရီ ၁၉ ရက်ထိ ပြည်တွင်းဝင်ငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၄၂ ဒသမ ၈ သန်းနှင့် နိုင်ငံတကာဝင်ငွေ အမေရိကန်ဒေါ်လာ ၅၆၇ ဒသမ ၁ သန်းထိ ရရှိထားကြောင်း သိရသည်။

Moana-2 ကို ဒါရိုက်တာ ဒေးဗစ်ဂျီဒါးရစ်က တာဝန်ယူရိုက်ကူးပေးထားပြီး မင်းသား ဒွှေင်းဂျွန်ဆင်နှင့်မင်းသမီး အော်လီအီကရာဗယ်ဟိုတို့က အသံဖြင့်သရုပ်ဆောင်ပေးထားသည်။

ဒစ္စနီးကုမ္ပဏီသည် Moana-2 ဇာတ်ကားကို ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၄ ရက်တွင် စတင်ရုံတင်ပြသခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO




## ရုပ်ရှင်အနုပညာရှင် သရုပ်ဆောင်၊ ဒါရိုက်တာ ရွှေခြံသန်းမြင့် ကွယ်လွန်

**ရန်ကုန် ဇန်နဝါရီ ၂၁**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ သက်ကြီးကန်တော့ခံ ရုပ်ရှင်အနုပညာရှင် သရုပ်ဆောင်၊ ဒါရိုက်တာ ရွှေခြံသန်းမြင့်သည် လူကြီးရောဂါဖြင့် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ နေအိမ်တွင် ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက ကွယ်လွန်သွားပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ သိရသည်။

ကွယ်လွန်ချိန်တွင် အသက် ၈၃ နှစ်ရှိပြီဖြစ်သော ဒါရိုက်တာ ရွှေခြံသန်းမြင့် ခေါ် ဦးချစ်သန်းမြင့်သည် လုံးချင်းဝတ္ထုနှင့် ဇာတ်ညွှန်းပေါင်းများစွာကို ရေးသားခဲ့ပြီး ၁၉၈၅ ခုနှစ် မြန်မာရုပ်ရှင် စိန်ရတုသဘင် ကျင်းပခဲ့စဉ်က မြန်မာ့ရုပ်ရှင်သမိုင်းပြုစုရေး ကော်မတီဥက္ကဋ္ဌအဖြစ်လည်း တာဝန်ယူဆောင်ရွက်ခဲ့သူဖြစ်သည်။

"သရုပ်ဆောင်၊ ဒါရိုက်တာ ရွှေခြံသန်းမြင့်က ဇဖ ပါးရောဂါနဲ့ ဇန်နဝါရီ ၂၀ ရက် မနက်ပိုင်းက ကွယ်လွန်သွားတာပါ။ အသက်ကလဲ ၈၃ နှစ်ရှိနေပြီလေ။ ဝါရင့်စာရေးဆရာ၊ ဒါရိုက်တာ၊ သရုပ်ဆောင် သက်ကြီးအနုပညာရှင်တစ်ယောက် လျော့ပါးသွားတဲ့အတွက် စိတ်မကောင်းပါဘူး။ မြန်မာရုပ်ရှင်အတွက်ဆိုရင် မြန်မာရုပ်ရှင်သမိုင်းစဉ်(ငွေရတု)၊ မြန်မာရုပ်ရှင်သမိုင်းစဉ်(ရွှေရတု) တို့ကိုရေးသားပြုစုခဲ့သူတစ်ယောက်ဖြစ်ပါတယ်"ဟုမြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြသည်။

သရုပ်ဆောင်၊ ဒါရိုက်တာ ရွှေခြံသန်းမြင့်သည် အနုပညာဝါသနာကြောင့် အသက် ၄၂ နှစ်အရွယ်ရောက်မှ အနုပညာလောကအတွင်းသို့ ဝင်ရောက်လာသူတစ်ဦးဖြစ်ပြီး အသံလွှင့်ဇာတ်လမ်းများ၊ အသံသွင်းတိပ်ခွေ ဇာတ်လမ်း ၁၇၀၀ ဝန်းကျင်တွင် အသံမင်းသားအဖြစ် သရုပ်ဆောင်ခဲ့သူဖြစ်ကာ ဗီဒီယိုဇာတ်ကား ၇၀၀ ခန့်တွင် သရုပ်ဆောင်ခဲ့သူဖြစ်ကြောင်းသိရသည်။

ASH

# Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win receives delegation led by General Direk Bong-karn of Office of Commander-in-Chief of Royal Thai Army



Vice-Senior General Soe Win receives the delegation led by General Direk Bongkarn, Chairman of the Advisory Board of Office of Commander-in-Chief of Royal Thai Army and Head of Army Operations Center of Neighboring Countries Coordination Center (NCCC).

**Nay Pyi Taw January 21**

Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win received a delegation led by General Direk Bongkarn, Chairman of the Advisory Board of Office of Commander-in-Chief of Royal Thai Army and Head of Army Operations Center of Neighboring Countries Coordination Center (NCCC), at the parlour of Bayintnaung Yeiktha here this afternoon.

At the meeting, views on the improving diplomatic relations and friendship between the two countries and armed forces, enhancing relations and cooperation between the military leaders and senior military officers of both countries, successful holding of level-wise annual meetings between the two militaries, the need to forge government-to-government and military-to-military cooperation in eradicating human trafficking and online scamming at the border, Myanmar's legal action against illegal trawler and its fishermen of Thailand who fished illegally in Myanmar waters and the desired process, exchange of information for stability of border areas, exchange of friendly visits between the senior military officers of both armed forces and promotion of cooperation were cordially exchanged.

After the meeting, Vice-Senior General Soe Win and General Direk Bongkarn exchanged commemorative gifts and posed for group photos.

Also present together with the Vice-Senior General were Chief of General Staff (Army, Navy and Air) Lt-Gen Kyaw Swa Lin and senior military officers from Office of Commander-in-Chief. The Thai General was accompanied by senior military officers from Royal Thai Armed Forces and Thai Military Attache (Army) Senior Colonel Thanwit Yomchinda.

100

## White House says Trump to withdraw U.S. from Paris climate accord

**Washington January 21**

The White House said Monday that Donald Trump, who was inaugurated as the 47th U.S. president, will pull the United States out of the Paris climate accord.

"President Trump will withdraw from the Paris Climate Accord," the White House said in a statement.

The move, expected in an executive order Trump will sign later in the day, is part of the president's effort to "MAKE AMERICA AFFORDABLE AND ENERGY DOMINANT AGAIN," read the statement.

Long considering clean energy expensive and wasteful, Trump during his inauguration speech vowed to redouble the effort to extract and utilize fossil fuels. "I will also declare a national energy emergency. We will drill, baby, drill," he said.

"We have something that no other manufacturing nation will ever have -- the largest amount of oil and gas of any country on Earth," Trump claimed. "And we are going to use it."

An international endeavor to tackle human-caused global warming and related crisis, the Paris Agreement was adopted in December 2015, and the United States led by then President Barack Obama formally entered the Paris Agreement in September 2016. Xinhua

## UN official, Libyan parliament speaker discuss path to national elections, reconciliation

**Tripoli January 21**

Stephanie Koury, UN deputy special representative for Libya, on Monday met with Speaker of the Eastern-based House of Representatives Aguila Saleh, where they emphasized the importance of a comprehensive process leading to holding elections in the country.

"We emphasized the importance of a comprehensive process paving the way to national elections and establishing unified, strong, and legitimate institutions, including one government able to govern across the country and serve all Libyans," Koury posted on social media platform X.

The two officials also reviewed the human rights situation, highlighting the critical need for the rule of law and accountability.

Koury expressed appreciation to Speaker Saleh for his commitment to collaborating with the United Nations Support Mission in Libya on a "consensual, rights-based, and victim-centered national reconciliation law."

Libya failed to hold general elections in December 2021 as previously scheduled, due to disagreements among the Libyan parties over election laws.

The North African nation is politically divided currently between Eastern and Western governments. Xinhua

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Sunflower planted on all earmarked croplands in Taze Township


A thriving sunflower plantation.

**Taze January 21**

Local farmers have placed all earmarked croplands under sunflower in Taze Township of Sagaing Region, according to YeU District Agriculture Department.

Local authorities earmarked 3,187 acres of winter sunflower in Taze Township in 2024-25 cold season. But farmers planted all 3,187 acres of crops starting from October 2024.

U Zaw Myint Tun, Head of YeU District Agriculture Department said: "Farmers could grow all earmarked acreage of sunflower in Taze Township. Cultivation of sunflower aims to reduce import of palm oil abroad. Hence, local farmers expand sown acreage of sunflower yearly. Yield of oil from sunflower is larger than sesame and groundnut."

Officials from Township Agriculture Department raised farmer awareness to grow sunflower without any difficulties and enhance capacity of local farmers and agricultural staff in Taze Township.

This year, officials of the township manage supply of quality strains of seed and urea fertilizers for farmers and arrange exchange of quality seeds of sunflower among farmers.

206

# Wetlet Township plants more than 14,000 acres of peanut as cold season crops

**Wetlet January 21**

Local farmers have planted 14,682 acres of winter peanut in Wetlet Township of Sagaing Region, according to the statistics of Wetlet Township Agriculture Department.

In 2024-25 cold season, local authorities earmarked 15,407 acres of peanut but farmers have so far planted 14,682 acres of peanut against the target cultivation.

Daw Kyin San, Head of Wetlet Township Agriculture Department explained: "This year, local administrative officials earmarked cultivation of 15,407 acres of peanut in Wetlet Township but farmers grew 14,682 acres of crops so far. They are trying hard to meet the target cultivation. Oil crops are thriving in the region. Sown acreage of peanut is on the rise yearly."

Farmers need to use 1.5 baskets of peanut seeds per acre in Wetlet Township. They have to spend more than K200,000 per acre in growing peanut due to quality seeds, labour charge, fertilizers and pesticides. But peanut yields more than 50 baskets per acre.

This year, officials of the Township Agriculture Department make field trips to the peanut plantations for thriving of crops, prevention of pests, weeding and other farming tasks.

206


A peanut plantation.

# Over 121,856 acres of paddy harvested in Kangyidauk Township, Ayeyawady Region

**Kangyidauk January 21**

In Kangyidauk Township, Pathein District, Ayeyawady Region, a total of 121,856 acres of paddy cultivated during the monsoon season have been harvested, according to Daw Aye Aye Mu, the head of the Pathein District Agriculture Department.

This year, 143,971 acres of paddy were cultivated during the monsoon season in Kangyidauk Township. Harvesting began in the first week of October 2024, and as of now, 121,856 acres have been successfully harvested. The yield per acre reached an average of 99.75 baskets.

"Across the entire township, over 143,000 acres of monsoon paddy were cultivated. To ensure smooth cultivation, the Agriculture Department provided technical support, including demonstrations of proper farming techniques, soil preparation, golden apple snail control, and correct fertilizer usage. This year, we focused on cultivating high-quality and marketable rice varieties. Early planting allowed us to harvest on time, avoiding weather-related risks," said Daw Aye Aye Mu, head of the Pathein District Agriculture Department.

The successful cultivation of paddy in Kangyidauk Township during the 2024 monsoon season was achieved through the collaborative efforts of the Agriculture Department, local administration, Irrigation and Water Utilization Management Department, and Mechanized Agriculture Department, among other related agencies.

It is reported that increasing the yield and quality of paddy production will not only ensure sufficient domestic consumption but also boost exports. Balanced market demand and stable prices will improve socio-economic conditions, making it essential to strive for higher productivity and better-quality rice production. Kyaw Kyaw Lin

# Strong demand for dried Spanish mackerel fish in Pyapon Township, Ayeyawady Region

**Pyapon January 21**

In Pyapon Township, Ayeyawady Region, there is a strong demand for Spanish mackerel fish, and sales are thriving, according to Daw Zar Zar Myint, a local dried fish trader.

In Pyapon Township, dried fish products, including dried Spanish mackerel fish, are systematically produced and sold. Since the first week of January 2025, the demand for dried Spanish mackerel fish has been robust, with daily sales ranging between 100 and 250 viss.

"Dried Spanish mackerel fish sales have been excellent since the beginning of this month. The price of dried Spanish mackerel fish has also slightly increased. The high demand is driven by buyers from Yangon, who are purchasing not only dried Spanish mackerel fish but also other varieties of dried fish. Among these, dried ribbon fish is the best-selling product," said Daw Zar Zar Myint, a dried fish trader in Pyapon Township.

Local traders in Pyapon Township process and sell aquatic products, including fish paste and dried fish. Dried Spanish mackerel fish, a local specialty, is exported to markets in Yangon. Currently, the price of dried ribbon fish is around 305,000 kyats per 10 viss.

Kyaw Kyaw Lin

# More than 70,000 viss shrimps sold to Yangon market in December

**Bogale January 21**

Local fishery merchants and fishermen from Bogale Township of Ayeyawady Region sold 73,000 viss of shrimps to Yangon market in December 2025, said Daw Tin Tin May, the owner of fishery product wholesale centre in Bogale township.

They could supply 50,000 viss of shrimps to Yangon market in November 2024 but 73,000 viss in December. They purchase shrimps from fishermen and processed them with systematic packaging to be sent to Yangon market.

Daw Tin Tin May commented: "Local merchants dispatch shrimps in various sizes to Yangon market. Consequently, those in operating the chains of fishery product trading have job opportunities. Merchants use trucks to transport fishery products from Bogale Township to Yangon market."

In Yangon market, shrimps from Bogale Township grasp firm market share. In this regard, Bawcheik shrimp fetches K18,500 to K20,500 per viss, small shrimp K17,500 to K18,500 per viss, large shrimp K18,500 to K20,500 and lobsters K35,500 to K45,000 per viss.

Kyaw Kyaw Lin


Shrimps in trays put for sale at a market.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်က ဂျပန်သို့ ဝေဟင်မှမြေပြင်ပစ် တာဝေးတိုက်ခိုက်ရေးဒုံးကျည်များရောင်းချရန် သဘောတူ



အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနသည် အကွာအဝေးစွမ်းရည်တိုးမြှင့်ထားသော ဝေဟင်မှမြေပြင်ပစ် တာဝေးတိုက်ခိုက်ရေးဒုံးကျည်များ Joint Air-to-Surface Standoff Missiles Extended Range (JASSM-ER)ကို ဂျပန်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၃၉ သန်းဖြင့် ရောင်းချရန် သဘောတူလိုက်ပြီဖြစ်ကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဂျပန်သည် AGM-158B/B-2 JASSM-ER ဒုံးကျည် ၁၆ စင်း၊ AGM-158 JASSM လေ့ကျင့်ရေး ဒုံးကျည်များနှင့် ကွန်တိန်နာများ၊ JASSM anti-jam GPS လှိုင်းဖမ်းစက်များ၊ လေ့ကျင့်သင်တန်းပေးရေး၊ ဆက်စပ်ပစ္စည်းများ၊ ထောက်ပံ့ပို့ဆောင်ရေးနှင့်ပရိုဂရမ်ပံ့ပိုးမှုတို့နှင့်အတူ ဝယ်ယူရေးဆောင်ရွက်ရန် တောင်းဆိုထားခြင်းလည်းဖြစ်သည်။

အမေရိကန်နိုင်ငံ Lockheed Martin ကုမ္ပဏီက ထုတ်လုပ်ထားသည့် အဆိုပါ ဒုံးကျည်များကို F-15J နှင့် F-35A/B အပါအဝင် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေး လေတပ် (JASDF)၊ တိုက်ခိုက်ရေး လေယာဉ်အုပ်များတွင် အဆင့်မြင့်တာဝေးပစ် တိုက်ခိုက်မှုစနစ်များမှတစ်ဆင့် တာဝေးစွမ်းဆောင်ရည်များ ပိုင်ဆိုင်နိုင်စေရန် တပ်ဆင်ပေးသွားမည်ဖြစ်သည်။

ဤရောင်းချမှုသည် အင်ဒို-ပစိဖိတ်ဒေသတွင်း နိုင်ငံရေးတည်ငြိမ်မှုနှင့် စီးပွားရေးတိုးတက်မှုအတွက် တွန်းအားဖြစ်စေသော အဓိကမဟာမိတ်တစ်ဦး၏ လုံခြုံရေးကို မြှင့်တင်ပေးခြင်းဖြင့် အမေရိကန်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒပန်းတိုင်များနှင့် အမျိုးသားလုံခြုံရေး ရည်မှန်းချက်များကို ပံ့ပိုးပေးလိမ့်မည်ဟု ကာကွယ်ရေး၊ လုံခြုံရေး ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

၂၀၂၃ ခုနှစ် ဩဂုတ်လက ဂျပန်နိုင်ငံသည် JASDF ၏ အဆင့်မြှင့်တင်ထားသော F-15 တိုက်လေယာဉ်များပေါ်တွင် တပ်ဆင်ရန်အတွက် အမေရိကန်ဒေါ်လာ ၁၀၄ သန်းတန်ဖိုးရှိ JASSM-ER ဒုံးကျည် အစင်း ၅၀ ကို ဝယ်ယူခဲ့သည်။ မြောက်ကိုရီးယား၏ ဒုံးကျည်ခြိမ်းခြောက်မှုနှင့် တရုတ်နိုင်ငံ၏ စစ်အင်အားတိုးချဲ့မှုတို့ကြောင့် ဖြစ်ပေါ်လာသော ခြိမ်းခြောက်မှုများကြားတွင် ဂျပန်နှင့် အမေရိကန် နှစ်နိုင်ငံ၏ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုနှင့် စစ်ရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ကောင်းမွန်လာစေခဲ့သည်။

JASSM-ER ဒုံးကျည်များသည် အကွာအဝေး ကီလိုမီတာ ၉၀၀ ထိ တိုက်ခိုက်နိုင်စွမ်းရှိသဖြင့် ဂျပန်နိုင်ငံကို ရန်သူ့ခံစစ်၊ ကာကွယ်ရေးစနစ်များ၏ ထိရောက်အကွာအဝေး အပြင်ဘက်မှ တိုက်ခိုက်နိုင်စွမ်းကို ပိုင်ဆိုင်ထားနိုင်စေလိမ့်မည်ဖြစ်သည်။ အဆင့်မြင့် GPS Anti-Jamming နှင့် အနီအောက်ရောင်ခြည် ပုံရိပ်ဖော်စနစ်များ တပ်ဆင်ထားသည့်အတွက် ပစ်မှတ်ကိုမလွတ်တမ်းတိကျစွာ တိုက်ခိုက်နိုင်စွမ်းရှိသည်။ ဂျပန်လေတပ်ရှိ အထူးသဖြင့် အဆင့်မြှင့်တင်ထားသော F-15J နှင့် F-35A/B တိုက်လေယာဉ်များတွင် တင်ဆောင်တိုက်ပွဲဝင်နိုင်မည်ဖြစ်ကာ လုံခြုံရေးစိန်ခေါ်မှုများကိုတုံ့ပြန်ရန် ပူးပေါင်းတိုက်ခိုက်မှုများ လုပ်ဆောင်နိုင်စေမည်ဖြစ်သည်။

အဆိုပါဒုံးကျည်ဝယ်ယူမှုသည် ၎င်း၏ စစ်ရေးစွမ်းရည်ကို မြှင့်တင်ရန်နှင့် အမေရိကန်နှင့် မဟာဗျူဟာမြောက် မဟာမိတ်ဆက်ဆံရေးကိုမြှင့်တင်ရန် ဂျပန်၏ ကတိကဝတ်ကို အလေးပေးဖော်ပြနေခြင်းဖြစ်ကြောင်း သိရသည်။

**Japan Orders More Air-to-Surface Missiles From US for Fighter Jets ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်း၏ ဒရုန်းစက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတွင် အမေရိကန် လျှို့ဝှက်စွာပါဝင်ဆောင်ရွက်နေ

ယူကရိန်းအထူးစစ်ဆင်ရေး၌ ၂၀၂၃ ခုနှစ်တွင် ယူကရိန်းတို့၏ တန်ပြန်ထိုးစစ် ဆိုးရွားစွာရှုံးနိမ့်ခဲ့ပြီးနောက် ယူကရိန်း၏ ဒရုန်းစက်မှုလုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်အောင် ကူညီပေးရာတွင် အမေရိကန်နိုင်ငံသည် လျှို့ဝှက်စွာပါဝင်ဆောင်ရွက်ခဲ့သည်ဟု သမ္မတဂျိုးဘိုင်ဒင်၏ အုပ်ချုပ်ရေးပိုင်းမှ လျှို့ဝှက်ပေါက်ကြားလာသော အချက်အလက်များကို ကိုးကား၍ RT သတင်းဌာနက ဇန်နဝါရီ ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယူကရိန်း၏ ဒရုန်းတီထွင်ထုတ်လုပ်ရေးအစီအစဉ်များအတွက် ငွေကြေးနှင့် နည်းပညာအကူအညီများကို အမေရိကန်ကပေးအပ်ခဲ့ကြောင်း သတင်းရင်းမြစ်များက New York Times သို့ ပြောကြားခဲ့ကြသည်။ အမေရိကန်နိုင်ငံသည် ဒုံးကျည်များ၊ လေကြောင်းရန်ကာကွယ်ရေးစနစ်များ၊ တင့်ကားများနှင့် လေ့ကျင့်ရေးသင်တန်းများအတွက် အမေရိကန်ဒေါ်လာ ဘီလီယံပေါင်းများစွာ ပေးပို့ခဲ့ကြောင်း လူသိရှင်ကြားဝန်ခံခဲ့သော်လည်း မဖော်ပြထားသော အခြားနေရာများတွင် အုပ်ချုပ်ထောက်ပံ့ရေးဆိုင်ရာ ပေးအပ်နေမှုများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များမှာ ကျန်ရှိနေဆဲဖြစ်သည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ပေးအပ်ခဲ့သော အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံခန့်ကို ဒရုန်းထုတ်လုပ်သူများ၊ ထောက်လှမ်းရေးသတင်း မျှဝေခြင်း၊ အမေရိကန် နည်းပညာကုမ္ပဏီများနှင့် ယူကရိန်း၏ ဒရုန်းထုတ်လုပ်သူများကြား ပူးပေါင်း ဆောင်ရွက်ခြင်းတို့အတွက် တိုက်ရိုက်ဘဏ္ဍာရေးအကူအညီများ ခွဲဝေပေးခဲ့ကြောင်း သိရသည်။

မောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများသည် ယူကရိန်းနိုင်ငံ ကာကွယ်ရေးမဟာဗျူဟာ၏ဗဟိုချက်မဖြစ်လာသောကြောင့် အမေရိကန်၏ ပါဝင်ပတ်သက်မှုသည် စစ်မြေပြင်တွင် စစ်မှန်သော မဟာဗျူဟာမြောက် သက်ရောက်မှုရှိကြောင်း အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေး Jake Sullivan က ပြောကြားခဲ့သည်။

ရုရှားတပ်ရင်းတပ်ဖွဲ့များ၏ မိုင်းများ၊ အမြောက်များနှင့် ဒရုန်းများအသုံးပြု၍ အောင်မြင်စွာခံစစ်ဆင်နိုင်မှုများကြောင့် နောက်ဆုံးတွင် ကျရှုံးခဲ့ရသည့် ၂၀၂၂ ခုနှစ် ဆောင်းရာသီကာလ ယူကရိန်း၏ ပထမဆုံး တန်ပြန်ထိုးစစ်ပြီးဆုံးသည်မှစ၍ ရန်ပုံငွေပံ့ပိုးမှုစတင်ခဲ့ကြောင်း သိရသည်။ အဆိုပါတန်ပြန်ထိုးစစ် ဆုံးရှုံးမှုများသည် ယူကရိန်းဒရုန်း ထုတ်လုပ်သူများထံ လျင်မြန်စွာ အထောက်အပံ့များတိုးမြှင့်ပေးအပ်နိုင်ရန် တွန်းအားဖြစ်စေခဲ့ကြောင်း အမေရိကန် တာဝန်ရှိသူများက ပြောကြားခဲ့ကြသည်။

အဆိုပါ ကိစ္စနှင့် နီးစပ်သူများက ဒရုန်းထုတ်လုပ်ရေးပရိုဂရမ်များရေးဆွဲရာတွင် ကူညီရန် ယူကရိန်းသို့ အမေရိကန်နိုင်ငံမှ ထောက်လှမ်းရေးအရာရှိများ စေလွှတ်



ခြင်းလည်းပါဝင်ကြောင်း New York Times သတင်းဌာနသို့ ပြောကြားခဲ့သည်။ သို့သော်လည်း အမေရိကန်နိုင်ငံမှ ထောက်လှမ်းရေးအထောက်အပံ့ပေးအပ်မှုသည် အဓိကကျသော ကာကွယ်ရေးစနစ်များတွင် သတင်းအချက်အလက် မျှဝေခြင်းထက် ကျော်လွန်နေကြောင်း ယခုသီတင်းပတ်အစောပိုင်းတွင် CIA ညွှန်ကြားရေးမှူး William J. Burns က သွယ်ဝိုက်ဝန်ခံခဲ့သည်။

၂၀၂၂ ခုနှစ် ယူကရိန်းပဋိပက္ခပြင်းထန်လာချိန်မှစ၍ ယူကရိန်းကို ငွေကြေးနှင့် စစ်ရေးအကူအညီ အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ခန့် ပေးအပ်ခဲ့ကြောင်း၊ အခြားကျောထောက်နောက်ခံ နိုင်ငံများကလည်း အမေရိကန်ဒေါ်လာ ဘီလီယံ ၁၅၀ ခန့် အကူအညီပေးအပ်ရေးတွင် သုံးစွဲခဲ့ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က ထုတ်ဖော်ပြောကြားခဲ့သည်။ အဆိုပါ လုပ်ရပ်များသည် ယူကရိန်းပဋိပက္ခတွင် တိုက်ရိုက်ပါဝင်ပတ်သက်နေစေသည်ဟု ပြောဆိုကာ အနောက်အုပ်စု၏ စစ်ရေးအကူအညီများအပေါ် ရုရှားနိုင်ငံဘက်က အကြိမ်ကြိမ်ရှုတ်ချကန့်ကွက်ခဲ့ကြောင်း သိရသည်။

**US secretly invested in Ukraine's drone industry – NYTကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကျောက်မြောင်းမြို့နယ်ခွဲတွင် မိုးစပါးများ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၇၂ ဒသမ ၈၁ တင်း ထွက်ရှိ



**ကျောက်မြောင်း ဇန်နဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မိုးစပါးများ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၄၀၅၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောမိုးစပါးစိုက်ခင်းများကို ၂၀၂၄ခုနှစ် နိုဝင်ဘာလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့ထိဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၂ ဒသမ ၈၁ တင်း ထွက်ရှိကြောင်း သိရသည်။

"မိုးသီးနှံ စိုက်ပျိုးရာသီ ကျောက်မြောင်း မြို့နယ်ခွဲမှာ မိုးစပါး ၄၀၅၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ မိုးစပါးစိုက်ခင်းတွေ အခုလက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် စပါးစိုက်တောင်သူများ တစ်ဧကပန်းတိုင် အထွက်နှုန်း ရရှိအောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမကပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုဈေးကွက်လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွား ဘဝများလည်း တိုးတက်လာမည် ဖြစ်သဖြင့် စပါးများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းရမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# သာစည်မြို့နယ် ဆည်ကြီးမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**သာစည် ဇန်နဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ဆည်ကြီးမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ဆည်ကြီးမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၇ ဒသမ ၇ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ဆည်ကြီးမြောက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၈၀ကို ရန်ပုံငွေကျပ် ၂၁ ဒသမ၉၅သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၄၀ကို ရန်ပုံငွေကျပ် ၂၅ဒသမ၇၅သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ၁၂၀ကို မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၇ ဒသမ ၇သန်း ထုတ်ချေးပေးခဲ့ကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ဝမ်းတွင်းမြို့နယ် အင်းယင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝမ်းတွင်း ဇန်နဝါရီ ၂၁**

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်းယင်းကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်း မပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်း ဆောင်ရွက်ရခြင်းကြောင့်ရရှိလာမည့်အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၈ဒသမ ၈၅သန်းလွှဲပြောင်း ပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက အဆိုပါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ၄ဦးကို ငွေကျပ် ၁ ဒသမ ၃သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၉၉ ဦးကို ငွေကျပ် ၃၅ ဒသမ ၈ သန်းနှင့် အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ၄ဦးကို ငွေကျပ် ၁ ဒသမ ၇၅သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၇ဦးကို ငွေကျပ် ၃၈ ဒသမ ၈၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**




# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၁-၁-၂၀၂၅

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၈၅၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၄၇၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၉၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၉၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၂၅၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၅၀၀ |
| ကြံ့နစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၇၀၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)




KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက စစ်ရေးပစ်မှတ်မဟုတ်သည့် လွိုင်ကော်တက္ကသိုလ်အတွင်း စီးနင်းဝင်ရောက်မှုအား အွန်လိုင်းအထောက်အထား ဓာတ်ပုံများမှတစ်ဆင့် တွေ့မြင်ရစဉ်။



KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက လွိုင်ကော်တက္ကသိုလ်မှ ဆရာ၊ဆရာမအချို့အား ရက်စက်စွာသတ်ဖြတ်ထားရှိမှုအား အွန်လိုင်းအထောက်အထား ဓာတ်ပုံများမှတစ်ဆင့် တွေ့မြင်ရစဉ်။








KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက စစ်ရေးပစ်မှတ်မဟုတ်သည့် လွိုင်ကော်တက္ကသိုလ်အတွင်း စီးနင်းဝင်ရောက်မှုအား အွန်လိုင်းအထောက်အထား ဓာတ်ပုံများမှတစ်ဆင့် တွေ့မြင်ရစဉ်။





KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် လွိုင်ကော်မြို့ ယဉ်ကျေးမှုပြတိုက်ပျက်စီးခဲ့မှုကို တွေ့ရစဉ်။



KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက လွိုင်ကော်တက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားမှုအား အွန်လိုင်းအထောက်အထားဓာတ်ပုံများမှတစ်ဆင့် တွေ့မြင်ရစဉ်။

☆ ကျောဖုံးမှအဆက်

ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများကို လူသားတံတိုင်းအနေဖြင့် အကာအကွယ်ပြုတိုက်ခိုက်ခြင်း၊ နိုင်ငံအတွက်အရေးကြီးသည့် ပညာရေးဆိုင်ရာ အဆောက်အအုံများကို အကာအကွယ်ရယူ ပစ်ခတ်တိုက်ခိုက်ခြင်းစသည့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ အကျိုးမရှိစေဘဲ တိုင်းပြည်၏အနာဂတ်ကို ပျက်စီးစေလိုသည့် အသိဉာဏ်ကင်းမဲ့သည့် လူမဆန်သော လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြသည်။

ယခုအခါ ကယားပြည်နယ် လွိုင်ကော်ဒေသသည် နိုင်ငံတော်အစိုးရနှင့်တပ်မတော်တို့၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ပုံမှန်အခြေအနေအတိုင်း ပြန်လည်တည်ငြိမ်အေးချမ်းလာပြီဖြစ်သည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများ အဆက်မပြတ်ပြန်လည်ဝင်ရောက် နေထိုင်လျက်ရှိပြီး လိုအပ်သည့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသခံများ၏ ပညာသင်ယူမှုအခွင့်အလမ်းများ မဆုံးရှုံးစေရေးအတွက် လွိုင်ကော်တက္ကသိုလ် အမြန်ဆုံးပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေး အထူးကိစ္စတစ်ရပ်အနေဖြင့်ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားထားသည်။

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များကို အရှိန်အဟုန်ဖြင့် အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်ကို အကြမ်းဖက်သောင်းကျန်းသူများဖျက်ဆီးမှုကြောင့် အဆောက်အအုံများ ပျက်စီးခဲ့မှုအခြေအနေနှင့် ပြန်လည်တက္ကသိုလ်များကိုကာကွယ်ရန် အကြမ်းဖက်မှု သို့မဟုတ် တိုက်ခိုက်မှုများကို စိုးရိမ်ကြောင့်ကြစရာမလိုဘဲ ပညာသင်ကြားခွင့်ရရှိရန်၊ ဆရာ၊ ဆရာမ၊ ပါမောက္ခနှင့်ကျောင်းအုပ်ချုပ်သူတိုင်းသည် ဘေးကင်းရေး၊ လုံခြုံရေးနှင့် ဂုဏ်သိက္ခာဆိုင်ရာအခြေအနေ ပြုပြင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများတက်ရောက်ကြပြီး ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် ကယားပြည်နယ်လူမှုရေးရာဝန်ကြီးတို့က Video Conferencing ဖြင့်တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးက ပညာရေးကို ကမ္ဘာ့လူမှုအသိုင်းအဝိုင်းက မည်မျှအလေးထားသည်ကိုကြည့်မည်ဆိုပါက စာသင်ကျောင်းများကို စစ်ရေးဆိုင်ရာအဖြစ် အသုံးပြုခြင်းများ၊ စာသင်ကျောင်းများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းများကို တားမြစ်ထားသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ်၊၂၆၀၁(၂၀၂၁)ကို လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံက တညီတညွတ်တည်း ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြကြောင်း၊ အဆိုပါဆုံးဖြတ်ချက်ထဲတွင် ပါဝင်သည့် အဓိကအချက်များအနေဖြင့် ကလေးများ၊ ကျောင်းများနှင့် ဆရာများကို မတိုက်ခိုက်ရန်၊ လက်နက်ကိုင်ပဋိပက္ခအတွင်းတွင် ပညာသင်ကြားခွင့်ကို အကာအကွယ်ပေးရန်၊ ကျောင်းများသည် ပညာရေးအတွက် လုံခြုံစိတ်ချရသည့်နေရာဖြစ်ရန်၊ ကျောင်းများသည် အရပ်ဘက်စရိုက်လက္ခဏာရှိသည်ဖြစ်၍ လေးစားကာကွယ်ရန်၊ လက်နက်ကိုင်ပဋိပက္ခဖြစ်နေပါကလည်း ပညာသင်ကြားခွင့်ကို လွယ်ကူချောမွေ့စွာဆက်လက်ရရှိရန် ဆိုသည့်အချက်များပင်ဖြစ်ကြောင်း။

ကမ္ဘာ့နိုင်ငံအများစုက ထောက်ခံအတည်ပြုထားသည့် လုံခြုံစိတ်ချသည့်ကျောင်းများဆိုင်ရာကြေညာချက်(The Safe Schools Declaration)တွင်လည်း လက်နက်ကိုင်ပဋိပက္ခ၏ အဆိုးရွားဆုံးသက်ရောက်မှုများကနေ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းများနှင့်

များတွင် သင်ကြားသုတေသနပြုနိုင်ရန်၊ တက္ကသိုလ်တိုင်းသည် ကျောင်းသားများနှင့် ပညာရှင်များအတွက် လုံခြုံသည့်နေရာဖြစ်ရန် စသည့်အချက်များပါဝင်သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ အနှံ့အပြားတွင်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအဆင့်မြင့်ပညာရပ်များကို အဆင်ပြေပြေသင်ယူလေ့လာနိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုစီတွင် အနည်းဆုံးတက္ကသိုလ်တစ်ခုဖွင့်လှစ်ထားရှိကြောင်း၊ ကယားပြည်နယ်တွင်လည်း လွိုင်ကော်တက္ကသိုလ်၊နည်းပညာတက္ကသိုလ်၊ကွန်ပျူတာတက္ကသိုလ်၊ပညာရေးဒီဂရီကောလိပ်နှင့်အစိုးရစက်မှုလက်မှုသိပ္ပံတို့ကို ပြည်နယ်မြို့တော်ဖြစ်သည့်လွိုင်ကော်မြို့တွင်ဖွင့်လှစ်ထားရှိခဲ့ကြောင်း၊လွိုင်ကော်မြို့၏ ပညာကျက်သရေဆောင်လွိုင်ကော်တက္ကသိုလ်တွင် ဝိဇ္ဇာသိပ္ပံဘာသာရပ်ဆိုင်ရာ ရိုးရိုးဘွဲ့သင်တန်းများအပြင် မဟာဘွဲ့သင်တန်းများအထိဖွင့်လှစ်ပို့ချခဲ့ပြီး ပြည်နယ်၊ ပြည်မမှ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ လာရောက်သင်ကြားပို့ချ တာဝန်ထမ်းဆောင်ခဲ့ကြကြောင်းကို တွေ့ရှိရကြောင်း၊ နေ့သင်တန်းနှင့် အဝေးသင်သင်တန်း ကျောင်းသား၊ကျောင်းသူများစွာ အဆင့်မြင့်ပညာဆည်းပူးခဲ့ကြသည့် တက္ကသိုလ်တစ်ခုလည်းဖြစ်ကြောင်း။

၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တွင် KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့တို့သည် စစ်ရေးပစ်မှတ်မဟုတ်သည့် ကယားပြည်နယ်လွိုင်ကော်တက္ကသိုလ်ကို မိုက်မိုက်မဲမဲမဆင်မခြင် လက်နက်ကြီး၊ လက်နက်ငယ်များနှင့် ရည်ရွယ်ချက်ရှိရှိ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး တက္ကသိုလ်လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် လုံခြုံရေးအဖွဲ့များကိုလည်း သာလွန်အင်အားများဖြင့် အလစ်အငိုက် ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ကြကြောင်း၊ ထိုသို့စီးနင်းတိုက်ခိုက်ခဲ့ပြီးနောက် တက္ကသိုလ်၏ ပညာရေးဆိုင်ရာအဆောက်အအုံများကို အဆင်အခြင်ကင်းမဲ့စွာဖျက်ဆီးခဲ့ကြကြောင်း၊ အဆိုပါတက္ကသိုလ်ကြီးတွင် တာဝန်ထမ်းဆောင်နေသည့် ပါမောက္ခချုပ်အပါအဝင် ဆရာ၊ဆရာမများနှင့် ပညာရေးဝန်ထမ်း ၁၃၂ ဦးနှင့်အတူ မိုခိုသူ မိသားစုဝင် ၆၄ ဦး စုစုပေါင်း ၁၉၆ ဦးနှင့် ကျောင်းသားများကို အသုတ်လိုက် အတင်းအဓမ္မဖမ်းဆီးချုပ်နှောင်ခေါ်ဆောင်သွားခြင်းခံခဲ့ရကြောင်း၊ ထိုသို့တိုက်ပွဲဖြစ်ပွားချိန်တွင် ဆရာ၊ ဆရာမများအနေဖြင့် နီးစပ်ရာစာသင်ခန်းများ၊ နေအိမ်များတွင် ကြောက်လန့်တကြားပုန်းအောင်းနေထိုင်ခဲ့ကြရကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ ထိခိုက်ဒဏ်ရာမရရှိစေရေး၊ ဘေးကင်းလုံခြုံစေရေးကို အဓိကထားဆောင်ရွက်ခဲ့သည့်အပြင် ကယားပြည်နယ်၏ အဆင့်မြင့်ပညာသင်ကြားရာ လွိုင်ကော်တက္ကသိုလ်၏ ပင်မဆောင်၊ ဘွဲ့နှင်းသဘင်ခန်းမ၊စာသင်ဆောင်များကို တန်ဖိုးထားပြီး ထိန်းထိန်းသိမ်းသိမ်း တုံ့ပြန်ခဲ့ကြကြောင်း၊ သို့သော် KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့တို့သည် စစ်ရေးပစ်မှတ်မဟုတ်သည့် နိုင်ငံအတွက်တန်ဖိုးထားအပ်သော အရပ်ဘက်ပညာရေးဆိုင်ရာ အဆောက်အအုံများကို ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းများ၊ ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများကို အသက်အန္တရာယ်ဖုန်မှကင်းလွတ်ရာနေရာသို့ ထွက်ခွာခွင့်ပြုရမည့်အစား အတင်းအဓမ္မဖမ်းဆီးချုပ်နှောင်ပြီး လူသားတံတိုင်းအဖြစ်အသုံးချခဲ့ခြင်းများသည် စစ်ရာဇဝတ်မှုကျူးလွန်ခြင်းပင်ဖြစ်ကြောင်း။

လက်နက်ဟူ၍ အပ်တိုတစ်ချောင်းမျှမရှိသည့်မြေဖြူသာရှိသော အပြစ်မဲ့ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများ၊ နိုင်ငံ့အနာဂတ်အတွက် အားကိုးအားထားပြုရမည့် ကျောင်းသား၊ ကျောင်းသူများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းသည် နိုင်ငံတော်၏ အနာဂတ်ကို ရိုက်ချိုးဖျက်ဆီးသည့် စဉ်းစားဉာဏ်ကင်းမဲ့သော လူမဆန်သည့် လက်နက်အားကိုး အကြမ်းဖက်လုပ်ရပ်ပင်ဖြစ်ကြောင်း၊ ၂၀၂၃ခုနှစ် နိုဝင်ဘာ ၁၃ ရက်တွင် ဖြေဆိုရမည့်အဝေးသင်တက္ကသိုလ် တတိယအသုတ်စာမေးပွဲကိုလည်း ကျင်းပနိုင်ခြင်းမရှိတော့ဘဲ လွိုင်ကော်တက္ကသိုလ်ကြီးကိုပိတ်ခဲ့ရသည်မှာ ယနေ့ထိပင်ဖြစ်ပြီး အဆိုပါဖြစ်ရပ်ကိုသိရှိကြသည့် ကမ္ဘာ့ပညာတတ်အသိုင်းအဝိုင်းအနေဖြင့် ရင်ထုမနာစိတ်မကောင်းဖြစ်နေကြမည်မှာ အသေအချာပင်ဖြစ်ကြောင်း။

အခုအခါ လွိုင်ကော်မြို့၏အခြေအနေမှာ တည်ငြိမ်မှု ရှိနေပြီဖြစ်သည့်အတွက် ၂၀၂၄-၂၀၂၅ပညာသင်နှစ်ကစပြီး လွိုင်ကော်နည်းပညာတက္ကသိုလ်၊ **စာမျက်နှာ ၁၈ သို့**



KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက လွိုင်ကော်တက္ကသိုလ်ပေါ်မှ အကာအကွယ်ရယူ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်ခတ်တိုက်ခိုက်ခဲ့သည့် နေရာအား တွေ့မြင်ရစဉ်။


KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ ဖျက်ဆီးမှုကြောင့် လွိုင်ကော်တက္ကသိုလ်ပျက်စီးမှုအခြေအနေကို တွေ့ရစဉ်။



KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် လွိုင်ကော်မြို့ရှိ ဒေသခံပြည်သူများ၏ နေအိမ်များပျက်စီးနေမှုကို တွေ့ရစဉ်။


KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် လွိုင်ကော်မြို့ နှစ်ထပ်ဈေးပျက်စီးနေမှုကို တွေ့ရစဉ်။


KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ ဖျက်ဆီးမှုကြောင့် လွိုင်ကော်တက္ကသိုလ်ပျက်စီးမှုအခြေအနေကို တွေ့ရစဉ်။



KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များဖျက်ဆီးမှုကြောင့် လွိုင်ကော်တက္ကသိုလ်ပျက်စီးမှုအခြေအနေကို တွေ့ရစဉ်။



ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် လွိုင်ကော်လေယာဉ်ကွင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။




လွိုင်ကော်လေယာဉ်ကွင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို တွေ့ရစဉ်။





လွိုင်ကော်တက္ကသိုလ်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို တွေ့ရစဉ်။



လွိုင်ကော်မြို့ ယဉ်ကျေးမှုပြတိုက်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို တွေ့ရစဉ်။



လွိုင်ကော်မြို့ ပြည်နယ်အစိုးရညီ့ရိပ်သာတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို တွေ့ရစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

ကွန်ပျူတာတက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံတို့ကို ပြန်လည်ဖွင့်လှစ်ပေးပြီး ဒေသခံကျောင်းသား၊ကျောင်းသူများ စဉ်ဆက်မပြတ်ပညာသင်ယူမှုအခွင့်အရေး မဆုံးရှုံးအောင် ဆောင်ရွက်ပေးခဲ့ကြောင်း။

ဝိဇ္ဇာသိပ္ပံဘာသာရပ်များကို သင်ယူဆည်းပူးနိုင်သည့် နေ့သင်တန်းနှင့် အဝေးသင်တက္ကသိုလ်သင်တန်းများ တက်ရောက်ရန် အခက်အခဲကြုံတွေ့နေသည့် ကျောင်းသား၊ ကျောင်းသူ ထောင်ပေါင်းများစွာအတွက် "လွိုင်ကော်တက္ကသိုလ်အမြန်ဆုံး ပြန်လည်ပြင်ဆင်ဖွင့်လှစ်နိုင်ရေး"ကို ယနေ့အစည်းအဝေးက ညှိနှိုင်းဆွေးနွေးပေးကြရမည်ဖြစ်ကြောင်း၊ပညာရေးဝန်ကြီးဌာနက လွိုင်ကော်တက္ကသိုလ်ပျက်စီးမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြန်လည်ပြုပြင်နိုင်မည့် အခြေအနေနှင့် ခန့်မှန်းကုန်ကျစရိတ် တွက်ချက်တင်ပြရန်ဖြစ်ကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက လွိုင်ကော်တက္ကသိုလ်ကို အထူးကိစ္စတစ်ရပ်အနေဖြင့် ပြန်လည်ပြုပြင်နိုင်ရန် ရန်ပုံငွေထုတ်ယူသုံးစွဲနိုင်မှု အခြေအနေကို ရှင်းလင်းဆွေးနွေးပေးရန် ဖြစ်ကြောင်း၊ နယ်မြေလုံခြုံရေးနှင့် အုပ်ချုပ်မှုကိစ္စများကို ကယားပြည်နယ်ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြပြီး ပံ့ပိုးပေးရန်မှာကြားလိုကြောင်း။

နိုင်ငံတော်၏ အနာဂတ်ကိုပညာနှင့်သာတည်ဆောက်ရမည်ဖြစ်သည့်အတွက် အသိပညာ၊ အတတ်ပညာပြည့်စုံသော ပညာတတ်များမွေးထုတ်နိုင်ရန်၊ကျောင်းသား၊ကျောင်းသူများတက္ကသိုလ်ပညာရပ်များကို စဉ်ဆက်မပြတ်ဆည်းပူးလေ့လာနိုင်ရန် လွိုင်ကော်တက္ကသိုလ်ကို မဖြစ်မနေ ပြန်လည်ပြင်ဆင်ပြီး အမြန်ဆုံးပြန်လည်ဖွင့်လှစ်သွားကြရမည်မှာ နိုင်ငံတော်၏တာဝန်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏အနာဂတ်တွင် အားထားရမည့် ကျောင်းသား လူငယ်များအတွက် လွိုင်ကော်တက္ကသိုလ် ပြန်လည်ပြုပြင်ပြီး အမြန်ဆုံး ဖွင့်လှစ်နိုင်ရေးကို စိတ်စေတနာ အပြည့်နှင့် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးမှုကြောင့် လွိုင်ကော်တက္ကသိုလ်၏ သုံးထပ်ပင်မဆောင်၊ နှစ်ထပ်ဘွဲ့နှင်းသဘင်ခန်းမ၊ နှစ်ထပ်စာသင်ဆောင်များ၊ ရေသန့်စနစ်နှင့် လျှပ်စစ်ကဏ္ဍဆိုင်ရာ ဆက်စပ်ပစ္စည်းများ၊ နှစ်ထပ်ဆရာ၊ ဆရာမများဆောင်၊ အရာရှိအိမ်ရာ၊ လေးခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာများ၊ လေးခန်းတွဲ လေးထပ်၊ ရှစ်ခန်းတွဲနှစ်ထပ် ဝန်ထမ်းအိမ်ရာများ၊ ပါမောက္ခချုပ်နေအိမ်၊ ဒုတိယပါမောက္ခချုပ်နေအိမ်များ၊ နှစ်ထပ်ကျောင်းသား၊ ကျောင်းသူဆောင်များ၊ အားကစားရုံနှင့် အားကစားခန်းမ၊ နှစ်ထပ်စာကြည့်တိုက်များ၊ နှစ်ထပ် ကျောင်းသား၊ ကျောင်းသူ နားနေဆောင်ပျက်စီးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လွိုင်ကော်တက္ကသိုလ် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထူးကိစ္စရပ်အနေဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေမှ ဥပဒေနှင့်အညီ ထုတ်ယူသုံးစွဲနိုင်မည့် အခြေအနေများကိုလည်းကောင်း၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးမှုကြောင့် လွိုင်ကော်တက္ကသိုလ် ပျက်စီးမှုနှင့် ပြုပြင်ဆောင်ရွက်ရမည့် အခြေအနေ၊ လက်ရှိနယ်မြေဒေသလုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ တက္ကသိုလ်ပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ရာတွင် ပြုပြင်ရေးလုပ်ငန်းများနှင့်အတူ စီမံအုပ်ချုပ်ရေး၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများတွင် နည်းပညာပိုင်းဆိုင်ရာ၊ အရည်အသွေး၊ စံချိန်စံညွှန်းပိုင်းဆိုင်ရာ ပြည့်မီစေရေး ပံ့ပိုးဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့တက်ရောက်လာကြသူများက လွိုင်ကော်တက္ကသိုလ် အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဦးစားပေးလုပ်ဆောင်ရမည့် လုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ဈေးနှုန်းသက်သာစွာရရှိရေးနှင့် သယ်ယူပို့ဆောင်ရေး ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အကြမ်းဖက်မှုများ၊ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားမှုများကြောင့် ဘေးသင့်ခဲ့ရမှုများသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ သဘာဝဘေးအန္တရာယ်ဆိုသည့် သတ်မှတ်ချက်အတွင်းအကျုံးဝင်ပါကြောင်း၊ လွိုင်ကော်တက္ကသိုလ်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများကို အထူးကိစ္စရပ်အနေဖြင့်ဆောင်ရွက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လမ်းညွှန်မှာကြားထားပါကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ ရန်ပုံငွေကို သုံးစွဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်သည့်အခါတွင်လည်း လုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် တက္ကသိုလ်၏ လိုအပ်ချက်များကိုက်ညီရန် အတွက် ပညာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်ကယားပြည်နယ်အစိုးရအဖွဲ့တို့အနေဖြင့် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ စနစ်တကျ အမြန်ဆုံး စတင်ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြစေလိုကြောင်း၊ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် ကဏ္ဍရပ်တစ်ခုအနေဖြင့် အရေးပါသည့် လွိုင်ကော်တက္ကသိုလ် ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများကို အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေး အလေးထားဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး အကြံပေးဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် Army Operations Center၊ Neighboring Countries Coordination Center (NCCC) ဌာနတာဝန်ခံ General Direk Bongkarn တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြစဉ်။

ရှေ့ဖုံးမှအဆက်

အွန်လိုင်းငွေကြေး လိမ်လည်မှုများ ပပျောက်ရေးအတွက် နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်အကြား ပူးပေါင်းဆောင်ရွက်သင့်သည့်ကိစ္စရပ်များ၊ ထိုင်းနိုင်ငံက မြန်မာရေပိုင်နက်အတွင်း တရားမဝင်ငါးဖမ်းလှေနှင့် လှေလုပ်သားများအပေါ် မြန်မာနိုင်ငံက အရေးယူထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်လိုသည့် အစီအစဉ်များ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်တပ်မတော်အရာရှိကြီးများ ချစ်ကြည်ရေးခရီးများ လည်ပတ်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး အကြံပေးဘုတ်အဖွဲ့ဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး အကြံပေးဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့်အတူ ထိုင်းဘုရင့်တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်ကြည်းတပ်စစ်သံမှူး Senior Colonel Thanwit Yomchinda (တန်ဝစ်ယုံချင်ဒါ)တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဥပဒေအသိပညာပေးဟောပြောပွဲသို့ တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၁

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအတွက် ဥပဒေအသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဒုတိယဝန်ကြီးများ၊ ဌာနအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး နေပြည်တော်ပြင်ပဌာနများမှ ဝန်ထမ်းများက Video Conference ဖြင့် တက်ရောက်ကြသည်။



အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက "ဥပဒေကိုမသိ၍ ပြစ်မှုကျူးလွန်ခဲ့သည်" ဆိုသော အဖြစ်မျိုး မဖြစ်စေရေးအတွက် နိုင်ငံသားတိုင်း ဥပဒေနှင့်စပ်လျဉ်းသည့် အသိပညာဗဟုသုတရရှိစေရေး လိုအပ်သည်ဖြစ်ရာ အခြေခံအားဖြင့် မိမိတို့နိုင်ငံတွင် ပြဋ္ဌာန်းကျင့်သုံးလျက်ရှိသည့် ဥပဒေများအနက် သိသင့်သိထိုက်သော ဥပဒေများ၏ သတ်မှတ်ပြဋ္ဌာန်းချက်များကို မှတ်သားသိရှိနေရန်လိုအပ်ကြောင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးအဆင့်ဆင့်၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာထမ်း၊ အမှုထမ်းများအနေဖြင့်လည်း သက်ဆိုင်ရာတည်ဆဲဥပဒေများ၊ ဥပဒေပြဋ္ဌာန်းချက်များကို သိရှိလိုက်နာရန် လိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဥပဒေဘောင်အတွင်း အေးချမ်းစွာနေထိုင်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ဥပဒေအသိရှိသူများ ပေါ်ထွန်းလာစေရေးတို့အတွက် ယနေ့ဟောပြောပွဲမှရရှိခဲ့သည့် ဥပဒေဆိုင်ရာအသိပညာဗဟုသုတများကို မိမိတို့၏ နိုင်ငံနှင့် ဌာနအတွက် လက်တွေ့ကျကျ ကောင်းစွာအသုံးချသွားကြရန်နှင့် "ဥပဒေဘောင်အတွင်းနေထိုင်ခြင်း၊ ဘေးကင်းရန်ကွာပြည်သာယာ"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ကျင့်ကြံနေထိုင်သူများဖြစ်ကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရှိ ဥပဒေအရာထမ်းများက ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ နိုင်ငံတော်အစိုးရလျှို့ဝှက်ချက်အက်ဥပဒေ၊ ရာဇသတ်ကြီးဥပဒေနှင့် ဆက်သွယ်ရေးဥပဒေ၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ၊ ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များအပါအဝင် နိုင်ငံသားတိုင်း၊ နိုင်ငံ့ဝန်ထမ်းတိုင်း အခြေခံအားဖြင့် သိသင့်သိထိုက်သည့်ဥပဒေများအကြောင်း ဟောပြောဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြသည်။

အဆိုပါဟောပြောပွဲကို နိုင်ငံ့ဝန်ထမ်းများဥပဒေဆိုင်ရာ အခြေခံသဘောတရားများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်ပြီး စည်းကမ်းရှိသော နိုင်ငံသားများဖြစ်စေရန်နှင့် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အသီးသီး၌ ပေးအပ်သည့်တာဝန်များကို ဥပဒေနှင့်အညီ စနစ်တကျကျေပွန်စွာထမ်းဆောင်နိုင်သော နိုင်ငံ့ဝန်ထမ်းများဖြစ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job–PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ် နိုင်ငံကူးလက်မှတ် (Passport for Visit–PV) ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများ ရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန် ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့် မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job–PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးဗဟိုကော်မတီအစည်းအဝေး ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၂၁**

စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးဗဟိုကော်မတီ အစည်းအဝေး (၁/၂၀၂၄-၂၀၂၅)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် စီးပွားရေးရာဝန်ကြီးများ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် စာရင်းအင်းပညာဌာန ပါမောက္ခ၊ မြန်မာနိုင်ငံစာရင်းအင်းပညာအသင်းဥက္ကဋ္ဌတို့က ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ၏စီးပွားရေးတွင် လယ်ယာ၊ သားငါး၊ စက်မှု စသည့် ထုတ်လုပ်မှုကဏ္ဍများ၏စာရင်းများ တိကျမှန်ကန်မှုရှိရန်လိုအပ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိုက်ဧက၊ ရိတ်သိမ်းဧက၊ အထွက်နှုန်း၊ စားသုံးမှု၊ ပြည်ပတင်ပို့မှု၊ လက်ကျန်ပမာဏ စသည့်စာရင်းအင်းကိန်းဂဏန်းများသည် အမှန်တကယ်မြေပြင်အခြေအနေနှင့် ကိုက်ညီမှုရှိရန်လိုအပ်ကြောင်း၊ ထို့အတူ ပြည်ပကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာရေး၊ ငွေကြေးနှင့် လူမှုရေးဆိုင်ရာ စာရင်းများအားလုံး ပြည့်စုံမှန်ကန်မှသာ နိုင်ငံ၏ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(GDP)ကို မှန်ကန်စွာ တွက်ချက်နိုင်မည်ဖြစ်ပြီး နှစ်အလိုက် အမျိုးသားစီမံကိန်းများ၊ ရည်မှန်းချက်များကို ထိရောက်အောင်မြင်စွာ ရေးဆွဲချမှတ်အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (ကုန်ထုတ်လုပ်မှု) စစ်တမ်းကို နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်နှင့် ဧရာဝတီတို့တွင် ၂၀၂၄ ခုနှစ် နိုဝင်ဘာအတွင်း ကောက်ယူခဲ့ကြောင်း၊ နိုင်ငံ၏ MSMEs ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးနိုင်ရေး၊ MSMEs နှင့်ပတ်သက်သည့် မူဝါဒနှင့် လုပ်ငန်းစဉ်များချမှတ်နိုင်ရေးအတွက် စစ်တမ်းရလဒ်များသည် မှန်ကန်ပြည့်စုံမှုရှိရမည်ဖြစ်ကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လက်ရှိဖြစ်ပေါ်နေသောအခြေခံစားသောက်ကုန်ပစ္စည်းဈေးနှုန်းများ၊ ဈေးကွက်အတွင်း ကုန်စည်စီးဆင်းမှု၊ စိုက်ပျိုးထုတ်လုပ်မှု၊ အထွက်နှုန်း၊ စားသုံးမှု၊ လက်ကျန် စသည့် ကိန်းဂဏန်းအချက်အလက်များ ကောက်ယူတင်ပြရာတွင် မှန်ကန်မှုရှိရေး အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း။

သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုစာရင်းများ ကောက်ယူရာတွင် သက်ဆိုင်ရာဌာနအလိုက် အခြေခံစာရင်းများရှိမှသာ ပျက်စီးဆုံးရှုံးမှုစာရင်းနှင့် တန်ဖိုးများကို ပြုစုတွက်ချက်နိုင်မည်ဖြစ်၍ ဌာန၊ အဖွဲ့အစည်းအားလုံးက အခြေခံစာရင်းများကို ပြည့်စုံမှန်ကန်စွာပြုစုထားရန်နှင့် ပုံမှန် Update ပြုလုပ်ရန် လိုအပ်ကြောင်း၊ ကောက်ယူရာတွင်လည်း တူညီသည့် Format နှင့် စာရင်းများကောက်ယူပြီး One Mechanism, One Data, One Source ဖြစ်စေရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ချက်ချင်း၊ ကာလတို၊ ကာလလတ်နှင့် ကာလရှည်အစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်နိုင်ရန်အတွက် ပျက်စီးဆုံးရှုံးမှုစာရင်းအင်းအချက်အလက်များ ပြည့်စုံမှန်ကန်ရေးသည် အရေးကြီးကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးဗဟိုကော်မတီ အစည်းအဝေး(၁/၂၀၂၃) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ စာရင်းအင်းကဏ္ဍအလိုက် ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာသူများက စာရင်းအင်းအချက်အလက်မှန်ကန်ရေး၊ အရည်အသွေးပြည့်ဝရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သတင်းမီဒီယာများတွင် အကြမ်းဖက်အဖွဲ့အစည်းများကို အားပေးအားမြှောက်ပြုသည့် သတင်းများ၊ ပြည်သူများအထိတ်တလန့်ဖြစ်စေသည့် သတင်းများ၊ တည်ငြိမ်အေးချမ်းမှုပျက်ပြားစေမည့် သတင်းများကို ရေးသားဖော်ပြခြင်းမပြုရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်

**ရန်ကုန် ဇန်နဝါရီ ၂၁**

သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး၊ ဒုတိယဥက္ကဋ္ဌများ၊ တွဲဖက်အတွင်းရေးမှူးများ၊ ကောင်စီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့အစည်းအဝေးသည် စတုတ္ထအကြိမ် ရွေးချယ်ခံရသည့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် ပထမဆုံးအကြိမ်တွေ့ဆုံခြင်းဖြစ်ပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို အားပြည့်အင်ပြည့်ဖြင့် ထမ်းဆောင်နိုင်ပါစေဟု ဆုတောင်းပါကြောင်း၊ ကောင်စီဝင်များသည် အသက်အရွယ်နှင့် အတွေ့အကြုံအရ ရင့်ကျက်ပြီးသူများဖြစ်သဖြင့် သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ယနေ့ဖြစ်ပေါ်နေသည့် ပကတိအခြေအနေမှန်များ၊ ပြည်တွင်း၊ ပြည်ပနိုင်ငံရေးအခြေအနေများကို စဉ်းစားချင့်ချိန်ဆောင်ရွက်မှသာ အကျိုးရှိနိုင်မည်ဖြစ်ကြောင်း၊ ယနေ့ခေတ်တွင်သတင်းမီဒီယာသည် လွန်စွာအရေးကြီးသည်ကို တက်ရောက်လာကြသူများက ပိုမိုနားလည် တတ်ကျွမ်းသူများဖြစ်သဖြင့် အကျယ်တဝင့်ရှင်းလင်းပြောကြားရန် မလိုအပ်ဟု ယူဆမိပါကြောင်းနှင့် သတင်းမီဒီယာများ၏လွှမ်းမိုးမှုသည် မိမိတို့၏နေ့စဉ်ဘဝများကို လွန်စွာအကျိုးသက်ရောက်မှုရှိပါကြောင်း။

ယခုအခါ စာပေထုတ်ဝေမှုလုပ်ငန်းများတွင် ညစ်ညမ်းစာပေများကို ထုတ်ဝေဖြန့်ချိမှုများ တွေ့ရှိနေရသည့်အတွက် သက်ဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နေရပါကြောင်း၊ ယင်းစာအုပ်များသည် လူငယ်များ၏ စဉ်းစားတွေးခေါ်မှုနှင့် ခံစားနားလည်မှုများကို လွဲမှားစေနိုင်သည့် ဟီရိဩတ္တပ္ပ မရှိသော စာအုပ်စာစောင်များဖြစ်သဖြင့် ထိုကဲ့သို့ အရေးယူဆောင်ရွက်ခြင်းသည် နိုင်ငံနှင့် လူမျိုးအတွက် စာပေအဆိပ်သင့်မှုကို ကာကွယ်တားဆီးခြင်းဖြစ်သည်ဟု ပြောကြားလိုကြောင်း၊ အလားတူ တေးသီချင်းဗီဒီယို ထုတ်လွှင့်မှုများတွင်လည်း ညစ်ညမ်းမှုများပါဝင်နေသဖြင့် လိုအပ်သလို အရေးယူထိန်းကျောင်းဆောင်ရွက်နေပါကြောင်း။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေဖြင့် မိမိ၏လုပ်ငန်းတာဝန်များကို ဥပဒေနှင့်အညီ လွတ်လပ်စွာလုပ်ဆောင်နိုင်ကြပါကြောင်း၊ အထူးသဖြင့် ယနေ့ဖြစ်ပေါ်နေသော အကြမ်းဖက်သမားများ၏ လုပ်ဆောင်မှုများအပေါ် ဝိုင်းဝန်းဆန့်ကျင်ပေးရန်နှင့် ပြည်သူများ မှန်ကန်စွာရပ်တည်ဆောင်ရွက်နိုင်ရေး မီဒီယာနည်းလမ်းများဖြင့် ကူညီဆောင်ရွက်ပေးရန်လိုကြောင်း၊ မဟုတ်မမှန် သတင်းများအပေါ်အခြေခံ၍ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အပေါ် ထိခိုက်စေနိုင်သည့် ရေးသားဖော်ပြမှုများကို ရှောင်ကြဉ်ကာ ဆင်ခြင်တုံတရားဖြင့် အပြုသဘော ရေးသားဖော်ပြပေးကြရန် တိုက်တွန်းလိုပါကြောင်း။

သတင်းမီဒီယာများအနေဖြင့် အကြမ်းဖက်သမားများကို အားပေးအားမြှောက်ဆန်သည့် သတင်းများ၊ ပြည်သူများအထိတ်တလန့်ဖြစ်စေသည့် သတင်းများ၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေမည့် သတင်းများကို ရေးသားဖော်ပြခြင်း မပြုရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ကို ကျယ်ပြန့်စွာ အသိပေးထားရန် လိုအပ်ပါကြောင်း၊ ထိုကဲ့သို့ ရေးသားဖော်ပြခြင်း မပြုရန်လည်း မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအနေဖြင့် ဝိုင်းဝန်းကြပ်မတ် ပူးပေါင်းဆောင်ရွက်ပေးပါရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်ထားသည့် စည်းကမ်းမလိုက်နာဘဲ ပုံနှိပ်ထုတ်ဝေနေသည့် ပုံနှိပ်သူ၊ ထုတ်ဝေသူများကို ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက သတင်းမီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသူများက အသီးသီးဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက်ရှိ အမှတ်(၁၈-A)၌ စာဆိုဗိမာန်အဆောက်အအုံ တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရှင်းလင်းဆောင်ခန်းမ၌ Myanmar Land & Development Ltd; Project Driector ဒေါ်ယုယုနိုင်က စာဆိုဗိမာန်အဆောက်အအုံ ရာခိုင်နှုန်းအလိုက် တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စာဆိုဗိမာန်ကို ခံ့ညားထည်ဝါပြီး ခေတ်မီအဆောက်အအုံဖြစ်ရန် လိုအပ်ကြောင်းနှင့် ဆောက်လုပ်ပြီးစီးပါက အဆောက်အအုံအတွင်း ပြသမည့်ပစ္စည်းများ စနစ်တကျရှိစေရေးတို့ကို မှာကြားကာ စာဆိုဗိမာန်အဆောက်အအုံ တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းဆောင်ရွက်နိုင်ရေးအတွက် မြန်မာဘက်နှင့် CITIC ဘက်မှ နှစ်ဖက်ကြိုတင်ဖြည့်ဆည်းရမည့်အချက်များနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၂၁**

ကျောက်ဖြူအထူးစီးပွားရေးဇုန်ရေနက်ဆိပ်ကမ်းစီမံကိန်း အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာဘက်နှင့် CITIC ဘက်မှ နှစ်ဖက်ကြိုတင်ဖြည့်ဆည်းရမည့်အချက်များ(Conditions Precedent)နှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီနှင့် တရုတ်နိုင်ငံ CITIC Group ဖြစ်သည့် ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းကုမ္ပဏီလီမိတက်တို့အကြား လုပ်ငန်းလုပ်ကိုင်ခွင့်သဘောတူစာချုပ်(Concession Agreement)ကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၅ ရက်တွင် ချုပ်ဆိုခဲ့ကြောင်း၊ အဆိုပါ Concession Agreement ၏နောက်ဆက်တွဲစာချုပ် (Addendum) ကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး Long Stop Date ကို ၁၈ လကာလ သက်တမ်းတိုးပေးခဲ့ကြောင်း။

Long Stop Date သက်တမ်းတိုးမြှင့်ထားသည့်ကာလမှာ ၂၀၂၅ ခုနှစ် ဇွန် ၂၆ ရက်တွင် ပြည့်မြောက်မည်ဖြစ်ပြီး အဆိုပါသက်တမ်းမပြည့်မြောက်မီ နှစ်လအလိုဖြစ်သည့် ၂၀၂၅ ခုနှစ် ဧပြီ ၂၆ ရက်မတိုင်မီ လုပ်ငန်းများပြီးပြတ်အောင် ဆောင်ရွက်နိုင်ရန်ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိသည့်အတွက် သတ်မှတ်ရက်မရောက်မီ လုပ်ငန်းများပြီးစီးအောင် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ရေးအတွက် ယနေ့အစည်းအဝေးကိုကျင်းပရခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့အတူ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ကျောက်ဖြူအထူးစီးပွားရေးဇုန်ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော်ရေးအတွက် အစုရှယ်ယာရှင်များနှင့် သက်ဆိုင်သော သဘောတူစာချုပ် (Shareholders’ Agreement)တွင် ဖော်ပြထားသည့်အတိုင်း မြန်မာ-တရုတ် နှစ်ဖက်အနေဖြင့် စီမံကိန်းမစတင်မီကြိုတင်ဖြည့်ဆည်းဆောင်ရွက်ရမည့် စာချုပ်ပါအချက် ၁၆ ချက်အနက် မြန်မာဘက်က ဆောင်ရွက်ရမည့်အချက် ၁၀ ချက်၊ မြန်မာ-တရုတ်ပူးပေါင်းဆောင်ရွက်ရမည့်အချက်လေးချက်စသည့် လုပ်ငန်းတာဝန်များကို သတ်မှတ်ကာလအတိုင်း ပြီးမြောက်အောင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ သက်တမ်းတိုးမြှင့်ထားသည့် ကာလသည် ၂၀၂၅ ခုနှစ် ဇွန် ၂၅ ရက်မတိုင်မီ သက်ဆိုင်ရာဌာနများက ဆောင်ရွက်ရမည့်လုပ်ငန်းများကို Timeline ချမှတ်၍ ပြီးပြတ်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက နှစ်ဖက်ကြိုတင်ဖြည့်ဆည်းရမည့် အချက်များ (Conditions Precedent)နှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အသေးစိတ်ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၅၃ ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ဒုတိယနေ့ ဆက်လက်ကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၂၁**

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ၅၃ ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ဒုတိယနေ့ကို ယနေ့တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်-၅ ဗိုဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)၌ ဆက်လက်ကျင်းပရာ သုတေသနစာတမ်းရှင်များက သုတေသနစာတမ်း ၂၉ စောင်ကို ဖတ်ကြားတင်ပြကြသည်။

နံနက်ပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ အတိုင်ပင်ခံဆရာဝန်ကြီး၊ အထူးကုဆရာဝန်များနှင့် လက်ထောက်ဆရာဝန်များ၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ အတိုင်ပင်ခံဆရာဝန်ကြီး၊ နေပြည်တော် အမှတ်(၂)တပ်မတော်ဆေးရုံကြီးမှ သမားတော်၊ မကွေးပြည်သူ့ဆေးရုံကြီးမှ အတိုင်ပင်ခံဆရာဝန်ကြီး၊ ရန်ကုန်သူနာပြုသင်တန်းကျောင်းနည်းပြ၊ ဆေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် သုတေသနမှူးများ၊ တပ်မတော်ဆေးတက္ကသိုလ်မှ ဘွဲ့လွန်သင်တန်းသား၊ သင်တန်းသူများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ကျန်းမာရေးမှူးများ၊အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)မှ လက်ထောက်ကထိကတို့က သုတေသနစာတမ်းများကို ဖတ်ကြားတင်သွင်းကြပြီး တက်ရောက်လာသူများက မေးမြန်းဆွေးနွေးအကြံပြုကြသည်။

မွန်းလွဲပိုင်းတွင် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(သူနာပြု)၊ ဆေးဝါးတက္ကသိုလ်(ရန်ကုန်) ဒုတိယပါမောက္ခချုပ်၊ ဆေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် သုတေသနအရာရှိများ၊သူနာပြုနှင့်သားဖွားသင်တန်းကျောင်း (ပုသိမ်မြို့)ကျောင်းအုပ်၊ထားဝယ်ပြည်သူ့ဆေးရုံကြီးမှသူနာပြုဆရာမကြီး၊ ခုတင်-၅၀၀ အထူးကုဆေးရုံကြီး(ရန်ကုန်)မှ သူနာပြုဆရာမကြီး၊ ရန်ကုန်ကလေးဆေးရုံကြီး သူနာပြုနှီးနွှယ်ကွင်းဆင်းလေ့ကျင့်သင်တန်းကျောင်း တွဲဖက်တာဝန်နှင့်တာဝန်ခံသူနာပြုဆရာမကြီးတို့က သုတေသနစာတမ်းများကို ဖတ်ကြားတင်သွင်းခဲ့ကြပြီး တက်ရောက်လာသူများက မေးမြန်းဆွေးနွေးအကြံပြုခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် သဘာပတိများအဖြစ် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဌွေး၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ပါမောက္ခဒေါက်တာခင်ဇော်၊ သူနာပြုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာတင်တင်ကျော်၊ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာတင်ဦးတို့က ဆောင်ရွက်ခဲ့ကြသည်။

စာတမ်းဖတ်ပွဲသို့ ဘာသာရပ်ဆိုင်ရာပညာရှင်များ၊ စာတမ်းရှင်များနှင့် သုတေသီများ စုစုပေါင်း ဦးရေ ၁၅၀ ခန့် တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူများက စာတမ်းရှင်များကို မေးမြန်းဆွေးနွေးအကြံပြုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

**အိမ်ပြင်ပဥ္စထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ကျွန်းစုမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်








တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ နယ်လှည့်အထူးကုဆေးအဖွဲ့က တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ကျွန်းစုမြို့နှင့်အနီးဝန်းကျင်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၁**

တနင်္သာရီ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ၊ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် အခြေပြု၍ ကျွန်းစုမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူ ၈၀၇ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၂၇ ဦး၊ ခွဲစိတ်ရောဂါ ၆၂ ဦး၊ သားဖွားမီးယပ်ရောဂါ ၆၇ ဦး၊ ကလေးရောဂါ ၁၀၅ ဦး၊ အရိုးရောဂါ ၇၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၁ ဦး၊ မျက်စိရောဂါ ၁၅၈ ဦးနှင့် သွားနှင့် ခံတွင်းရောဂါ ၇၂ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ရှစ်ဦး၊ မျက်စိခွဲစိတ်လူနာ ၁၂ ဦး၊ ခတ်မှန်ရိုက်လူနာ ၁၃ ဦး၊အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၁ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၄၁ ဦးနှင့် ခတ်ခွဲစမ်းသပ်လူနာဦးရေ ၇၀ တို့ကိုရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာ လေးဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးကာ ဆေးကုသမှုခံယူနေသည့် သံဃာတော်များနှင့်ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားများပြောကြားသည်။

ထို့နောက် တိုင်းမှူးက ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၈ ရက်က တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)ပေါ်တွင် မွေးဖွားခဲ့သော မောင်ညီလွင်ပိုင်အား ဆေးဝါးနှင့်စားသောက်ဖွယ်ရာများပေးအပ်ကာ မျက်စိခွဲစိတ်ကုသမှုခံယူပြီးသည့် လူနာများကို မျက်မှန်များတပ်ဆင်ပေးပြီး ပစ္စည်းများပေးအပ်သည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်–

“ကျွန်မတို့ ဝန်ထမ်းလောကပဲဖြစ်ဖြစ်၊ အရပ်သားတွေပဲဖြစ်ဖြစ်၊ ဒေသခံတွေပဲဖြစ်ဖြစ် တစ်ရံတစ်ခါမှာကိုယ်ဖြစ်နေတဲ့ ရောဂါကို ဘာရောဂါမှန်းလဲ မသိဘူး။ ကိုယ်ဖြစ်နေတဲ့ရောဂါကို သိပြန်တော့လည်း ကုသရမဲ့အခက်အခဲတွေ၊ ကျန်းမာရေး၊ သွားလာရေး၊ ငွေရေးကြေးရေးအခက်အခဲတွေရှိပါတယ်။ အခုလို သံလွင်သင်္ဘောကြီး လာရောက်ပြီး ဆေးကုသမယ်လို့သိရတဲ့အချိန်မှာ ကျွန်မတို့ဘက်က ဝမ်းသာပီတိလည်းအရမ်းဖြစ်ရပါတယ်ရှင်။ ကျွန်မတို့ဆီကို အခုလို သံလွင်သင်္ဘောကြီးနဲ့ လှိုင်းဒဏ်၊ လေဒဏ်၊ မိုးဒဏ်တွေကို မကြောက်မရွံ့ဘဲလာရောက်ဆေးကုပေးတဲ့အဖွဲ့တွေနဲ့ ဆေးကုသဖို့ စီစဉ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ သက်ဆိုင်ရာ တာဝန်ရှိသူတွေအားလုံးကို ကျွန်မတို့ ဒေသခံတစ်ယောက်အနေနဲ့ သော်လည်းကောင်း၊ ဝန်ထမ်းတစ်ယောက် အနေနဲ့သော်လည်းကောင်း အထူးကျေးဇူးတင်ရှိပါတယ်ရှင်”ဟု ပြောပြသည်။

“ကျွန်တော်တို့ဒေသမှာတော့ လမ်းပန်းဆက်သွယ်မှုက အားနည်းနေတဲ့အတွက် ဒီလိုမျိုး ဆေးကုသမှုတွေလာတဲ့အတွက် ကျွန်တော်တို့ကျေးရွာတွေမှာတော်တော်လေးအဆင်ပြေပါတယ်။ ကျွန်းစုကိုလာမယ်ဆိုရင် ကျွန်တော်တို့နေရာက ဆိုင်ကယ်နဲ့ဆိုရင် နှစ်နာရီလောက်လာရပါတယ်။ လှေနဲ့သွားမယ်ဆိုရင်လည်း မြိတ်မှာ တစ်နာရီကျော်လောက်မောင်းရပါတယ်။ အခုလိုမျိုး ကျွန်တော်တို့ကိုလာရောက်ကုသပေးတဲ့အတွက်လည်း အများကြီး ငွေကြေးအားဖြင့်ရော သွားရလာရတဲ့ လမ်းခရီးရဲ့ ပင်ပန်းဆင်းရဲမှုတွေကိုရော အားလုံးကောင်းသွားပါတယ်။ ငွေကြေးလည်းအများကြီးသက်သာပါတယ်။ ပြီးရင် ဆေးကုသမှုကအပြင်မှာကုသရတာနဲ့မတူပါဘူး။ တစ်နေရာထဲမှာအများကြီးရောဂါစုံကိုကုရတဲ့အတွက်ပိုပြီးအဆင်ပြေပါတယ်။ နိုင်ငံတော်အကြီးအကဲနဲ့ အရာရှိ၊ အရာခံတွေရော လာရောက်ကုသပေးတဲ့အဖွဲ့တွေနဲ့ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးတဲ့သူတွေ အားလုံးကို ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်”ဟု ပြောပြသည်။ (၅၀၁)




## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ–၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်–

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း(သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်းသတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်**။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။




ထိုင်းဘုရင့်တပ်မတော်နေ့အထိမ်းအမှတ်အခမ်းအနား တက်ရောက်လာကြသူများ အမှတ်တရစုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

## ထိုင်းဘုရင့်တပ်မတော်နေ့အထိမ်းအမှတ် အခမ်းအနားကျင်းပပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၂၁**

ထိုင်းဘုရင့်တပ်မတော်နေ့ အထိမ်းအမှတ်အခမ်းအနားကို ဇန်နဝါရီ ၂၀ ရက် ညပိုင်းတွင် ရန်ကုန်မြို့ Novotel Hotel ၌ကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr.Mongkol Visits-tump၊ (ကြည်း၊ ရေ၊ လေ၊ရဲ) စစ်သံမှူးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များတက်ရောက်ကြသည်။ ဦးစွာ အခမ်းအနားကို နှစ်နိုင်ငံ နိုင်ငံတော် သီချင်းများဖွင့်၍ အလေးပြုကာ ဖွင့်လှစ်ကြသည်။ ထို့နောက် သံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ထိုင်းဘုရင့်တပ်မတော်ဆိုင်ရာ ဗီဒီယိုပြသမှုအား ကြည့်ရှုကြသည်။ ယင်းနောက် တိုင်းမှူးနှင့် ထိုင်းနိုင်ငံသံအမတ်ကြီးတို့က အထိမ်းအမှတ်ကိတ်မုန့် လှီးဖြတ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများနှင့်အတူ ညစာကို အတူတကွ သုံးဆောင်ကြပြီး သရုပ်ပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြကာ စစ်သံမှူး Senior Colonel Thanwit Yomchinda က ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(ဗဟ)

## သာစည်မြို့နယ်တွင် ငွေကျပ်သိန်း ၉၄၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၁**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၈ ရက် မွန်းလွဲ ၁နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ယင်းမာပင်ကျေးရွာအုပ်စု ယင်းမာပင်ကျေးရွာမှ ကျွဲတပ်ဆုံကျေးရွာသွားတောလမ်းတွင် ဇော်လှိုင် မောင်းနှင်ပြီး ဖြိုးနောင်(ခ)မောင်စောင်း လိုက်ပါလာသည့် HIJET မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာယာဉ်ပေါ်မှ ကာလတန်ဖိုးငွေကျပ်၉၄၇၉ သိန်းတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water ခုနစ်ကီလို၊ ကက်တမင်း ဂရမ် ၉၅၀၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀၀ နှင့် ဘိန်းဆီခဲ ၉ ဒသမ ၃၆ ကီလိုတို့ကိုသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ မွန်းလွဲ ၂ နာရီခွဲတွင် သိမ်းဆည်းရမိမူးယစ်ဆေးဝါးများကို သယ်ဆောင်ခိုင်းသည့် အောင်သူဟိန်း(ခ)အောင်သူနှင့် ခင်မောင်စိုး(ခ)ဖိုးသားတို့ကို သာစည်မြို့နယ် ဘုရားငါးဆူလမ်းဆုံအနီးတွင်



ဆိုင်ကယ်တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိမူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ဇော်လှိုင် ၄၈ နှစ်၊ ဖြိုးနောင် (ခ) မောင်စောင်း ၂၄ နှစ်၊ အောင်သူဟိန်း(ခ)အောင်သူ ၂၈ နှစ်နှင့် ခင်မောင်စိုး(ခ)ဖိုးသား ၂၆ နှစ်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသတင်းရရှိသည်။ **(သတင်းစဉ်)**

## ရန်ကုန်မြို့ရှိ အမျိုးသားအဆောင်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးအဖွဲ့များက ဝင်ရောက်စစ်ဆေးပြီး ငွေညှစ်ဖမ်းဆီးခြင်းများပြုလုပ်ခဲ့ကြောင်း မဟုတ်မမှန်သတင်းမှားများရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့အတွင်းရှိ အမျိုးသားအဆောင်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဧည့်စာရင်းအကြောင်းပြ၍ ဝင်ရောက်ဖမ်းဆီးခြင်းများပြုလုပ်နေပြီး ဇန်နဝါရီ ၁၆ ရက် ညပိုင်းက မြို့လယ်ရှိအဆောင်တစ်ခုကိုဝင်ရောက်စစ်ဆေး၍ငွေမပေးနိုင်သူများကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းမှားများမဟုတ်မမှန် ရေးသားထုတ်လွှင့်လျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ နယ်မြေခံလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများကို ဥပဒေမဲ့ဖမ်းဆီးခြင်း၊ ငွေကြေးကောက်ခံခြင်းများမရှိကြောင်း၊ ရန်ကုန်မြို့အတွင်းအကြမ်းဖက်သမားများ တရားမဝင်ခိုအောင်းဝင်ရောက်၍ အဖျက်အမှောင့်လုပ်ငန်းများလုပ်ဆောင်ခြင်းမရှိစေရန်အတွက် လုံခြုံရေးပူးပေါင်းအဖွဲ့များသည် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ စစ်ဆေးရှာဖွေခြင်းများသာ လုပ်ဆောင်လျက်ရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် အဆိုပါနယ်မြေအတွင်း လုံခြုံရေးပူးပေါင်းအဖွဲ့များ၏ နေ့ညမပြတ် စစ်ဆေးရှာဖွေခြင်းများကြောင့် ဝင်ထွက်သွားလာနိုင်ရန် အခက်အခဲများဖြစ်ပေါ်လျက်ရှိကြောင်း၊ထို့ကြောင့်အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ လွယ်ကူစွာဝင်ထွက်သွား




လာနိုင်ရန်နှင့် ပြည်သူလူထုက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ်အထင်အမြင်လွဲမှားစေရန်ရည်ရွယ်၍ ဖြစ်စဉ်ဖြစ်ရပ်ကိုက်ညီမှုမရှိသည့် သတင်းမှားများဖြင့် လှုံ့ဆော်ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(ဗဟ)

**ကျန်းမာရေးဝန်ကြီးဌာန**

**၅၃ ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ**

**၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက် မှ ၂၄ ရက်**

**ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့**

## တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့်ဆက်လက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၁**

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့ထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့် အဖွဲ့ ၁၈ ဖွဲ့ရှိပြီး လျှောက်ထားသည့် အဖွဲ့များအနက် နိုင်ငံရေးပါတီ ၁၅ ပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်သည်။

အဆိုပါတည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၅ ပါတီအနက် ဦးဇော်မင်းဦး ခေါင်းဆောင်သည့် **ကယားပြည်နယ်ပြည်သူ့ပါတီ(KySPP)**က ပါတီတည်ထောင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာခြင်းဖြစ်သည်။ ယင်းပါတီကိုမှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၄၁၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင်FM၏ “ပြည်သူ့ကြားကပြည်သူ့စကား” အစီအစဉ်မှ **“ပြည်သူနဲ့ နိုင်ငံခြားမှ ထောက်ပံ့လှူဒါန်းမှုတွေ မရတော့တဲ့အတွက် အကြံကုန်ဂဠုန်ဆားချက်ဖြစ်နေတဲ့ PDF ”** ခေါင်းစဉ်ဖြင့် ၂၂-၁-၂၀၂၅ ရက်(ယနေ့) မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ပြည်သူကို နည်းမျိုးစုံနဲ့ ဒုက္ခပေးလျက် အကြမ်းဖက် PDF”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီ အတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လျှပ်စစ်မီတာခ သက်သာဖို့**
**LED ပစ္စည်း သုံးကြစို့။**

ဝတ္ထုတိုကဏ္ဍ

# အဘိုးပေးတဲ့အမွေ

မင်းလပြည့် (ဟားခါး)



(၁)

ညက မဟူရာအမှောင်ထုအတွင်းသို့ နက်ရှိုင်းစွာ တိုးဝင်၍နေသည်။တိမ်မည်း အစုစုက ဟိုတစ်ကွက် သည်တစ်ကွက်၊ မှုန်ပြပြမှိန်သော ကြယ်ရောင်က အမှောင်ထုကို ထိုးဖောက်ရန်မစွမ်းသာ။ မြစ်ပြင်မှ တိုက်ခတ်လာသော လေပြည်ညင်းများကြောင့် ချမ်းမြေ့၊ မောင်တိုး၊ ဉာဏ်ထက်နှင့် မှတ်ကြီးတို့ အုတ်ပုံချောင်းရွာ လူငယ်တစ်သိုက်မှာ လေးစား ကြောက်ရွံ့ရသော အဘိုး၏ရှေ့တွင် တုတ်တုတ်မျှ မလှုပ်ရဲ ရှိနေသည်။ အဘိုးဦးရာမောင်က အသက်၇၀ ကျော်သာရှိနေသော် လည်း ကျန်းမာသန်စွမ်းနေဆဲ။ ဆုံနေကြ စနေနေ့ ညနေတိုင်း အဘိုးထံ သွားရောက်ရသည်က ပုံမှန်အလေ့အထ တစ်ခုဖြစ်သည်။

အဘိုးက အင်း၊ယတြာ၊ဗိန္ဓော အတတ်ပညာအပြင် ဗန်တိုပညာလည်း တတ်ကျွမ်းသူဖြစ်သည်။ အဘိုးငယ်စဉ် လူငယ်ဘဝက ခားပြများကိုဖမ်းဆီးနိုင်၍ အင်္ဂလိပ်အစိုးရ၏ ဆုအဖြစ် နှစ်လုံးပြူးသေနတ် ချီးမြှင့်ခံရဖူးသည်။အဘိုးက ခေသူမဟုတ်၊ လူကောင်းလူတော် တစ်ယောက်လည်းဖြစ်သည်။ အဘိုး၏ အဖေဖြစ်သူ ဦးစက်မောင်က ဆိုင်းဆရာဖြစ်၍ အဘိုးကလည်း အနုပညာသံစဉ်များ သီဆိုတီးမှုတ် ကျွမ်းကျင်သည်။အဘိုးဝါသနာအပါဆုံးက တယောထိုး ခြင်းပင်ဖြစ်သည်။ အသံကလည်းကောင်း၊တယောထိုးရာတွင်လည်း ကျွမ်းကျင်သည်။ ယခုလည်း အဘိုးက ၂ပေခန့် အရှည်ရှိ ဘိုးတံ(တယောထိုးတံ)ကိုဆနေသည်။ ကြိုးကိုညှိနေသည်။ ကြိုးညှိနေရင်း ပြောပြသည်။

''တယောထိုးတဲ့အခါ နားထောင်ကောင်းသလောက် ကြိုးညှိရတာခက်တယ်”

အဘိုးက တစ်ပတ်တစ်ခါ ပုံပြင်များ၊ ကိုယ်တွေ့အဖြစ်အပျက်များ၊လောကနီတိများအပြင် ဘာသာရေးအဆုံးအမများ ပြောတတ်သည်။တစ်ပတ်နှင့် တစ်ပတ် ပြောပြသည့် အကြောင်းအရာများလည်း မရိုး။ ယခုလည်းတယောအကြောင်းပြောတော့မည်ကို ချမ်းမြေ့တို့ မြေးတစ်သိုက် ကြိုခန့်မှန်းမိနေသည်။ အဘိုး၏ ကြေကွဲလွမ်းဆွတ်ဖွယ် သီချင်းသံက လေညင်းနှင့်အတူ စီးမျောလာသည်။

''ငွေစန်းရောင် မြူးယှက်ကူးနေxxxကြည်နူးအေးမြသီတာရေxxx အေးမြသီတာရေxxxသတ္တပတ်ကြာxxxထပ်တရာလန်းကြိုင်xxxပွင့်သောပန်းတို့မြိုင်ပါစေxxxကြိုင်စေxxxလှိုင်စေxxx "

သီချင်းဆိုပြီးနောက်ပိုင်းတွင် တယောနှင့်ဘိုးတံကို ဘေးသို့ချကာ အဘိုးကမေးသည်။

''မြေးတို့နဲ့အဘိုး တစ်ပတ်တစ်ကြိမ်ဆုံတာက ဘာရည်ရွယ်ချက်လဲ သိလား"

သည်မေးခွန်းက တွေ့တိုင်းမေးနေကြမို့ အားလုံး အဖြေကတူနေသည်။

"အဘိုးက အသိပညာတွေ၊ အတတ်ပညာတွေ သိစေချင်လို့ပါ"

အဘိုးကနှစ်ခြိုက်စွာပြုံးသည်။ ပြီးသည်နှင့်လူတစ်ဦးချင်းစီကိုကြည့်ကာပြောသည်။

"ကဲ ဒီနေ့တော့ တယောထိုးနည်းပညာလေး ပြောပြချင်တယ်။ ဂီတကို ချစ်တတ်သူမှန်သမျှဟာ ကိုယ်ချင်းစာနာတတ်တဲ့၊ လူသားဆန်တဲ့ စိတ်ရှိတယ်။ ကဲ တယောထိုးမယ်ဆိုရင် ပခုံးထောက်နဲ့ မေးထောက်ဆိုတာ ရှိရမယ်။ တကယ်လို့ မပါဘဲ ထိုးရင် ကြာကြာမထိုးနိုင်ဘူး။ အခုခေတ်မှာတော့ နိုင်ငံတကာနုတ် (သင်္ကေတ)နဲ့ထိုးကြတယ်။ အဘိုးကတော့ ရိုးရာနည်းအတိုင်း သင်ပြမယ်"

အဘိုးက ခဏနားပြီး ဆက်ပြောသည်။

"တစ်ကြိုးကို ခုနစ်သံကြိုး ညှိရတယ်။နှစ်ကြိုးကို လေးပေါက်သံ၊သုံးကြိုးကို စီသံ၊ လေးကြိုးကိုငါးပေါက်သံညှိရတယ်၊ မန္တလေးဘက်မှာ ဒီနည်းကိုသုံးတယ်၊ ရန်ကုန်ဘက်က ကြိုးညှိတာနဲ့ကွာတယ်၊လက်ကွက်ကတော့ သီချင်းပေါ်မှာမူတည်ကာ နားနဲ့ နားထောင်တီးရတယ်။ ကျွမ်းကျင်လာရင်တော့ သိလာမှာပါ"

အဘိုး၏ တယောအကြောင်းရှင်းပြမှုက စိတ်ဝင်စားဖွယ်ကောင်းလှသည်။

"တယောက နားထောင်ရတာ ဒီဘိုးတံ (တယောကြိုးတံ) ကြောင့်ပဲ၊ အရင်က ဘိုးတံကို မြင်းမြီးနဲ့ လုပ်ရတယ်။ခုတော့ မြင်းမြီးနဲ့ မလုပ်ဘဲ ပလတ်စတစ်ကြိုး ဘိုးတံကို ထင်းရှူးဆီနဲ့ ပွတ်ပေးရတယ်၊ ဒါမှအသံထွက်ကောင်းတာ အနောက်နိုင်ငံတွေက ရာသီဥတုအေးတော့ သီချင်းမြူးတွေတီးကြတယ်။ တို့အာရှမှာတော့ ရာသီဥတုပူလို့လားမသိဘူး အလွမ်းအဆွေး သီချင်းတွေ အားသန်ကြတယ်။ ကဲ ဒီညတော့ ဒီလောက်ပဲ၊ မြေးတို့ ကျောင်းစာတွေပြန်ကျက်ကြ။ အားရင် ရွာစာကြည့်တိုက်က ဗဟုသုတရမဲ့ စာတွေသွားဖတ်ကြ။ အဆိုအမိန့်လေးတွေလဲ စာအုပ်ထဲရေးကာ မှတ်ထားကြ၊ နောက်ပိုင်းမှ တယောထိုးပညာသင်ပေးမယ်။ ပြန်ကြတော့"

ချမ်းမြေ့တို့ မြေးတစ်သိုက်ပြန်သွားသော်လည်း လေညင်းတွင် အဖိုး၏သီချင်းသံက ပီပီသသ လွမ်းဆွတ်ဖွယ် ကြားနေရသည်။

''ချစ်ခင်ကြတဲ့အားလုံးမိတ်ဆွေ xxx နေ့တိုင်းပဲ သတိရတယ်လေ xxx ကျုပ်တို့မြို့မအသင်းသားများတွေ xxx တောင်ရိုးတန်းစစ်ကိုင်းဘက်မှာလေxxx ကျန်းမာကြရဲ့လားမြို့မမောင်တွေxxx ရွှေမန်းသူမေ xxx မေးလိုက်သံတွေ xxx ကျန်းမာကြပါရဲ့လား ကျွန်တော်တို့ မြို့မမောင်တွေ"

(၂)

"လင်းယုန်ငှက် တစ်ကောင်ဟာ မြေပြင်ကသားကောင်ကို ထိုးသုတ်ဖို့ တွန့်ဆုတ်နေမယ်ဆိုရင် ကောင်းကင်မှာပျံပြီး သေရုံပဲရှိမယ်။ ရှဉ့်တစ်ကောင်ဟာလဲ တစ်ဖက်သစ်ပင်ကို ခုန်မကူးရဲရင် လက်ရှိအပင်ပေါ်မှာပဲ အိုသေဖို့ပဲရှိတယ်။ ဘာပဲလုပ်လုပ် ရည်မှန်းချက်ဆန္ဒတွေ ရှိပါရဲ့၊ ဝီရိယလဲ ရှိပါရဲ့၊ ပြင်းပြတဲ့စိတ်ဓာတ်တွေလဲ ရှိပါရဲ့၊ ဒါပေမဲ့ ပညာမရှိရင် အလကားပဲ"

တစ်ပတ်တစ်ခါ အဘိုးထံ ဆုံတွေ့စဉ် အဘိုး၏ မှတ်သားဖွယ် ရှည်လျားသောစကားများကို ချမ်းမြေ့တို့ တဝကြီး နားထောင်ရသည်။ စိတ်ရှည်သည်းခံခြင်းသည်လည်း အောင်မြင်မှု၏ လှေကားထစ်များဖြစ်သည်။

''တစ်ခါက ပါရဂူကြီးတစ်ယောက်က လှေထိုးသားကိုမေးတယ်။ ကြယ်တာရာတွေအကြောင်း သိလား၊ မိုးလေဝသအကြောင်းသိလား မေးတော့ လှေထိုးသားက မသိဘူးပြောတယ်။ ပင်လယ်အကြောင်း သိလား မေးတယ်။ လှေထိုးသားက မဖြေနိုင်ဘူး။ နောက်ဆုံး မုန်တိုင်းကျချိန်မှာတော့ ပါရဂူကြီးရေမကူးတတ်လို့အကူအညီတောင်းတယ်။ ဒီတော့လှေထိုးသားက ပင်လယ်ပြင်ခရီးသွားရင် ရေကူးတတ်ဖို့လိုတယ်ဆိုတာ မှတ်ထားတဲ့"

အဘိုးက ပြောပြီးသည်နှင့် ကွမ်းတစ်ယာကို ပါးစောင်ထဲထည့်ငုံလေတော့သည်။

''မှတ်ထားကွ။ လောကမှာ စာပေတတ်နေရုံနဲ့ ပြီးသေးဘူး၊ အရေးကြုံရင် သက်လုံစပြီးကောင်းနိုင်ဖို့ တတ်သင့်တဲ့ပညာတွေ တတ်မြောက်ထားဖို့လဲလိုတယ်။ ပြောတိုင်းလဲ မှန်၊ မမှန် စဉ်းစားပြီးမှယုံဖို့ လိုတယ်ကွ"

''ဟုတ်ကဲ့ အဘိုး"

"လူဆိုတာ အသက်ရှင်နေသမျှ ကြိုးပမ်းအားထုတ်နေဖို့လိုတယ်။ ကဲ ဒီနေ့တော့ မင်းတို့ဖတ်ထားတဲ့ စာထဲက မှတ်သားစရာ စကားတစ်ခွန်းလောက် အဘိုးကိုပြောပြ၊ အရင်စဉ်းစားလိုက်အုံး၊ ပြီးခဲ့တဲ့ အပတ်က မြေးတို့ကို စာကြည့်တိုက်ထဲက စာအုပ်တွေ သွားဖတ်လို့ ပြောခဲ့တယ် မှတ်မိလား။ ကဲ သတိရတဲ့လူကစ ပြောပြကွာ"

အဘိုးဦးရာမောင်က ကျကျနနထိုင်ကာ ပြောမည့် စကားနားထောင်ရန် စောင့်စားနေသည်။ သည်အချိန်မှာ စာကြမ်းပိုး ချမ်းမြေ့က သူဖတ်ဖူးတာကို စပြီးပြောသည်။

" မိုက်ကယ်ဂျော်ဒန်ဆိုတဲ့ အားကစားသမားက ပြောဖူးတယ်။ ကျွန်တော့်ရဲ့ဘဝမှာ ထပ်ခါထပ်ခါ ကျရှုံးခဲ့တယ်။ ဒါကြောင့်မို့လို့ ကျွန်တော်အောင်မြင်နေတာပါတဲ့"

" ကဲ နောက်တစ်ယောက်ပြော"

မောင်တိုးကလည်း စဉ်းစားပြီးပြောသည်။

''လုပ်သင့်တဲ့အချိန်ဟာ စသင့်တဲ့အချိန်ပဲ၊ စသင့်တဲ့အချိန်ဟာ နောက်မကျတဲ့အချိန်ပဲ"

'' ကဲ ဉာဏ်ထက် ပြောစမ်း"

''ကျွန်တော် မှတ်ထားတာကတော့ ပညာဆိုတာ လက်ရုံးရည်၊ ပညာရည်၊နှလုံးရည်နဲ့ ပြည့်စုံတာခေါ်တယ်လို့ စာထဲမှာ မှတ်သားဖူးပါတယ်"

နောက်ဆုံးတွင်တော့ မှတ်ကြီးသာကျန်တော့သည်။ မှတ်ကြီးကလည်း သူမှတ်မိတာကို အကောင်းဆုံး ပြောပြနိုင်သည်။

''ဗြိတိသျှ နန်းရင်းဝန် ဒစ္စရေးလီ ပြောတာကြိုက်လွန်းလို့ မှတ်ထားတယ်အဘိုး"

" ကဲ လုပ်စမ်းပါအုံးကွာ။ နားထောင်ရအောင်"

"နိုင်ငံမှာရှိတဲ့ လူငယ်တွေအကြောင်းကျွန်တော့်ကို ပြောပြပါ။ ဒီနိုင်ငံရဲ့ အနာဂတ်ကို မေးခွန်းထုတ်ပြမယ်တဲ့"

အဘိုး ဦးရာမောင်က နှစ်ခြိုက်စွာ ဝမ်းသာပီတိဖြစ်နေသည်။ ပြီးမှ ကျေနပ်အားရသံဖြင့်-

''မြေးတို့ အားလုံးဟာ မြို့ကြီးတွေမှာနေထိုင်တဲ့ ကျောင်းသားတွေ၊ လူငယ်တွေ မဟုတ်ပေမဲ့ စာဖတ်တဲ့အတွက် ထူးချွန်ကြတယ်။ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ ကျောင်းစာအပြင် ပြင်ပဗဟုသုတကို သိရှိကြလို့ဘဲ။ ပညာလို အိုသည်မရှိတဲ့၊ အဘိုးလဲ နေ့လယ်ဘက်မှာ ရွာစာကြည့်တိုက် စာသွားဖတ်တာပဲ၊ မြေးတို့ဟာ အသက် ၁၄ နှစ် နဲ့ ၂၁နှစ်အတွင်းမှာ လူငယ်ပဲ။ မြေးတို့ကို အဘိုးလဲတတ်နိုင်သလောက် အမွေခံကောင်းပေးချင်လို့သိတာ၊ တတ်တာလေးတွေ ပြောပြနေတာ။ လူကြီးဖြစ်လာတဲ့တစ်နေ့မှာ ပညာတတ်တွေ၊ မျိုးချစ် စိတ်ဓာတ်ရှိတဲ့သူတွေ ဖြစ်စေချင်တယ်"

''ဟုတ်ကဲ့ အဘိုး ကျွန်တော်တို့ ကြိုးစားပါ့မယ်"

''အဘိုးအခုထိုးနေတဲ့ တယောဟာအဘိုးအဖေရဲ့ အမွေပစ္စည်းပဲ၊ အဘိုး ငယ်ငယ်လေးထဲက တယောထိုးသင်ပေးခဲ့တယ်။ ဒီအတွက် မြေးလေးယောက်ထဲက တစ်ယောက်ကို ရွေးချယ်ပေးရတော့မယ်။ ပညာတော်တာ၊ ရိုးသားတာချင်းတူပေမဲ့ တစ်ဦးနဲ့တစ်ဦး သတ္တိနဲ့ အရည်အချင်းမတူကြဘူးလေ။ ဒီတော့ အဖိုးက မြေးတို့ကို တစ်ခုတောင်းဆိုချင်တယ်။ မြေးတို့ခုခေတ်လူငယ်တွေလို ငွေပေးပြီး တက်တူးအရုပ်တွေထိုးကြတယ်။ အဘိုးကလဲ ရှေးမြန်မာ ယောကျ်ားတွေလို ထိုးကွင်းထိုးခိုင်းချင်ပေမဲ့ မလုပ်ခိုင်းတော့ပါဘူးကွာ။ တယောထိုးတာကို စိတ်ပါဝင်စားသူ၊ အရင်တတ်ကျွမ်းသူ၊ ဇွဲရှိသူကို လက်ဆောင်အမွေ ပေးခဲ့ချင်တယ်"

" ဟုတ်ကဲ့ ကြိုးစားပါ့မယ် အဘိုး"

(၃)

ဆယ်စုနှစ် နှစ်စုအကြာတွင် အဘိုးဖြစ်သူ ဦးရာမောင် ကွယ်လွန်သွားခဲ့သည်။ ဦးချမ်းမြေ့က

စာမျက်နှာ ၂၅ သို့ ➤

# စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၃၁၀၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဇန်နဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၃၁၀၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၃၁၀၅၇ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ခုနှစ် အောက်တိုဘာလ တတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၁၀၃၅ ဧကစိုက်ပျိုးပြီး စီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်မှာ ဂျုံ ၃၁၀၅၇ ဧကစိုက်ပျိုးဖို့လျာထားပါတယ်။ဒီနေ့ထိ ၃၁၀၃၅ ဧကစိုက် ပျိုးပြီးစီးပြီဖြစ်ပါတယ်။လျာထားချက်ကေပြည့်မီအောင်စိုက်ပျိုးရေး အတွက် ဆောင်ရွက်နေတယ်။ဂျုံ စိုက်ပျိုးမှုနဲ့ပတ်သက်ပြီးတောင်သူ အသိပညာပေး လုပ်ငန်းတွေ လုပ်တယ်။ ဂျုံအထွက်တိုးအောင် ရေသွင်းပြီး မြေဩဇာကျွေးဖို့၊ ပေါင်းရှင်းဖို့၊ မျိုးကောင်း၊ မျိုးသန့် တွေသုံးစွဲဖို့ ဆောင်ရွက်ပေးနေ ပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

ဂျုံတစ်ဧက စိုက်ပျိုးလျှင် ကုန်ကျစရိတ် ငွေကျပ် ၃ သိန်းခန့် ရှိကြောင်း၊ ဂျုံသီးနှံကို အောက်တို ဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလ များတွင် စိုက်ပျိုးပြီး၊ ဖေဖော်ဝါရီလ၊ မတ်လနှင့် ဧပြီလများတွင် ပြန်လည် ရိတ်သိမ်းကြကြောင်း သိရသည်။

ဂျုံများကို အထွက်နှုန်းတိုး တက်ကောင်းမွန်အောင် စိုက်ပျိုး နိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံ သည့်အပြင် ပိုလျှံမှုကို ရောင်းချ နိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွား ဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာ မည်ဖြစ်ရာ ဂျုံများကို တိုးချဲ့ စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေး မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# သာစည်မြို့နယ် မယ်ဇလီကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**သာစည် ဇန်နဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက မယ်ဇလီကန် ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် အကောင်အထည် ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် သာစည်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မယ်ဇလီကန်ကျေးရွာ၌ မြစိမ်း ရောင်ကျေးရွာ စီမံကိန်းရန်ပုံ ငွေကျပ် ၃၃ ဒသမ ၁သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြား စီးပွားရေးလုပ်ငန်းများ ဆောင် ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည် များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

မယ်ဇလီကန်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၁ဦးကို ရန်ပုံငွေကျပ် ၆ ဒသမ ၁သန်း၊ မွေးမြူရေးလုပ်ငန်းလုပ် ကိုင်သူ ၁၉ ဦးကို ရန်ပုံငွေကျပ် ၃ ဒသမ ၄သန်း၊ ကုန်ထုတ် လုပ်ငန်းလုပ်ကိုင်သူ ၁၂၈ဦးကို ရန်ပုံငွေကျပ် ၁၈ ဒသမ ၉ သန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင် သူ ၂၄ ဦး ကို ရန်ပုံငွေကျပ် ၄ ဒသမ ၇ သန်း စုစုပေါင်း အသင်း သား၊ အသင်းသူ ၂၀၂ ဦးကို ရန်ပုံ ငွေကျပ် ၃၃ ဒသမ ၁ သန်း ကို ထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း က ဆက်လက် ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

➤ စာမျက်နှာ ၂၄ မှအဆက်

ရွာအလယ်တန်းကျောင်းတွင် ကျောင်းအုပ်ကြီးဖြစ်နေသည်။ ဦးမောင်တိုးက အင်ဂျင်နီယာ၊ ဦးညဏ်ထက်က ဆရာဝန် ဖြစ်နေပြီး၊ ဦးမှတ်ကြီးက ဆည်မြောင်းအရာရှိတစ်ဦးပင် ဖြစ်နေသည်။

တယောပညာကို ကြိုးစားသင်၍ အတော်ဆုံးဖြစ်ခဲ့သော ဦးချမ်းမြေ့ကား အဘိုး ပေးသည့်တယော လက်ဆောင်ရခဲ့သည်။ သည်နေ့ စနေနေ့။ အဘိုးကို ညတိုင်း စုဆုံနေကြကာလများကား အတိတ်တွင် ကျန်ရစ်ခဲ့ပေပြီ။ အဘိုးနေခဲ့သော ကမ်းနဖူးအိမ်ငယ် ကလေးမှာ ရေတိုက်စား၍ မရှိတော့။ အဘိုး၏ရုပ်သွင်၊ ပြောဆိုသံများကို ဦးချမ်းမြေ့ သတိရနေသည်။

" ဟေ့ ဦးချမ်းမြေ့ရှိလား"

" ရှိပါတယ်ဗျ"

အိမ်ပေါ်တက်လာသူများကိုကြည့်လိုက်တော့ ကျောင်းနေဘက် သူငယ်ချင်းဟောင်းများဖြစ်သော ဦးချမ်းသာနှင့် ဦးရွှေမင်းတို့ဖြစ်နေ သည်။ အိမ်ပေါ်ရောက်သည်နှင့် ဦးချမ်းမြေ့၏ ခေါင်းရင်းတွင် ချိတ်ထား သော နီညိုရောင် တယောကလေးကို တွေ့သွားသည်။

" ထိုင်ကွာ၊ရေနွေးကြမ်းသောက်ကြ''

" တို့တွေ မတွေ့တာ အတော်ကြာပြီနော်။ ဒါနဲ့ ခေါင်းရင်းက တယောက မင်းပိုင်တဲ့ တယောလား"

"ဟုတ်တယ်"

'' ငါဝယ်ချင်တယ်။မင်းတောင်းသလောက်ပေးမယ်"

ဦးချမ်းသာ၏အပြောကြောင့် ဦးချမ်းမြေ့တစ်ယောက် မျက်နှာ ပျက်သွားသည်။

"ငါ့ အဖိုးပေးထားတဲ့အမွေမို့ ငါမြတ်နိုးတယ်။ ဘယ်သူလာ ဝယ်ဝယ် ငါမရောင်းဘူး"

''ငါက အတင်းလုဝယ်မယ် ဆိုရင်ရော၊"

ဦးချမ်းသာက ငွေရှင်ကြေးရှင်ပီပီ အတ္တကို ရှေ့တန်းတင်တတ်သူ ဖြစ်ကြောင်း ငယ်စဉ်က ပေါင်းလာသည့် ဦးချမ်းမြေ့က သိသည်။ ဦးချမ်းမြေ့က အဘိုးပစ္စည်းကို တန်ဖိုးထားသူပီပီ–

''ငါ့ စိတ်ဓာတ်ကို မင်းသိပါတယ်ကွာ။ ငါကလဲ မရောင်းဖူးလို့ ဆုံးဖြတ်ထားတယ်"

"အေးပါသူငယ်ချင်းရာ မင်းစိတ်ကို စမ်းကြည့်တာပါ၊ ငါအကူအညီ လာတောင်းတာ တခြားမဟုတ်ဘူး။ တို့သူငယ်ချင်းဟောင်းတွေ ဆုံကြ မယ်။ အနုပညာဝါသနာပါတဲ့ သူငယ်ချင်းတွေလဲ ဆိုကြ၊ ပျော်ကြပေါ့။ ငါ့သမီးလေး စာမေးပွဲကို ထူးချွန်စွာအောင်တဲ့ အထိမ်းအမှတ် အနေနဲ့ လာဖိတ်တာပါ၊ လာတက်ဖြစ်အောင်တက်ပေးပါကွာ"

" တက်ပေးပါမယ်"

ဦးချမ်းသာနှင့် ဦးရွှေမင်းတို့ပြန်သွားကြသော်လည်း ဦးချမ်းမြေ့ အတွက် အတွေးများ အစီအရီပေါ်လာသည်။ သူလည်း အဘိုးဦးရာမောင် လို အသက်ကြီးလာပါက သည်တယောလေးကို မျိုးဆက်သစ် လူငယ် ကလေးတစ်ဦးကို ထိုက်တန်စွာ အမွေပေးခဲ့ရပေမည်။

သည်လူငယ်ကလေးက ရပ်ရွာထဲ ပညာရည်ထူးချွန်သူလား၊ အကျင့် စာရိတ္တကောင်းသူလား၊ ပရဟိတသယ်ပိုးနေသူလား၊ အနုပညာ ထူးချွန် သူလား၊ မြန်မာ့လက်ရွေးစင်အားကစားသမားဆုရဖူးသူလား မည်သူ ဖြစ်နိုင်မည်ကို သူမသိနိုင်သေး။

သို့သော် ညချမ်းအချိန်တွင် သူ့အိမ်သို့လူငယ်များကိုခေါ်ပြီး မဆုံတွေ့။ အဘိုးကိုလွမ်း၍ အဘိုး၏တယောအမွေကလေးကို ဂုဏ်ယူစွာဖြင့် နေ့စဉ်တယောထိုးကာ သီချင်းသီဆိုနေတော့သည်။

## ရှင်လန်းဝမ်းသာပြည့်ဝန်တာ

- နိုင်ငံကိုကောင်းကျိုးပြု
ပြည်သူ့စစ်မှု ထမ်းလို့နေ၊
လူငယ်တွေ စိတ်ဓာတ်က
ထူးမြတ်လှပေ၊
ပေးအပ်တဲ့ တာဝန်တွေ
ကျေပွန်စေပြည့်ဝန်ထမ်း၊
နိုင်ငံတော် သာယာရေးကို
တွေးလို့ရှည်မှန်း။

- လူငယ်တွေ ဆုံးဖြတ်ချက်
နိုင်ငံတွက် အမှန်ပါ၊
ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး
ကောင်းကျိုးဝေဖြာ၊
သာယာလှတဲ့ ပြည်မြန်မာ
ဖွံ့ဖြိုးကာ တိုးတက်ရေး၊
ပြည့်ဝန်ဆို စိတ်မှာလန်း
ထမ်းကြတယ်လေး။

- ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး
တိုးတက်ဖို့ ဆိုပါလျှင်၊
အဖျက်ရန် ကွယ်ကာပျောက်
ဖျောက်ရမည်ပင်၊
လူငယ်တို့ စိတ်စွမ်းအင်
အကောင်းမြင် ကာကွယ်ပေး၊
များပြည်သူ စည်သာဖြိုးဖို့
ကြိုးစားတယ်လေး။

- စစ်ပညာ စစ်အတတ်
တတ်မြောက်ကြ များလူငယ်၊
အဓမ္မတွေ မကြီးထွားဖို့
တားဆီးကာကွယ်၊
ကမ္ဘာ့အလယ်
ဂုဏ်တင့်တယ် နေနိုင်ရေး၊
သားကောင်းပီပီ တာဝန်ထမ်းလို့
ကြိုးပမ်းမယ်လေး။

- မျိုးချစ်မာန် သတ္တိသွေးနဲ့
ရဲရေးရောက် သည်ချိန်အခါ၊
ပြည်သူ့စစ်မှုထမ်း သင်တန်းများ
ဖွင့်ထားသည်မှာ၊
စဉ်ဆက်မပြတ် တက်ရောက်ကာ
ရေးရှုကာ ပြည့်အရေး၊
တာဝန်ကို ကိုယ်စီထမ်းလို့
ရှင်လန်းတယ်လေး။ ။

**အာကာမောင်မောင်**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# မြန်မာဗုဒ္ဓဘာသာတရားဥပဒေအရ တရားဝင်လက်ထပ်ထိမ်းမြားခြင်း

စိန်လှိုင်ဗိုလ်

လူငယ်ဘာဝချစ်ကြိုက်ကြသဖြင့် ခိုးရာလိုက်ခြင်း၊ လူသိရှင်ကြား လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ခြင်း၊ ပြန်အပ်သည့် အခမ်းအနားကျင်းပခြင်းတို့သည် မြန်မာဗုဒ္ဓဘာသာ တရားဥပဒေအရ တရားဝင်ထိမ်းမြားခဲ့ပြီး ဖြစ်၊ မဖြစ်နှင့် ပတ်သက်၍ မယားခေါ်လိုမှုစွဲဆိုရာတွင် နိုင်ငံတော်တရားရုံးချုပ် တရားသူကြီး ဦးသက်ဖေက တရားမဒုတိယ အယူခံမှုတွင် စီရင်ဆုံးဖြတ်ထုံးဖွဲ့ခဲ့သော အမှုသည် အများပြည်သူ ဥပဒေဗဟုသုတရရှိစေနိုင်ပါသဖြင့် ရည်ညွှန်းကိုးကား ရေးသားတင်ပြပါဦးမည်။

မောင်ချစ်ပိုက မခင်ရီအပေါ် ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့နယ် တရားမရုံး၌ မယားခေါ်လိုမှုစွဲဆိုရာ မြို့နယ်တရားမ တရားသူကြီးကစွဲဆိုသောအမှုကို တရားစရိတ်နှင့်တကွ ပလပ်ခဲ့ပါသည်။ မောင်ချစ်ပိုက ခရိုင်တရားမရုံးတွင် အယူခံဝင်သောအခါ ခရိုင်တရားမရုံးက အောက်ရုံးစီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်ပြီး မောင်ချစ်ပိုအား အနိုင်ပေးလိုက်ပါသည်။ မောင်ချစ်ပိုအား အနိုင်ပေးလိုက်သော ခရိုင်တရားမရုံး၏ စီရင်ချက်နှင့် ဒီကရီတို့ကို မခင်ရီက မကျေနပ်သဖြင့် နိုင်ငံတော်တရားရုံးချုပ်သို့ ဒုတိယအယူခံမှု တင်သွင်းလာခဲ့ပါသည်။

**အမှုဖြစ်စဉ်အကျဉ်း**

မောင်ချစ်ပိုက မိမိနှင့် မခင်ရီတို့သည် လူငယ်တို့ဘာဝ ချစ်ကြိုက်ကြ၍ ၁၉၆၃ ခုနှစ် နိုဝင်ဘာလအတွင်းက နှစ်ဦးသဘောတူ ခိုးရာလိုက်ပြေးကြပြီး ဖျာပုံမြို့ တတိယ ရာဘက်ရာဇဝတ်တရားသူကြီး ဦးထိပ်တင်ဘုန်း (လိုပြ-၁)ရှေ့၌ ကျမ်းကျိန်လက်ထပ်ကာ မြန်မာဗုဒ္ဓဘာသာဥပဒေအရ အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ခဲ့ကြောင်း၊ ထို့နောက် ၁၉၆၄ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် မိမိ၏မိဘများက မခင်ရီ၏မိဘများထံတွင် လူကြီးစုံရာနှင့် တောင်းရမ်း၍ ထပ်မံလက်ထပ်မင်္ဂလာပွဲပြုလုပ်ခဲ့ကြောင်း၊ ၁၉၆၄ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် မခင်ရီသည် ၎င်း၏မိဘများနေအိမ်သို့ သွားရောက်လည်ပတ်ရာ ပြန်မလာသဖြင့် သွားရောက်မေးမြန်းသောအခါ လာကြောင်းပြောပြီး ည ၁၁ နာရီအချိန်ခန့်တွင် မခင်ရီအား အခြားအရပ်သို့ မော်တော်နှင့်ပို့ရန်ပြုလုပ်နေသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် မိမိက မခင်ရီအားဆွဲရာ အနီးရှိရဲအရာရှိများက ဖျန်ဖြေကာ မခင်ရီကို ၎င်း၏မိဘများနှင့် ထည့်လိုက်ကြောင်း အဆိုပြုပါသည်။

မခင်ရီကို ၎င်း၏မိဘများက ချုပ်ချယ်ထားသဖြင့် မိမိထံသို့ပြန်မလာနိုင်ကြောင်း၊ ထို့ကြောင့် မခင်ရီအား လင်မယားအဖြစ်ပေါင်းသင်းရန် ပြန်ခေါ်လိုကြောင်းနှင့် ၎င်း၏ မိဘများအား မခင်ရီကို ချုပ်ချယ်ထားခြင်းမပြုရန် ပညတ်ချက်ထုတ်ပေးပါမည့်အကြောင်း၊ မခင်ရီနှင့် ၎င်းမိဘများဖြစ်ကြသည့် ဦးလှဦးနှင့် ဒေါ်စိန်ချယ်တို့အပေါ် တရားစွဲဆိုပါသည်။ (မြို့နယ်တရားသူကြီးက ဦးလှဦးနှင့် ဒေါ်စိန်ချယ်တို့ကို တရားခံအဖြစ် ထည့်သွင်းစွဲဆိုရန်မလိုဟု အဆုံးအဖြတ်ပေးကာ ၎င်းတို့အား အမှုမှထုတ်ပယ်ခဲ့ပါသည်။)

မခင်ရီဘက်မှ မောင်ချစ်ပိုသည် မိမိကို ကျိုက်လတ်မြို့မှ ပန်းဘဲစုနှင့် သူဇာရွာသို့ တိတ်တဆိတ်ခေါ်ဆောင်သွားပြီး ၁၅ ရက်ကျော်ခန့် ဖွက်ထားကာ ဖျာပုံမြို့၌ ကျမ်းလိမ်၍ကျိန်ခိုင်းခြင်းသာဖြစ်ကြောင်း၊ ထိမ်းမြားလက်ထပ်ခြင်းမပြုခဲ့ကြောင်း၊ လူကြီးစုံရာရှေ့တွင် ထပ်မံ၍ မင်္ဂလာပွဲပြုလုပ်ခဲ့သည်ဆိုခြင်းမှာ မမှန်ကြောင်း၊ မိမိ၏မိခင်အား လှည့်ပတ်နားယောင်စေကာ မောင်ချစ်ပိုနှင့် ဆွေမျိုးများက ၎င်းတို့ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုကို ဖုံးကွယ်ပပျောက်စေရန် ပြုလုပ်ခဲ့ခြင်းသာဖြစ်ကြောင်း၊ မောင်ချစ်ပိုက ညှဉ်းပန်းနှိပ်စက်သဖြင့် မိဘအိမ်သို့ ပြန်လာခဲ့ခြင်းသာဖြစ်ကြောင်း ထုချေခဲ့ပါသည်။



အဆိုပါအဆိုနှင့် အချေတို့ပေါ်မူတည်၍ မူလရုံးသည် အောက်ပါကောက်ချက်များကို ထုတ်ခဲ့၏။

(၁)တရားလိုနှင့်တရားခံ ထိမ်းမြားကြပါသလား။

(၂) ထိမ်းမြားခဲ့ပါလျှင် အတည်ဖြစ်သော ထိမ်းမြားခြင်းဖြစ်ပါသလား။

(၃)တရားခံကိုတရားလိုကနှိပ်စက်ညှဉ်းပန်းပါသလား။

(၄)နှိပ်စက်ညှဉ်းပန်းလျှင် ၎င်းနှိပ်စက်ညှဉ်းပန်းခြင်းမှာ လင်မယားခေါ်လိုမှုနှင့် လုံလောက်သော ထုချေချက်ဖြစ်ပါသလား။

(၅) တရားလို၏ သက်သာခွင့် ဘာလဲ။

နှစ်ဖက်အမှုသည်များနှင့် ၎င်းတို့၏ သက်သေအသီးသီးကို စစ်ဆေးကြားနာပြီးနောက် မူလရုံးတရားသူကြီးက မောင်ချစ်ပိုနှင့် မခင်ရီတို့သည် ထိမ်းမြားလက်ထပ်ကြသည်မှာမှန်ကြောင်း၊ သို့ရာတွင် မခင်ရီမှာ အသက်၂၀အောက် မိန်းကလေးတစ်ယောက်ဖြစ်၍ ဖခင်ဦးလှဦး၏ သဘောတူညီချက်မရှိသဖြင့် ၎င်းတို့၏ ထိမ်းမြားလက်ထပ်ခြင်းမှာ ဥပဒေအရ တရားဝင် ထိမ်းမြားလက်ထပ်ခြင်းမဟုတ်ကြောင်း၊ မောင်ချစ်ပိုက နှိပ်စက်ညှဉ်းပန်းသောကြောင့် မခင်ရီသည် မိဘအိမ်သို့ ထွက်လာရခြင်းဖြစ်ကြောင်း အဆုံးအဖြတ်ပြုကာ မောင်ချစ်ပို၏အမှုကို တရားစရိတ်နှင့်တကွ ပလပ်ခဲ့ပါသည်။

ထိုကဲ့သို့ ပလပ်လိုက်သောအမိန့်ကို မကျေနပ်သဖြင့် မောင်ချစ်ပိုက ခရိုင်တရားမရုံး၌ အယူခံဝင်ရာ ခရိုင်တရားမတရားသူကြီးက မခင်ရီသည် မောင်ချစ်ပိုနှင့် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့သဖြင့် ၎င်းတို့သည် တရားဥပဒေအရ ထိမ်းမြားလက်ထပ်ခဲ့သည်ဟု ယူဆရမည်ဖြစ်ကြောင်းကောက်ယူကာ အောက်ရုံးစီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး မောင်ချစ်ပိုအား အနိုင်ပေးလိုက်ပါသည်။

**နိုင်ငံတော်တရားရုံးချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

မောင်ချစ်ပိုနှင့် မခင်ရီတို့သည် မြန်မာဗုဒ္ဓဘာသာ တရားဥပဒေအရ တရားဝင်ထိမ်းမြားလက်ထပ်ခဲ့ခြင်း ရှိမရှိဟူသော ပြဿနာနှင့်ပတ်သက်၍ ဦးစွာစိစစ်ခဲ့ပါသည်။ မြန်မာဗုဒ္ဓဘာသာတရားဥပဒေအရ ယောကျ်ားတစ်ဦးနှင့် မိန်းမတစ်ဦး သဘောတူ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လျှင် တရားဝင် လက်ထပ်ထိမ်းမြားခြင်းမြောက်၏။ မည်သည့်အခမ်းအနားမှ ပြုလုပ်ရန်မလိုပေ။ သို့ရာတွင် မိန်းကလေးသည် အသက် ၂၀ မပြည့်သေးလျှင် မိဘသို့မဟုတ် အုပ်ထိန်းသူ၏ သဘောတူညီမှုရမှသာလျှင် တရားဝင်ထိမ်းမြားလက်ထပ်ခြင်းကို ပြုလုပ်နိုင်ပေမည်။ မိဘသဘောတူညီချက်ဆိုသည်မှာ သဘောတူကြောင်း ပွင့်ပွင့်လင်းလင်း ပြောဆိုခြင်းသာမက သဘောတူကြောင်း အဓိပ္ပာယ်သက်ရောက်သည့် အပြုအမူမျိုးလည်းပါဝင်ပေသည်။ ဤအတိုင်းပင်လည်း **မအေးစိန်နှင့် မောင်လှမင်း အတွဲ-၃ ရန်ကုန်စီရင်ထုံး- ၄၅၅** တို့အမှုတွင် စီရင်ထုံးဖွဲ့ထားသည်ကို တွေ့မြင်နိုင်သည်။ သို့ဖြစ်ရာ ယခုအမှုတွင် မောင်ချစ်ပိုနှင့် မခင်ရီတို့ ပေါင်းသင်းရာ၌ မခင်ရီ၏ မိဘများဘောတူညီချက် ရှိ၊ မရှိ ဆိုသောအချက်ကို တရားရုံးချုပ်က ထပ်မံဆန်းစစ်ခဲ့ပါသည်။

နှစ်ဖက်သက်သေထွက်ဆိုချက်အရ မောင်ချစ်ပိုနှင့် မခင်ရီတို့သည် လူငယ်တို့ဘာဝ ချစ်ကြိုက်ကြသဖြင့် ခိုးရာလိုက်ကာ တရားသူကြီးရှေ့၌ သဘောတူပေါင်းသင်းကြကြောင်း၊ ကျမ်းကျိန်ပြီးနောက် လူသိရှင်ကြား လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြသည်မှာ ထင်ရှား၏။ ထို့နောက် မောင်ချစ်ပို၏ မိခင်ဒေါ်သိန်းခင် (လိုပြ-၈)က မခင်ရီ၏မိခင် ဒေါ်စိန်ချယ်ထံသို့သွားရောက်ပြီး ကလေးများ (မောင်ချစ်ပို နှင့် မခင်ရီ)ကို ပြန်အပ်ရန်ကိစ္စနှင့် ပတ်သက်၍ပြော၏။ ထိုသို့ ပြန်အပ်ရန်ကိစ္စပြောစဉ် ဦးလှဦးအိမ်တွင်ရှိနေကြောင်း၊ ပြန်အပ်သည့်ကိစ္စကို ဦးလှဦးသိသည်ဟုထင်ကြောင်း ဒေါ်စိန်ချယ်က ထွက်ဆိုထားသည်။

မောင်ချစ်ပိုနှင့် မခင်ရီတို့အား မခင်ရီတို့မိဘများထံသို့ ပြန်အပ်ရန်ကိစ္စကို မခင်ရီ၏ဖခင်ဦးလှဦး သိရှိကြောင်း ပေါ်လွင်နေသည်။ သို့ရာတွင် ဦးလှဦးသည် ထိုသို့ ပြန်အပ်သောကိစ္စကို ကန့်ကွက်ခြင်းလုံးဝမပြုလုပ်ဘဲ ၎င်း၏အိမ်၌ပင် ပြန်အပ်သောအခမ်းအနားကျင်းပရန် ခွင့်ပြုခဲ့သည်ကို ထောက်ရှုလျှင် ဦးလှဦးသည် တိုက်ရိုက်သဘောတူကြောင်း ထုတ်ဖော်ပြောဆိုခြင်းမရှိသော်လည်း ၎င်း၏ပြုမူချက်မှာ သဘောတူရာအဓိပ္ပာယ်သက်ရောက်နေပေသည်။

ပြန်အပ်သည့် အခမ်းအနားတွင် ရပ်ကွက်မှ လူကြီးများကိုဖိတ်ကြားကာ ဒေါ်စိန်ချယ်တို့က လက်ဖက်ရည်၊ ကိတ်မုန့်တို့ဖြင့်ဧည့်ခံသည့်အပြင် ဘုရားကိုးဆူဆရာ ဦးအောင်သိန်းကို မင်္ဂလာစကားပြောကြားစေပြီး မောင်ချစ်ပိုနှင့် မခင်ရီတို့က ဒေါ်စိန်ချယ်နှင့် ဒေါ်သိန်းတို့အား ကန်တော့ကြကြောင်း၊ သက်သေခံအထောက်အထား ထင်ရှားနေသောကြောင့် မူလက လူငယ်ချင်းချစ်ကြိုက် ခိုးပြေးစဉ် သဘောမတူခဲ့စေကာမူ ပြန်အပ်သောအခါ၌ စိတ်ပြေကာ ခွင့်လွှတ်သဘောတူခဲ့သည်ဟု ယူဆရမည်ဖြစ်ကြောင်း နိုင်ငံတော်တရားရုံးချုပ်က ဝေဖန်သုံးသပ်ခဲ့ပါသည်။

ထိုသို့ ပြန်အပ်သည့်အခမ်းအနားကို ဦးလှဦး မတက်ရောက်ခဲ့သည်မှာမှန်၏။ သို့ရာတွင် ၎င်းသည် သမီးနှင့် သားမက်တို့အား တစ်ဖက်မိဘက ပြန်အပ်မည်ဆိုခြင်းကိုသိသည့်အပြင် ၎င်း၏အိမ်၌ ထိုကဲ့သို့ ပြန်အပ်သည့် အခမ်းအနားကိုကျင်းပရန် မတားမြစ်ခဲ့သောကြောင့် ၎င်း၏ခွင့်ပြုချက်အရ ပြုလုပ်ခဲ့သည်ဟုယူဆရပေသည်။ သို့ဖြစ်ရာ အောက်အယူခံရုံးတရားသူကြီးကောက်ယူခဲ့သည့်အတိုင်း မောင်ချစ်ပိုနှင့် မခင်ရီတို့သည် မြန်မာဗုဒ္ဓဘာသာတရားဥပဒေအရ တရားဝင်လက်ထပ်ထိမ်းမြားခဲ့ပြီးဖြစ်သည်ဟု ဆိုရမည်ဖြစ်ကြောင်း နိုင်ငံတော်တရားရုံးချုပ်က စိစစ်ဝေဖန်သုံးသပ်ဆုံးဖြတ်ခဲ့ပါသည်။

အထက်ပါအကြောင်းများကြောင့် အောက်အယူခံရုံး၏အဆုံးအဖြတ်ကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိသည့် အားလျော်စွာ ဤအယူခံမှုကို တရားစရိတ်နှင့်တကွ ပလပ်လိုက်ပါသည်။ **မခင်ရီ (အယူခံတရားလို)နှင့် မောင်ချစ်ပို(ခ) မောင်သန်းထွန်းဦး (အယူခံတရားခံ) ၁၉၆၅ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ်-၁၄** ကို ရည်ညွှန်းကိုးကား ရေးသားတင်ပြလိုက်ရပါသည်။

# ပုဗ္ဗသီရိမြို့နယ် သရက်သမိန်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ရိုစာခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင်ပုဗ္ဗသီရိမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေဖြင့် သစ်ယာကုန်း ကျေးရွာအုပ်စု၊ သရက်သမိန်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ရိုစာခင်းခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနှင့် တာဝန်ရှိသူများက ရပ်မိရပ်ဖများ၊ ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ သရက်သမိန်ကျေးရွာ၌ အရှည်ပေ ၃၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ ကျေးရွာတွင်းလမ်း ရိုစာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလမ်းလုပ်ငန်းအား ရေရှည်တည်တံ့ခိုင်မြဲစေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ကျေးရွာတွင်းလမ်း ရိုစာခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် VDP ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၇၁ သန်းအသုံးပြု၍ ကျေးရွာပြည်သူလူထုကိုယ်တိုင် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုထံမှ သိရသည်။

နော်လူး

# မြောင်မြို့နယ်တွင် မိုးစပါးများ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၇၅ ဒသမ ၃၅ တင်း ထွက်ရှိ



**စစ်ကိုင်း ဇန်နဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၄၀၀၂ ဧက ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၀၀၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလမှ စတင် ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၄၀၀၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၅ ဒသမ ၃၅ တင်း ထွက်ရှိကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ စပါး ၄၀၀၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာတော့ အဲဒီစိုက်ပျိုးထားတဲ့ စပါးစိုက်ခင်းဧကတွေ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့ စပါးစိုက်ခင်းတွေ အချိန်မီရိတ်သိမ်းနိုင်ဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှု မရှိစေရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိစေရေး စသည့်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးများကို အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံနိုင်သည့်အပြင် ပြည်ပသို့ပါ ပို့ကုန်အဖြစ် တင်ပို့နိုင်မည်ဖြစ်သောကြောင့် စပါးများအထွက်နှုန်း တိုးတက်စေရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ကလေးဝမြို့နယ် ယောစုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုစစ်ဆေး

**ကလေးဝ ဇန်နဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကလေးဝမြို့နယ် ယောစုကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလေးဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်စိုးအောင်၊ အငယ်တန်း အင်ဂျင်နီယာ(၃) ဦးအောင်ကောင်းမြတ်နှင့် တာဝန်ရှိသူများက ယောစုကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဦးစီးမှူးက ကွန်ကရစ်လမ်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ယောစုကျေးရွာ၌ လမ်းအရှည်ပေ ၅၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကလေးဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၆၈ သန်း စုစုပေါင်းငွေကျပ် ၁၆ ဒသမ ၆၈ သန်း အသုံးပြု၍ ၂၀၂၄ ခုနှစ် စက်တင်ဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် ယောစုကျေးရွာရှိ ပြည်သူလူထု၏ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး သွားလာရ အဆင်ပြေလျက်ရှိကြောင်း ကလေးဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အေးသူ**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း မွေးမြူရေးအသားစားကြက် ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် ဇန်နဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း မွေးမြူရေး အသားစားကြက် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့မှ မွေးမြူရေးနှင့်ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလက မွေးမြူရေးအသားစားကြက် ပိဿာချိန် ၆၄၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာလ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း မွေးမြူရေး အသားစားကြက် ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ပန်းတနော်မြို့ကနေ ရန်ကုန်ဈေးကွက်ထဲကို ဒီဇင်ဘာလ တစ်လအတွင်း ကြက်သားပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပန်းတနော်မြို့ကနေ ရန်ကုန်ဈေးကွက်ကို မွေးမြူရေး အသားစား ကြက်တွေအပြင် အခြား ရေထွက်ကုန်တွေကိုလဲ တင်ပို့ရောင်းချနေပါတယ်။ မွေးမြူရေးကြက်သားတွေ အရောင်းအဝယ် ကောင်းလာတာကြောင့် မွေးမြူတဲ့သူတွေကတော့ အဓိက အဆင်ပြေတာတွေ့ရပါတယ်"ဟု ပန်းတနော်မြို့နယ် မွေးမြူရေးနှင့် ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ချိုက ပြောပြသည်။



ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် မွေးမြူရေးကြက်သား ၁၀ ပိဿာလျှင် ငွေကျပ် ၁၁၀၀၀၀ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ မွေးမြူရေး ကြက်သားများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချမှုအားကောင်းလာသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၊ ကုန်သည်များ အဆင်ပြေနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# မိုင်းဆတ်မြို့နယ် နောင်ဘိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းဆတ် ဇန်နဝါရီ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျတီကျေးရွာအုပ်စု နောင်ဘိုကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဆတ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်သီတာဟန်က နောင်ဘိုကျေးရွာရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုး လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၆၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နောင်ဘိုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူသုံးဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူငါးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၈ ဦးကို ရန်ပုံငွေကျပ် ၃၆၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မိုင်းဆတ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်သီတာဟန်ထံမှ သိရသည်။ **မောင်ခိုင်**

# မကွေးမြို့နယ် ကံပြားကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မကွေး ဇန်နဝါရီ ၂၁**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကံပြားကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကံပြားကျေးရွာ၌ အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့ကြောင်း သိရသည်။

မကွေးမြို့နယ်ကံပြားကျေးရွာ၌ အရှည်ပေ ၇၀၄၀ ရှိ အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၂ ဒသမ ၅၆ သန်းကျော်ဖြင့် မြင့်မိုရ်စံထားကုမ္ပဏီက တာဝန်ယူ၍ ဇွန် ၂၄ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုကြောင့် ကံပြားကျေးရွာရှိ အိမ်ခြေ ၁၀၁ အိမ်မှ လူ ၄၂၇ ဦးနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များပါ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာ ရရှိနေပြီဖြစ်ကြောင်း သိရသည်။ **ချိုလေး**

**ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

# BRI စီမံကိန်းများ၏ လုံခြုံရေးတိုးမြှင့်ရန်ကြိုးပမ်းနေသော တရုတ်နှင့်ပါကစ္စတန်

တရုတ်နှင့်ပါကစ္စတန်တို့သည် ဘလူချီစတန်ပြည်နယ်တွင် တရုတ်ဆန့်ကျင်ရေးသောင်းကျန်းသူများချေမှုန်းရေးအတွက် ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၀ ရက်မှ ဒီဇင်ဘာ ၁၁ ရက်ထိ ရက်သတ္တသုံးပတ်ကြာ အကြမ်းဖက်တိုက်ဖျက်ရေး ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်ခဲ့သည်။ ၎င်းစစ်ရေးလေ့ကျင့်မှုသည် ပေကျင်း၏အမေရိကန်ဒေါ်လာ ၇၀ ဘီလီယံတန်ဖိုးရှိသော ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း (BRI)ကို ကာကွယ်စောင့်ရှောက်ရာတွင် အထောက်အကူဖြစ်စေရန်ဖြစ်သည်။

ပါကစ္စတန်၏ တောင်-မြောက်လမ်းများနှင့် တရုတ်နိုင်ငံ၏ ရှင်ကျန်းပြည်နယ်ရှိ Kashgarမှ ပါရှန်ပင်လယ်ကွေ့နှင့် နီးကပ်စွာတည်ရှိသည့် ပါကစ္စတန်နိုင်ငံ ဘလူချီစတန်ပြည်နယ်၌ရှိသော ဂွါဒါဆိပ်ကမ်းသို့ တိုက်ရိုက်ဆက်သွယ်ထားသည့် Karakoram အဝေးပြေးလမ်းမကြီးအပါအဝင် တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံ(CPEC)သည် အကြမ်းဖက်သောင်းကျန်းသူများ၏ ခြိမ်းခြောက်မှုခံရလျက်ရှိသည်။ တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံသည် ဂွါဒါ၏ပင်လယ်နက်ဆိပ်ကမ်းကိုလည်း တိုးချဲ့တည်ဆောက်လျက်ရှိသဖြင့် တရုတ်သင်္ဘောများသည် ပါရှန်ပင်လယ်ကွေ့မှ တရုတ်နိုင်ငံသို့ ရေနံသယ်ယူရာတွင် လမ်းကြောင်းပိုမိုတိုတောင်းလာမည်ဖြစ်သည်။

လက်ရှိအချိန်တွင် တရုတ်နိုင်ငံသို့သွားမည့် ရေနံတင်သင်္ဘောများသည် အရှေ့အလယ်ပိုင်းမှ ပါရှန်ပင်လယ်ကွေ့နှင့် အာရေဗျပင်လယ်ကို ဖြတ်သန်းပြီး အိန္ဒိယနိုင်ငံတောင်ဘက်မှ စင်ကာပူသို့ခုတ်မောင်းသွားလာရသည်။ အဆိုပါရေနံတင်သင်္ဘောများသည် တရုတ်နိုင်ငံ အရှေ့ဘက်ကမ်းခြေသို့ရောက်ရှိရန် မလက္ကာရေလက်ကြားကို ဖြတ်သန်းခုတ်မောင်းရသည်။ ထို့နောက် တောင်တရုတ်ပင်လယ်ကို ဖြတ်သန်းခုတ်မောင်းရမည်ဖြစ်သည်။

သို့သော် တရုတ်-ပါကစ္စတန်စီးပွားရေးစင်္ကြံသည် ရေနံတင်သင်္ဘောများကို ပါရှန်ပင်လယ်ကွေ့မှ အာရေဗျပင်လယ်သို့ ဖြတ်သန်းခုတ်မောင်းစေပြီး ဂွါဒါဆိပ်ကမ်း၌ ကုန်စည်များချကာ ထိုမှတစ်ဆင့် တရုတ်နိုင်ငံ၏ ရှင်ကျန်းပြည်နယ်သို့ မော်တော်ယာဉ်များဖြင့် ရေနံများတင်ပို့ နိုင်မည်ဖြစ်သည်။ တရုတ်-ပါကစ္စတန်စီးပွားရေးစင်္ကြံမှတစ်ဆင့် တရုတ်နှင့်ပါကစ္စတန်ကြား နက်ရှိုင်းသော ဆက်ဆံရေးထူထောင်လာခြင်းသည် အမေရိကန်-ပါကစ္စတန်ဆက်ဆံရေးကိုတင်မားလာစေပြီး အစ္စလမ္မာဘတ်သည် ပေကျင်းနှင့် ပိုမိုနီးကပ်လာလျက်ရှိသည်။ တရုတ်-ပါကစ္စတန်စီးပွားရေးစင်္ကြံစီမံကိန်းများတွင် ဂွါဒါနိုင်ငံတကာလေဆိပ်၊ ပင်လယ်ရေငန်ကို ရေချိုဖြစ်အောင်ပြုလုပ်သောစက်ရုံ၊ ကျောက်မီးသွေးသုံးစွမ်းအင်စက်ရုံ၊ ကွန်တိန်နာရပ်နားရန်နေရာများ၊ ကုန်တင်သင်္ဘောကြီးများအတွက် ဆိပ်ကမ်းများနှင့် သဘာဝဓာတ်ငွေ့ထုတ်စက်ရုံများပါဝင်သည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA) သည် အနောက်ပိုင်းစစ်နယ်ဝန်းမှ အထူးတပ်ဖွဲ့များ၊ ကြည်းတပ်လေကြောင်းဌာနခွဲနှင့်အုပ်ချုပ်ထောက်ပံ့ရေးတပ်ဖွဲ့ဝင် ၃၀၀ ကျော်ကို နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှု Warrior VIII လုပ်ဆောင် ရန် ပါကစ္စတန်သို့စေလွှတ်ခဲ့ကြောင်း တရုတ်စစ်ဘက်အွန်လိုင်းသတင်း၌ အစီရင်ခံထားရှိသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လင်ဂျီယန်က တရုတ်နိုင်ငံသည် ပါကစ္စတန်၏ အကြမ်းဖက်တိုက်ဖျက်ရေးကို အပြည့်အဝပံ့ပိုးကူညီလျက်ရှိကြောင်း၊ တရုတ်တပ်ဖွဲ့ဝင် ၃၀၀ သည် ပါကစ္စတန်ကြည်းတပ်၏ အထူးတပ်ဖွဲ့(SSG)မှ တပ်ဖွဲ့ဝင်များနှင့် ပူးတွဲလေ့ကျင့်ခဲ့ကြောင်း၊ ၎င်းစစ်ရေးလေ့ကျင့်မှုသည် အကြမ်းဖက်ဝါဒပူးတွဲတန်ပြန်ချေမှုန်းရေးနှင့် တိုက်ခိုက်ရေးစစ်ဆင်ရေးများကိုအလေးထားလုပ်ဆောင်ခဲ့ကြောင်း၊ နှစ်ဘက်စလုံးသည် လေ့ကျင့်မှုပေါင်းစုံကို ပြုလုပ်ခဲ့ကြောင်းနှင့် လက်တွေ့တိုက်ပွဲစဉ်များအတွက် ကျည်စစ်ကျည်မှန်များနှင့် လေ့ကျင့်ခဲ့ကြောင်း ပြောကြားသွားခဲ့ သည်။

တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက ထိုလေ့ကျင့်မှုသည် နှစ်နိုင်ငံတပ်မတော်များကြားချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်



မှုတို့ခိုင်မာအားကောင်းစေရန်အပြင် အကြမ်းဖက်ဝါဒတန်ပြန်တိုက်ခိုက်ရေး ပူးတွဲစွမ်းဆောင်ရည်များ ခိုင်မာအားကောင်းလာစေရန် ရည်မှန်းထားရှိကြောင်း ပြောကြားသွားခဲ့သည်။

စစ်ရေးလေ့ကျင့်မှုကို အနောက်မြောက်ပိုင်းခိုင်ဘာပတ်ခ်တွန်ခွါရှိ တောင်တန်းများကြားတွင် တည်ရှိသည့် ပါကစ္စတန်နိုင်ငံ၏ အမျိုးသားအကြမ်းဖက်တိုက်ဖျက်ရေးစင်တာ Pabbi၌ စတင်ပြုလုပ်ခဲ့သည်။ တရုတ်တပ်ဖွဲ့များနှင့် စစ်လက်နက်ပစ္စည်းများသည် Y-20 သယ်ယူပို့ဆောင်ရေးလေယာဉ်များနှင့်ရောက်ရှိလာခဲ့ပြီး ပါကစ္စတန်တပ်ဖွဲ့များနှင့် အလံတင်အခမ်းအနားပြုလုပ်ကာ တပ်ဖြန့်ချထားခြင်း၊ မြေပြင်ကွင်းဆင်းလေ့လာခြင်းနှင့် ကွပ်ကဲမှုဌာနချုပ် ဖွင့်လှစ်ခြင်းတို့ လုပ်ဆောင်ခဲ့သည်။

တရုတ်နိုင်ငံက ပါကစ္စတန်ကို အမေရိကန်ဒေါ်လာ ၇၀ ဘီလီယံတန်ဖိုးရှိသော တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံတွင် အလုပ်လုပ်နေသည့် တရုတ်နိုင်ငံသားများကို လုံခြုံရေးပေးအပ်ရန် ဖိအားပေးမှုများရှိနေသည့်အချိန်၌ နှစ်နိုင်ငံကြားရှစ်ကြိမ်မြောက် ပြုလုပ်သည့် ၎င်းစစ်ရေးလေ့ကျင့်မှုကိုလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

အစ္စလာမ္မစ် စစ်သွေးကြွအုပ်စုဖြစ်သည့် Tehreek-e-Taliban Pakistan (TTP)နှင့်အတူ ဘလူချီစတန်လွတ်မြောက်ရေးတပ်မတော် (BLA) သည် ဘလူချီစတန်နှင့် တာလီဘန်တို့အုပ်စိုးထားသောအာဖဂန်နစ္စတန်နယ်စပ်အနီး ခိုင်ဘာပတ်ခ်တွန်ခွါရှိပြည်နယ်တို့တွင် တရုတ်နိုင်ငံသားများနှင့် ပါကစ္စတန်စစ်ဘက်ကို တိုက်ခိုက်မှုများအရှိန်မြှင့်တင်လုပ်ဆောင်လာလျက်ရှိသည်။ အကြမ်းဖက်သောင်းကျန်းသူများသည် ဆင်းရဲတွင်းနက်နေသော ဘလူချီစတန်ပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေးအတွက် တိုက်ခိုက်နေသည်မှာ ဆယ်စုနှစ်များစွာကြာမြင့်နေပြီဖြစ်သည်။ ၎င်းတို့က ပါကစ္စတန်အစိုးရသည် ဘလူချီစတန်ပြည်နယ်တွင် တရားဥပဒေမဲ့အုပ်ချုပ်နေပြီး တိုးတက်မှုဖော်ဆောင်ပေးရန် လျစ်လျူရှုကာ ပြည်နယ်၏ သဘာဝအရင်းအမြစ်များကို အမြတ်ထုတ်အသုံးချနေကြောင်း တစိုက်မတ်မတ် ပြောဆိုလျက်ရှိသည်။

အကြမ်းဖက်အုပ်စုများက ဂွါဒါဆိပ်ကမ်းသည် ဘလူချီစတန်ပြည်နယ်ကို အကျိုးဖြစ်ထွန်းစေမည် မဟုတ်ဘဲ ပေကျင်းနှင့် အစ္စလာမ္မာဘတ်ကိုသာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ပြောဆိုကာ လွန်ခဲ့သော ၁၀ နှစ်ကျော်ကတည်းက တရုတ်ဆန့်ကျင်ရေးစိတ်ကိန်းအောင်းလာခဲ့သည်။ ဂွါဒါဆိပ်ကမ်းကို ပါကစ္စတန်ပင်လယ်ရေကြောင်းအာဏာပိုင်အဖွဲ့က စီမံခန့်ခွဲပြီး တရုတ်နိုင်ငံရပ်ခြားဆိပ်ကမ်းအာဏာပိုင်အဖွဲ့က လုပ်ငန်းလည်ပတ်လျက်ရှိသည်။

သို့သော် တရုတ်နှင့်ပါကစ္စတန်တို့အပြင် အီရန်၊ အာဖဂန်နစ္စတန်၊ အလယ်အာရှနိုင်ငံများနှင့် ဒေသတွင်းအပေါ်တွင်လည်း အပြုသဘောဆောင်သော သက်ရောက်မှုများရှိလာစေမည်ဖြစ်ကြောင်း ပါကစ္စတန်အစိုးရ၏ တရုတ်-ပါကစ္စတန်စီးပွားရေးစင်္ကြံ အတွင်းရေးမှူးရုံးက ပြောကြားသွားခဲ့သည်။ ပေကျင်းသည် အစ္စလာမ္မာဘတ်က တရုတ်အလုပ်သမားများ ကာကွယ်စောင့်ရှောက်ရေးအတွက် မြေပြင်တွင် တရုတ်လုံခြုံရေး တပ်ဖွဲ့များကိုခွင့်ပြုပေးရန် တောင်းဆိုထားရှိသည်။

ပါကစ္စတန်နိုင်ငံသည် တိုင်းပြည်၏အနောက်တောင်ပိုင်းဘလူချီစတန်ပြည်နယ်တွင် အကြမ်းဖက်အဖွဲ့များကိုချေမှုန်းရေးအတွက် ပြီးပြည့်စုံသော စစ်ဆင်ရေးဆင်နွှဲရန် ဆုံးဖြတ်ထားရှိကြောင်း ပါကစ္စတန်ဝန်ကြီးချုပ်ရုံးက ထုတ်ပြန်ချက်တစ်ရပ်၌ ဖော်ပြထားသည်။ မည်သို့ပင်ဆိုစေ ပါကစ္စတန်နှင့် တရုတ်နိုင်ငံတို့သည် ခွဲထွက်အုပ်စုများ၏ ပြင်းထန်သော တိုက်ခိုက်မှုများကိုဖြေရှင်းနေစဉ် ဂွါဒါဆိပ်ကမ်းနှင့် တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံ အမြန်လမ်းအဆင့်မြှင့်တင်ရေးတို့တွင် အခက်အခဲများနှင့် ရင်ဆိုင်သွားရဖွယ်ရှိနေသည်။

၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ခွဲထွက်ဘလူလွတ်မြောက်ရေးတပ်မတော်(BLA) အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ရာ ကရာချိနိုင်ငံတကာလေဆိပ်၌ တရုတ်နိုင်ငံသား နှစ်ဦးသေဆုံးခဲ့ရသည်။ ၂၀၂၄ ခုနှစ် မတ်လအတွင်းကလည်း ခိုင်ဘာပတ်ခ်တွန်ခွါပြည်နယ်ရှိတရုတ် Dasu ရေအားလျှပ်စစ်စီမံကိန်း၌ အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ရာ တရုတ်အင်ဂျင်နီယာငါးဦးသေဆုံးခဲ့သည်။ ထိုစဉ်က တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လင်ဂျီယန်က မိမိတို့အနေဖြင့် နိုင်ငံရပ်ခြားရှိ တရုတ်နိုင်ငံသားများ၊ အဖွဲ့အစည်းများနှင့် စီမံကိန်းများ၏ ဘေးကင်းလုံခြုံမှုအတွက် အခိုင်အမာဆုံးဖြတ်ထားကြောင်း၊ တရုတ်နှင့် ပါကစ္စတန်တို့အနေဖြင့် အကြမ်းဖက်သမားများကို ပြန်လည်ချေမှုန်းရန် ခိုင်မာသောဆုံးဖြတ်ချက်နှင့်စွမ်းဆောင်ရည်ရှိကြောင်း အသိပေးပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ် မတ်လတွင် လုံခြုံရေးတာဝန်ရှိသူများသည် ဂွါဒါဆိပ်ကမ်းအာဏာပိုင်အဆောက်အအုံအတွင်းဝင်ရောက်ရန်ကြိုးပမ်းသည့် လက်နက်သောင်းကျန်းသူ ရှစ်ဦးကို တိုက်ခိုက်ချေမှုန်းနိုင်ခဲ့သည်။ ပါကစ္စတန်သည် ဘလူချီစတန်လွတ်မြောက်ရေးတပ်မတော်၊ ဘလူချီစတန်လွတ်မြောက်ရေးတပ်ဦးနှင့် အခြားသောဘလူချီစတန်သောင်းကျန်းသူများကို အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် ထုတ်ပြန်ကြေညာထားသည်။

ဘလူချီစတန်၏ တူးဖော်ရခြင်းမရှိသည့် ရွှေသိုက်များသည် တရုတ်သတ္တုလုပ်ငန်းကော်ပိုရေးရှင်း(MCC) ဆွဲဆောင်လျက်ရှိပြီး ၎င်းကုမ္ပဏီသည် ၂၀၂၃ ခုနှစ်မှစ၍ ဘလူချီစတန်၏ Saindak ဒေသတွင် အနီးအနားနေရာများတွင် ရွှေတူးဖော်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။ ဘလူချီစတန်၏ သဘာဝအရင်းအမြစ်များတွင် ရေနံ၊ ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့များလည်းပါရှိသည်။ ဘလူချီစတန်ပြည်နယ်ရှိ အကြမ်းဖက်သောင်းကျန်းသူများက တရုတ်နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုများနှင့် တရုတ်-ပါကစ္စတန်စီးပွားရေးစင်္ကြံကို စီးပွားရေးအရအမြတ်ထုတ်မှုအဖြစ် ရှုမြင်ထားကြပြီး မြေပြင်တွင် ဘလူချီစတန်ပြည်သူများသည် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုနှင့် လူနေမှုအဆင့်အတန်းများတိုးတက်မှုတို့အတွက် အကျိုးကျေးဇူးများရရှိခြင်းမရှိဟု ပြောဆိုလျက်ရှိသည်။

ပါကစ္စတန်အစိုးရကမူ ၂၀၁၅ ခုနှစ်တွင် စတင်အကောင်ထည်ဖော်ခဲ့သော တရုတ်-ပါကစ္စတန်စီးပွားရေးစင်္ကြံသည် ဘလူချီစတန်၏ ကားလမ်း၊ ရထားလမ်း၊ လေဆိပ်နှင့် အချက်အလက်ဆက်သွယ်မှုစနစ်များ တိုးတက်လာစေမည်ဖြစ်သည့်အပြင် စက်မှုလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်လာခြင်း၊ ဆေးဘက်ဆိုင်ရာ အခြေခံအဆောက်အအုံများ၊ အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် ခရီးသွားလုပ်ငန်းများကိုဆွဲဆောင်နိုင်စေခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးခြင်းတို့ လုပ်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားလျက်ရှိပေသည်။ မည်သို့ပင်ဆိုစေတရုတ်နှင့် ပါကစ္စတန်တို့သည် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း(BRI)များ လုံခြုံမှုအတွက် ပိုမိုပူပေါင်းလုပ်ဆောင်လာလျက်ရှိသည်။

**ကိုးကား**

**- China, Pakistan flexing military muscle at anti-BRI militants By Asia Times.**

**မောင်စိန်အိ(နဘဲမြေ)**

# ပတ်မ

ကိုဇော်ဌေး(ယဉ်ကျေးမှု)



အလုံးအဝန်းကြီးသော ပတ်မချောင်ရှိ သားရေနှစ်ဖက်ပိတ်ဖုံကြီးကို 'ပတ်မ' ဟုခေါ်သည်။ ပတ်မကို မင်းတုန်းမင်းလက်ထက်နှောင်းပိုင်းတွင်မှ ဆိုင်းဝိုင်း၌ ထည့်သွင်းတီးကြသည်။ အမမျက်နှာဝကို ပတ်စာမတပ်ဘဲ အဖိုမျက်နှာဝကိုသာ ပတ်စာတပ်၍ခြောက်ပေါက်သံညှိတီးကြသည်။ အများအားဖြင့် အမမျက်နှာဝကို သံမှန်(တစ်ပေါက်သံ) ပတ်စာတပ်၍ အဖိုမျက်နှာဝတွင် လေးပေါက်သံပတ်စာတပ်ကာ တီးကြသည်လည်းရှိသည်။ 'ပတ်မထမ်း' ခေါ်သုံးချောင်းထောက်ခွနှစ်ခုဖြင့် ထမ်းသောတန်းတွင် ဆွဲထားသည်။ ကနဦးအစကပတ်မထမ်းကို 'ဝါးမင်း' ဖြင့်ပြုလုပ်ကြသည်။ နောင်တွင်နဂါးရုပ်၊ ပဉ္စရူပရုပ်၊ နရားရုပ်စသည်ဖြင့် သင့်လျော်ရာအရုပ်များကို ထု၍ မှန်စီရွှေချပြုလုပ်ကြသည်။ ပတ်မထမ်းသည်အရှည် ခြောက်ပေခွဲရှိသည်။ ယခုအခါ ပတ်မထမ်းများ မရှိတော့ဘဲ ပတ်မကိုခွပေါ်တွင် တင်၍တီးလာကြသည်။ ပတ်မကို ဇာတ်သဘင်ပွဲများတွင် စကားအဖြတ်အတောက်၊ အထိုးအကြိတ်၊ သတ်ပုတ်ခန်း၊ လေကြီးမိုးကြီးကျခန်းတို့တွင်လည်းကောင်း၊ နတ်ဒိုး၊ စည်တော်၊ လေးခင်း၊ ဗိန်းမောင်း၊ ငိုချင်းစသောတီးချက်များတွင်လည်းကောင်း၊ ဇာတ်စကားအပိတ်အဆို့များတွင်လည်းကောင်း တီးပေးရသည်။ စင်စစ်ပတ်မတူရိယာသည် ပတ်မချောင်တွင် ပါဝင်သောတူရိယာတစ်မျိုးသာဖြစ်သည်။ ပတ်မချောင်ဆိုသည်မှာ ဆိုင်းဝိုင်း၏ လက်ဝဲဘက်ရှိခြောက်လုံးပတ်၊ ပတ်မ၊ စခွန့်စသောတုံး (ဝါ)သံမစုံတူရိယာအစုတည်ရှိသည့်နေရာပင်ဖြစ်သည်။ ပတ်မချောင်ဝိုင်းမှာလည်း နောက်ပိုင်းမှပေါ်လာသော ဝိုင်းဖြစ်သည်။ ပတ်မကြီး တီးသူကို 'ပတ်မတီး' ဟုခေါ်သည်။ 'ပတ်မထိန်း' ဟုလည်း ခေါ်ကြသည်။

ပတ်မကို စတင်အသုံးပြုစဉ်က ပတ်မထိန်းသည် ပတ်မကြီးတစ်ခုတည်းကိုသာ တီးသည်ဟုဆိုကြသည်။ ထိုစဉ်အခါက မင်းပေါက်၏ လက်ဝဲပြင်ဘက်၌ ဒိုးတီးသူတစ်ယောက်သတ်သတ်ရှိသည်။ ထိုဒိုးတီးသမားသည် မင်းပေါက်ကို လက်လျှို၍ ဆိုင်းဝိုင်းတွင်းရှိ လက်ရင်းပတ်လုံးကြီးဖြစ်သော 'ဒုန်းခဲ' ကို သူ၏ ဒိုးနှင့် တွဲဖက်၍တီးရသည်။ သက္ကရာဇ် ၁၂၆၃ ခုနှစ်ခန့်ကအစပြု၍ ဒိုးတီးကိုဖြုတ်လိုက်ရာ ပတ်မထိန်းသည် ပတ်မကြီးအပြင် ခြောက်လုံးပတ်နှင့် စခွန့်ကိုပါတွဲဖက်တီးလာရသည်မှာ ယခုတိုင်ဖြစ်သည်။

ပတ်မကြီးကို အသံရှိန်ဖိ၍ တီးခြင်းကို 'ပတ်မတုတ်' သည်ဟုခေါ်သည်။ ပတ်မကြီးကိုအသံထိန်း၍တီးခတ်ရသော ပတ်မဆစ်တီးကွက်မျိုးကို 'ပတ်မလိုမ့်' သည်ဟုခေါ်သည်။ ဆိုင်းအဖွဲ့တွင်တီးမှုတ်ရာ၌ပတ်မအသံထည့်သွင်းရာ ပတ်မတီးကွက်များကို 'ပတ်မဆင့်'သည်ဟုခေါ်သည်။ ရုပ်သေးနှင့် ဇာတ်ပွဲတို့တွင် ပွဲဦး၌ 'ပတ်မဆစ်' များစွာဖြင့် တီးမှုတ်ကြသည်။ ပတ်မကိုသံရှိန်သတ်ခြင်းနှစ်မျိုးရှိသည်။ ပတ်မကို လက်သီးဆုပ်၍တီးပါက လက်ညှိုးသည် သံရှိန်သတ်ရန်အလို့ငှာ လက်ညှိုးတစ်ချောင်းတည်းကို တန်း၍ထုတ်ထားကြသည်။ အသံထွက်၍ တုန်ခါနေဆဲဖြစ်သောပတ်မ၏ မျက်နှာရေကို တန်းထားသော လက်ညှိုးဖြင့် ဖိလိုက်ခြင်းအားဖြင့် တုန်ခါမှုလျော့သွားကာ အသံရှိန်သတ်ပြီးဖြစ်သွားတော့သည်။ လက်ဝါးတစ်ပြင်လုံးဖြင့် တီးခတ်နေပါက လက်ချောင်းလေးချောင်းဖြင့်ဖြစ်စေ၊ လက်မအပါအဝင် လက်ချောင်းငါးချောင်းဖြင့်ဖြစ်စေ၊ လက်ဖနှောင့်ဖြင့်ဖြစ်စေ အလျဉ်းသင့်သလို သံရှိန်သတ်လေ့ရှိသည်။ ထို့ကြောင့် ပတ်မတီးခြင်းသည် ခက်ခဲသောပညာရပ်ပင်ဖြစ်သည်ဟုဆိုကြသည်။ ထို့ပြင် ပတ်မတီးခြင်းပညာကို သီးခြားပညာတစ်ရပ်အနေဖြင့် သင်ပေးသင့်သည်ဟု အကြံပြုသူများလည်းရှိသည်။

ပတ်တီး (ဝိုင်းတီး) သင်သူသည် ပတ်မချောင်၏ သဘောကိုလည်း နားလည်အောင်လေ့လာရသည်။ ပတ်မအဆို့အပိတ်ကိုလည်း ကျွမ်းကျင်အောင်သင်ရသည်။ တစ်ခါတစ်ရံပတ်မကပင် ဆိုင်းဝိုင်းတစ်ဖွဲ့လုံးကို ခေါင်းဆောင်၍ ဗိန်းဗောင်းတိုက်ခြင်းကိုပြုလုပ်ပေးတတ်သည်။ ဇာတ်နှင့်ရုပ်သေးများတွင်လည်း လူကြမ်းကို ဇာတ်ပို့သောတူရိယာများတွင် ပတ်မသည် အဓိကဦးဆောင်ရသည်၊ ရုပ်သေးသဘင်နှင့် ဇာတ်သဘင်များတွင် နတ်ကတော်၊ အပျိုတော်ထွက်ပါက ပတ်မချက်၊ ပတ်မဆစ်အများဆုံးထည့်၍ တီးမှုတ်ရသည်။ အကပညာတွင် ပလို့ချက်များကို ပတ်မချက်များဖြင့်သာ ကပြကြသည်။ မင်းသမီးကလည်း ခါး၊ ရင်၊ တင်၊ မေးတို့ကို ပတ်မချက်ကျကျ ဆိုင်းတီးချက်ဖြင့် လှုပ်ရှားကပြလေ့ရှိသည်။ မြန်မာအကပညာ၏ ၁၂ ထွေအကတွင် နတ်အက၊ မျောက်က၊ ဝန်က၊ ဇော်က စသည်တို့ပါဝင်ရာ ပတ်မတီးသံမပါဘဲ က၍မဖြစ်သည့် အကများပါဝင်လေသည်။ ဥပမာအားဖြင့် နတ်အက ကပြရာတွင် တီးမှုတ်ရသော နတ်ဆိုင်းများ၌ ပတ်မက မပါမဖြစ်ချေ။ နတ်အကများတွင် ပတ်မသည် အဓိကဖြစ်သည်။ နတ်အကသည် မြန်မာရိုးရာအကဖြစ်သလို နတ်သီချင်းများသည် မြန်မာ့ရိုးရာသီချင်းများလည်းဖြစ်ကြသည်။ ပတ်မသည် မြန်မာရိုးရာသီချင်း၊ အကတို့တွင် အဓိကပံ့ပိုးပေးသော တူရိယာပင်ဖြစ်သည်။ တစ်ဖန်ဝန်ထွက်လျှင် "ရွှေဘုန်းတော်တိုးပါလို့၊ ငွေမိုးတွေရွာ၊ နိုင်ငံတော်ပြည်အရေးကသာလှတယ်လေး" ဟု ဆိုင်းအဖွဲ့သားများက ဆိုလိုက်လျှင် ဝန်ဇာတ်ရုပ်က ခြေထောက်ကိုကြွမလှမ်းဘဲ ပွတ်တိုက်ကာ တရွေ့ရွေ့လာပြီး ပတ်မကြီးတီးသူကလည်း ပတ်မကြီးကိုလက်သီးဆုပ်၍ အမဘက်သို့ထုကာ ဇာတ်ရုပ်ဝန်ဣန္ဒြေရရထွက်နိုင်ရန် ပံ့ပိုးတီးခတ်ပေးသည်။

ဇော်အကတွင်မူ ပတ်မကိုအားကိုးကကြသည်။ ပတ်မတီးသူသည် အခရာဖြစ်သည်။ ပတ်မချက်ကိုလိုက်၍ ကပြခြင်းလည်းဖြစ်သည်။ အစမှအဆုံး ပတ်မချက်များနှင့် ကပြကြခြင်းကြောင့် ပွဲကြည့်သူပရိသတ်လည်း စိတ်အစဉ်တွင်လန်းဆန်းမြူးကြွနေတော့သည်။ "ဇော်ရောင်ဂျီရောင်ဆေးကြိတ်တဲ့တောင်၊ ကိုင်ဆောင်တောင်ဝှေး၊ အို…လိုရာမနေး၊ ဆေးကြိတ်တဲ့တောင် (ဆေးလေး ဆေးလေး ကြိတ်တဲ့တောင်) ဟူသည့် ဇော်သီချင်းကို အများကသီဆိုပေးကြသည်။

အဆိုပြီးပါက ဆိုင်းက 'လေးခင်း' တီးလုံးဝင်သည်။ လေးခင်းတီးချက်ဖြင့် နှစ်သက်ရာသီချင်းကို တီးပေးကြသည်။ အများအားဖြင့် လောကနတ်အသွားကိုတီးကြသည်။ "သောင်းလုံးမြေလျှို"၊ "ကျုံလျှိုကျွေးယင်"၊ "တော်ကြီးသာတင့်နိုး" စသည့် သီချင်းသွားများကိုလည်း တီးကြသည်။ သီချင်းပြီးလျှင် နောင်ဂျိန်တိုက်၍ အဆုံးသတ်သည်။

ဇာတ်သဘင်၊ ရုပ်သေးပွဲတို့၏ ဇာတ်လမ်းများတွင် ဇာတ်စကားအပိတ်အဆို့များ၌ ပတ်မက တီးပေးရသည်ဟု တင်ပြခဲ့ပြီးဖြစ်သည်။ ဇာတ်ခုံပေါ်တွင် ဇာတ်ဆောင်က ခြေဆောင့်၍ ဆောင့်၍ နင်းသွားချိန်တွင် ပတ်မကပတ်မချက်အဖြစ် "ဂျိ…ဂျိ…"ဟု ဆို့၍ ဆို့၍ ပံ့ပိုးတီးခတ်ပေးကြသည်။ ပတ်မချက်၏ 'ဂျိ' ကြောင့်ပင် ဇာတ်ရုပ်၏ ခြေဆောင်နင်းသွားပုံမှာပို၍ ကြွရွလာရသည်။ ပရိသတ်၏ စိတ်လည်း ဇာတ်ရုပ်၏ သရုပ်ဆောင်မှုနှင့် ထပ်တူလိုက်ပါခံစားရသည်။ ဇာတ်ဆောင်တို့၏ အငေါက်အငမ်းအကြိမ်းစကားမျိုးကိုမူ ဇာတ်ဆောင်သူတွင် ပို၍သဘာဝကျစေရန် ကူညီတီးပေးသည်။ ဇာတ်လမ်း၊ ဇာတ်ကွက်တွင် ပတ်မနှင့် လင်းကွင်း၏ 'ဂျိ' ဟူသော အသံမပါလျှင် ဇာတ်ဆောင်တစ်ဦးက တစ်ဦးကိုရိုက် (ခတ်) လိုက်သော်လည်း ရိုက်(ခတ်) လိုက်သည် သဘောမသက်ရောက်ပါချေ။ ထို့ကြောင့်ပတ်မ၏ 'ဂျိ' ဟူသော အသံသည် ပိုမိုလေးနက်သော သဘောဆောင်နေကြောင်း သိနိုင်သည်။ လွမ်းဖွယ်ဆွေးဖွယ်တို့ကိုလည်း ပတ်မချက်ဖြင့် ပြုလုပ်ရသည်။ ဇာတ်ငိုချင်း၊ ရုပ်သေးငိုချင်း၊ ဘုန်းကြီးပျံငိုချင်းများတွင် ပတ်မမှာအဓိကဖြစ်သည်။ ပတ်မမပါသော ငိုချင်းဆိုင်းသည် ဆားမပါသောဟင်းသဖွယ်ရှိသည်။ သေချာစူးစိုက်နားထောင်ကြည့်က သိသာနိုင်ပါသည်။ ပတ်မကို နပန်းပွဲ၊ လက်ဝှေ့ပွဲ၊ လှေပြိုင်ပွဲ၊ လှည်းပြိုင်ပွဲ၊ ချောတိုင်တက်ပွဲ၊ လွန်ဆွဲပွဲ၊ ခေါင်းအုံးရိုက်ပွဲ၊ ခြင်းခတ်ပွဲတို့တွင် တက်ကြွဖွယ်တီးလုံးများ တီးပေးနိုင်ရန် ထည့်သွင်းပေးရသည်။ ချောတိုင်တက်ပွဲတွင်လျှောကျချိန်များ၌ ပတ်မကြီးက "ထိ…ထိ…ထိ…ထိ"ဟု တီးပေးခြင်းဖြင့် လျှောကျလာသူက သရော်နေကြောင်း ပံ့ပိုးတီးပေးနေခြင်းဖြစ်သည်။ လှေသွားနေချိန်ဝယ် "ဝေလာ" တီးပေးရသည်။ ဝေလာဆိုသည်မှာ ရေကြောင်းခရီးလှည့်လည်ရာ၌ တီးမှုတ်ရသော လှိုင်းသံလေသံအမြူးအကြွတီးလုံးတေးသွားမျိုးဖြစ်သည်။ ခရီးပြင်းကိုချီလာလျှင် "ဗိန်းဗောင်း" ကိုတီးပေးသည်။ ဗိန်းဗောင်းဟူသော တီးချက်မှာ ဆူဆူညံညံအကြမ်းပတမ်းတီးရသော တီးလုံးမျိုးဖြစ်သည်။ ပတ်သံဖြင့်ဦးဆောင်၍ ပတ်မကြီး၊ စည်တို၊ လင်းကွင်းတို့နှင့် တွဲဖက်ကာတီးကြသည်။ ပတ်ကြမ်းတိုက်သည်ကို ဗိန်းဗောင်းတိုက်သည်ဟုလည်း ပြောကြသည်။ ဘီလူးထွက်က 'သယ်' ဟူသောမာန်သံပေးကြသည်။ ဘီလူးကို အများကြောက်ရွံ့ကြရန် ပတ်မကအလန့်တီးပေးရသည်။ ကျေးလက်တွင် ရုပ်သေးပွဲရှိသည်၊ ဇာတ်ပွဲရှိသည်ကိုရပ်နီးရပ်ဝေးမှ မိတ်ဆွေများကိုသိရှိစေရန် အသိပေးကြသည်။ ထိုသို့ အသိပေးသောအားဖြင့် မွန်းလွဲပိုင်း ညနေသုံးနာရီခန့်တွင် ပတ်မနှင့် လင်းကွင်းကို အသံမြည်ဟီးစွာ တီးပေးရသည်။ ပတ်မနှင့်လင်းကွင်း အဖွင့်အပိတ်ညီပြီး နားထောင်ကောင်းအောင် တီးရသည်။ ထိုသို့တီးပေးခြင်းဖြင့် ထိုည၌ ရုပ်သေးပွဲ၊ ဇာတ်ပွဲမလွဲမသွေ ကပြတော့မည့်အကြောင်း ကြေညာသည့်သဘော သက်ရောက်သည်။ ဤသည်ကို 'ဆိုင်းဆော်' သည်ဟုလည်း ပြောကြသည်။

ပတ်မတီးချက်နှင့် စပ်လျဉ်း၍ ပြောထုံးလည်း ရှိဖူးသည်။ နေမျိုးကျော်စွာခေါင်ဘွဲ့ရ ရွှာစားကြီးဆရာဖေသည် မိဖုရားခေါင်ကြီး အမိန့်ရှိသည့်အတိုင်း မြောက်ဥယျာဉ်တော်တွင် ဆိုင်းတော်များပြင်ဆင်ကာ ဆိုင်းတော်ဘွဲ့သီချင်းကြီးဖြင့် ရွှေနားတော်ဆက်သွင်းခဲ့သည်။ ဆက်သွင်းပြီးချိန်ဝယ် မိဖုရားခေါင်ကြီးက "ရွာစား၊ ဟိုလေမှုတ်သည့်ပစ္စည်းကို ဘယ်လိုခေါ်သလဲ" ဟု နှဲကြီးကိုညွှန်ပြကာမေးသည်။ ရွာစားကြီးက "မှန်လှပါ နှဲကြီးခေါ်ပါတယ်ဘုရား" ဟုပြန်ဖြေခဲ့သည်။ တစ်ဖန်လင်းကွင်းကို ညွှန်ပြကာ "သည်ဟာကရော" ဟုမေးသည်။ "လင်းကွင်းကြီးခေါ်ပါတယ်ဘုရား"၊ မိဖုရားခေါင်ကြီးကပတ်မကြီးကိုညွှန်ပြကာ "သည်ဖုံကြီးဘယ်လိုခေါ်သလဲ" ဟု မေးပြန်သည်။ "ပတ်မကြီးခေါ်ပါတယ်ဘုရား" ဟု ပြန်ဖြေခဲ့သည်။ "ပတ်ဖျား၊ ပတ်ငယ်များမပါဘဲ ပတ်မကြီးနှင့် လင်းကွင်းကြီးအချက်တစ်ရာတီးတော်မူစမ်းရွှာစား"ဟု မိဖုရားခေါင်ကြီးက အမိန့်တော်ချမှတ်လိုက်သည်။ ရွှာစားကြီးက "မှန်လှပါဘုရား" ဟု အမိန့်တော်ကိုနာခံကာ ပတ်မကြီးနှင့် လင်းကွင်းနှစ်မျိုးတည်းပင် တွဲဖက်လျက် အဖွင့်အပိတ်အချက်ပေါင်းတစ်ရာတိတိတီးကာ ရွှေနားတော်ဆက်သွင်းတော်မူလေသည်။ မိဖုရားခေါင်ကြီးလည်း သဘောတော်ကျကာ ဆုတော်ငွေထောင်ထုပ်ကို ရွှာစားကြီးကို ချီးမြှင့်တော်မူသည်။ "ရွှာစားသည်တိုင်းပြည်မှာ ဇာတ်၊ ရုပ်စုံ၊ ဆိုင်းများတွင် ပွဲဦးမင်္ဂလာများ၌ ပတ်မကြီးနှင့် လင်းကွင်းကြီးကိုသာလျှင် စတင်တီးကြရမည်၊ သည်အမိန့်တော်ကို ရွှာစားကိုယ်တိုင်ကြေငြာ၍ လိုက်နာရမည်" ဟူသည့် မှတ်တမ်းပင်ဖြစ်သည်။ ထိုမှ "ပတ်မချက်တစ်ရာ" ဟူသည့် ပတ်မဆစ်တီးလုံးတီးကွက်များသည် သီပေါမင်းလက်ထက်၊ မိဖုရားခေါင်ကြီး စုဖုရားလတ်ကြောင့် ရွှာစားကြီးဆရာဖေက စတင်တီထွင်ခဲ့သောတီးလုံးတီးကွက် ဟု ပြောထုံးလည်းဖြစ်လာခဲ့သည်။

ပတ်မကို အများအားဖြင့် မြန်မာကုက္ကိုသားဖြင့် ပြုလုပ်ကြသည်။ ပိတောက်သားအနှစ်ဖြင့် ပြုလုပ်ပါကပိုမိုကောင်းမွန်သော်လည်း ပတ်မအရွယ်အစားကဲ့သို့ ကြီးမား၍ အနာအဆာလွတ်သော ပိတောက်သားကိုမူ ရရှိရန်ခဲယဉ်းသည်။ ပတ်မကို ယခင်က နွားသားရေအထူဖြင့် ကြပ်ကြသည်။ ယခုအခါ အဆင်ပြေရန်နှင့် လိုအပ်သော ပတ်မအသံရရှိရေးကိုသာ ဦးတည်လာကြသည်။ နွားသားရေဟူသည့် စွဲလန်းချက်ကိုလည်း အခြေအနေအရပ်ရပ်ကြောင့် စွန့်လွှတ်လာခဲ့ကြသည်။ ပတ်မသည် မျက်နှာနှစ်ဖက်တီးနိုင်ပြီး အမဘက်ကမျက်နှာဝကျယ်သည်။ အဖိုဘက်ကမျက်နှာဝကျဉ်းသည်။ အလယ်တွင်ခုံးသည်။ အမဘက်ကပိုခုံးသည်။ ချိတ်ဆွဲရန်သားရေကွင်းတစ်ခုလည်း အလယ်တွင်ပါရှိသည်။ ပတ်မကိုပတ်ဝိုင်း၏ လက်ဝဲဘက်တွင်ထားရှိသည်။ ပတ်မတီးကို ဝိုင်းတီးလက်ထောက်ဟုလည်းခေါ်ကြသည်။ ပတ်မတီးကားအရေးပါသူထဲတွင် ပါဝင်သည်။ ထို့အတူ မြန်မာဆိုင်းဝိုင်းတွင် ပတ်မသည် တူရိယာအလျောက် အရေးပါလျှက်ရှိသည်။ ညီညီညာညာ အသံသာသာထွက်ပေါ်လာကြသည့်မည်သည့်တူရိယာကိုဖြစ်စေ ပတ်မကြီးက ပံ့ပိုး ပေးနေသည်။ မြန်မာ့ဆိုင်းဝိုင်းကြီးတစ်နည်း မြန်မာ့သားရေတူရိယာတို့တွင် ပတ်မကြီးက အလွန်အရေးပါလှကြောင်း ရေးသားတင်ပြ လိုက်ရပါသည်။

**ကိုးကား**

**၁။မြန်မာ့စွယ်စုံကျမ်းအတွဲ(၄)**

**၂။မြန်မာ့သားရေတူရိယာ(မန်းညွှန့်တင်)**

# အီရန်နိုင်ငံတွင် ဆည်များအတွင်း ရေဝင်ရောက်မှုနည်းပါးသဖြင့် ရေအကျပ်အတည်းဖြင့် ရင်ဆိုင်နေရ



**တီဟီရန် ဇန်နဝါရီ ၂၀**

အီရန်နိုင်ငံတွင် ၂၀၂၄ ခုနှစ်အတွင်း မိုးရွာသွန်းမှုနည်းပါးပြီး ဆည်များအတွင်း ရေဝင်ရောက်မှုနည်းပါးသဖြင့် ရေနှင့်ပတ်သက်၍ အကျပ်အတည်း ဖြစ်ပေါ်လျက်ရှိကြောင်း အီရန်ရေပေးဝေရေးနှင့် သန့်ရှင်းရေးဌာန၏ ဇန်နဝါရီ ၁၉ ရက် ထုတ်ပြန်ချက်များကို ကိုးကား၍ ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အီရန်နိုင်ငံတွင် မိုးပုံမှန်ရွာသွန်းသောကာလဖြစ်သည့် စက်တင်ဘာလနှောင်းပိုင်းမှ ဇန်နဝါရီလနှောင်းပိုင်းထိ မိုးရွာသွန်းမှုသည် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက မိုးရေချိန် ၄၅ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ငါးနှစ်တာကာလအတွင်း ဆည်များအတွင်းသို့ ရေဝင်ရောက်မှု ၂၉ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း အီရန်ရေပေးဝေရေးနှင့် သန့်ရှင်းရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဖီရူဇဂက်ဆမိဆဒက်က ပြောကြားခဲ့သည်။

အီရန်နိုင်ငံသည် နှစ်ပေါင်းငါးဆယ်ကျော်အတွင်း အဆိုးရွားဆုံးမိုးခေါင်မှုဖြင့် ရင်ဆိုင်နေရပြီး ယခုနှစ်အတွင်း ဆည်များသို့ရေဝင်ရောက်မှုသည် ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ငါးရာခိုင်နှုန်းကျဆင်းခဲ့ပြီး နိုင်ငံ၏ဒေသအများအပြားတွင် ရေပြတ်လပ်မှုဖြင့် ရင်ဆိုင်နေရသည်မှာ ဆယ်စုနှစ်တစ်စုကျော် ကြာမြင့်နေပြီဖြစ်ရာ အစိုးရ၏ သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှုအပေါ် ဝေဖန်မှုများဖြင့် တက်လျက်ရှိကြောင်း သိရသည်။

လယ်သမားအများစုသည် အစိုးရ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာမူဝါဒများကို ပြုပြင်ပြောင်းလဲရန် အခါအားလျော်စွာ တောင်းဆို ဆန္ဒထုတ်ဖော်မှုများ ပြုလုပ်လျက်ရှိကြောင်း၊ လက်ရှိ စီးပွားရေး အကျပ်အတည်းနှင့် ငွေကြေးဖောင်းပွမှု အခြေအနေများကြောင့် အီရန်နိုင်ငံ၏ ရေအကျပ်အတည်းမှာ ပိုမိုဆိုးရွားလာကြောင်း၊ အီရန်နိုင်ငံ၏ ရေအကျပ်အတည်းသည် ဟာရီရွတ်မြစ်ပေါ်တွင် ရေကာတာများတည်ဆောက်ခြင်းကဲ့သို့ အကြောင်းရင်းများစွာရှိနေပြီး အဆိုပါအခြေအနေကြောင့် နိုင်ငံအရှေ့ပိုင်းပြည်နယ်များသို့ ရေစီးဆင်းမှုကို သိသိသာသာ ကန့်သတ်ချက်များဖြစ်ပေါ်စေလျက်ရှိကြောင်း ဖီရူဇဂက်ဆမိဆဒက်က ပြောကြားခဲ့သည်။

Ref : Russia Today

Trs : AZH

# အနောက်သြစတြေးလျပြည်နယ်သို့ ဆီအန်ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ပြီး ရေကြီးရေလျှံမှုဖြစ်ပွား

**ကင်ဘာရာ ဇန်နဝါရီ ၂၁**

သြစတြေးလျနိုင်ငံ အနောက်သြစတြေးလျပြည်နယ်တွင် ဇန်နဝါရီ ၂၀ ရက်က ဆီအန်ဟုအမည်ပေးထားသော ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီး ကာရက်သာဒေသတွင် ရေကြီးရေလျှံမှုဖြစ်ပွားနေကြောင်း Bureau of Meteorology က ထုတ်ပြန်ကြေညာခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဆီအန်ဆိုင်ကလုန်းမုန်တိုင်းသည် ပီလ်ဘာရာကမ်းခြေသို့ ဗဟိုပြု တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး မုန်တိုင်းပြင်းအား အဆင့် (၃) အဖြစ် သတ်မှတ်ထားကြောင်း၊ မုန်တိုင်းကြောင့် ပီလ်ဘာရာကမ်းခြေတစ်လျှောက် လှိုင်းလုံးကြီးများဖြစ်ပေါ်ကာ မိုးရေချိန်မြင့်မားစွာ ရွာသွန်းလျက်ရှိကြောင်း၊ ကာရက်သာဒေသတွင် မိုးရေချိန်မှာ ၂၇၄ မီလီမီတာထိ မြင့်တက်နေပြီး လာမည့် ၂၄ နာရီအတွင်း မိုးဆက်လက်ရွာသွန်းဖွယ်ရှိနေကြောင်း၊ ကာရက်သာဒေသတွင် လမ်းမကြီးတချို့ ရေမြုပ်နေပြီး လမ်းများကို ယာယီပိတ်ထားရကြောင်း သိရသည်။

"ဆီအန်ဆိုင်ကလုန်းမုန်တိုင်းဟာ ပြင်းအား အဆင့်(၃)နဲ့ ဝင်ရောက် တိုက်ခတ်ခဲ့ပါတယ်။ မုန်တိုင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိသလို လေတိုက်နှုန်းတွေလဲ မြင့်တက်နေတယ်။ မိုးရေချိန်ဟာ ၂၇၄ မီလီမီတာထိ မြင့်တက်ခဲ့တဲ့အတွက် ပီလ်ဘာရာကမ်းခြေမှာ လှိုင်းလုံးကြီးတွေ ဖြစ်ပေါ်နေပါတယ်။ ကာရက်သာဒေသမှာတော့ မိုးရေချိန်မြင့်မားမှုကြောင့် ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေပါတယ်။ မုန်တိုင်းဗဟိုပြု တိုက်ခတ်နေတဲ့ဒေသက ဒေသခံတွေကို ကြိုတင်သတိပေးချက် ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။ အခုမှ နေရပ်ကို စွန့်ခွာမယ်ဆိုရင်တော့ နောက်ကျသွားပါပြီ။ လမ်းတွေလဲ ရေမြုပ်နေတဲ့အတွက် မော်တော်ယာဉ်တွေ သွားလာဖို့ အဆင်မပြေတော့ပါဘူး"ဟု Bureau of Meteorology မှ ပြောရေးဆိုခွင့်ရှိသူ မစ္စတာဟိုင်းစ်က ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# တရုတ်(တိုင်ပေ)တွင် ပြင်းအား ၆ ဒသမ ၄ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွား

**တိုင်ပေ ဇန်နဝါရီ ၂၁**

တရုတ်(တိုင်ပေ) ချီအာယီမြို့အနီး၌ ယနေ့တွင် ပြင်းအား ၆ ဒသမ ၄ မဂ္ဂနီကျူရှိသည့် ငလျင်လှုပ်ခတ်ခဲ့ပြီး အခြေခံအဆောက်အအုံတချို့နှင့် နေအိမ်တချို့ ပျက်စီးခဲ့ကြောင်း တရုတ်(တိုင်ပေ) Weather Administration အဖွဲ့ အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ငလျင်ကြောင့် Chip ပြားထုတ်လုပ်သည့်ကုမ္ပဏီဖြစ်သည့် TSMC ကုမ္ပဏီ၏ စက်ရုံတချို့ ပျက်စီးခဲ့ပြီး ဝန်ထမ်းတချို့ ပိတ်မိခဲ့၍ မီးသတ်နှင့် ကယ်ဆယ်ရေး အဖွဲ့အစည်းက အရေးပေါ်အခြေအနေဖြင့် ကယ်ထုတ်ပေးခဲ့ရကြောင်း၊ ငလျင်သည် မြေအောက်အနက် ၉ ဒသမ ၄ ကီလိုမီတာအကွာမှ ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်သည့်အတွက် ငလျင်လှိုင်းမှာ ပြင်းထန်ခဲ့ကြောင်း၊ ပျက်စီးမှုများ ရှိခဲ့သော်လည်း ငလျင်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူမရှိသေးကြောင်း၊ ငလျင်ကြောင့် ဆူနာမီလှိုင်း ဖြစ်ပေါ်လာဖွယ်မရှိဘဲ ငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုများကို တာဝန်ရှိသူများက သွားရောက် စစ်ဆေးနေကြောင်း တရုတ်(တိုင်ပေ) အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။



"ငလျင်ကြောင့် စက်ရုံအတွင်း ပျက်စီးဆုံးရှုံးမှုတွေ ရှိခဲ့သလို အဆောက်အအုံပျက်စီးမှုလဲ ရှိခဲ့တယ်။ အဆောက်အအုံပျက်စီးမှုကြောင့် အဆောက်အအုံအတွင်း ဝန်ထမ်းတချို့ ပိတ်မိခဲ့တယ်။ ကယ်ဆယ်ရေးအဖွဲ့ရဲ့ ကူညီပေးမှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ဘေးလွတ်ရာ ရွှေ့ပြောင်းပေးနိုင်ခဲ့ပါတယ်"ဟု TSMC ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# ကိုလံဘီယာနိုင်ငံ ရေဘေးသင့်ပြည်သူ ၈၅၀၀ ကျော်အတွက် တူရကီနိုင်ငံက ပံ့ပိုး

**ဘိုဂိုတာ ဇန်နဝါရီ ၂၁**

ကိုလံဘီယာနိုင်ငံတွင် ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ ရီယိုဟာချာမြို့ရှိ ရေဘေးသင့်ပြည်သူ ၈၅၀၀ ကျော်အတွက် လူသားချင်းဆိုင်ရာ စားနပ်ရိက္ခာထောက်ထားမှု အကူအညီများကို တူရကီပူးပေါင်းဆောင်ရွက်ရေးနှင့် ညှိနှိုင်းရေးအေဂျင်စီက ကိုလံဘီယာနိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပံ့ပိုးမှုများ ပြုလုပ်ခဲ့ကြောင်း ကိုလံဘီယာနိုင်ငံခြားရေး ဝန်ကြီးဌာန၏ ဇန်နဝါရီ ၁၉ ရက် ထုတ်ပြန်ချက်များကို ကိုးကား၍ ဇန်နဝါရီ ၂၀ ရက် သတင်းများတွင် ဖော်ပြထားသည်။

ကိုလံဘီယာနိုင်ငံတွင် ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း လာနီညာရာသီဥတုဖြစ်စဉ် သက်ရောက်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ နိုင်ငံအတွင်းအရေးပေါ်အခြေအနေကြေညာခဲ့ပြီး လာဂွာဟီရာဒေသနှင့် ချိုးကိုဒေသတို့တွင် ထိခိုက်မှုများ ကြီးမားစွာဖြစ်ပေါ်ခဲ့ကာ လာဂွာဟီရာဒေသ၌ လူပေါင်း ၁၉၅၀၀၀ ကျော်နှင့် ချိုးကိုဒေသတွင် လူပေါင်း ၁၈၈၀၀၀ ကျော် ရေဘေးသင့်ခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၁၉ ရက်က ပြုလုပ်သည့် ထောက်ပံ့ရေးပစ္စည်းများ ဖြန့်ဖြူးပေးအပ်သည့် အခမ်းအနားတွင် တူရကီနှင့် ကိုလံဘီယာနိုင်ငံတို့၏ မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးကို အလေးထားကြောင်းနှင့် လူသားချင်းဆိုင်ရာ စားနပ်ရိက္ခာထောက်ထားမှုအကူအညီများအတွက် တူရကီနိုင်ငံကို ကျေးဇူးတင်ရှိကြောင်း ကိုလံဘီယာ နိုင်ငံခြားရေးဝန်ကြီး လူးဝစ်ဂီလ်ဘာတိုမူရီလိုက ပြောကြားခဲ့သည်။

တူရကီနိုင်ငံအနေဖြင့် ကိုလံဘီယာနိုင်ငံ ရေကြီးရေလျှံမှုများ စတင်ဖြစ်ပွားစဉ်ကပင် မိသားစု ၁၇၀၀ အတွက် ပံ့ပိုးရေးပစ္စည်းများပါဝင်သော သေတ္တာအလုံး ၅၀၀ ကို ကနဦးပံ့ပိုးမှုများဆောင်ရွက်ခဲ့သေးကြောင်း တူရကီပူးပေါင်းဆောင်ရွက်ရေးနှင့်ညှိနှိုင်းရေးအေဂျင်စီအနေဖြင့် ပြောရေးဆိုခွင့်ရှိသူ မာဝ်ဇန်ဂျင်က ပြောကြားခဲ့သည်။

Ref : Russia Today

Trs : AZH

# ပဲရစ်ညီလာခံသဘောတူညီချက်မှ နုတ်ထွက်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် ထုတ်ပြန်ကြေညာ

**ဝါရှင်တန် ဇန်နဝါရီ ၂၁**

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းမှ ဦးဆောင်၍ ကာဗွန်ထုတ်လွှတ်မှု သုညမှတ်သို့ ရောက်ရှိရေးအတွက် ၂၀၁၅ ပဲရစ်ညီလာခံတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ၂၀၁၅ ပဲရစ်ညီလာခံအပေါ် အယုံအကြည်မရှိသည့်အတွက် သဘောတူညီချက်မှ နုတ်ထွက်ကြောင်း ဇန်နဝါရီ ၂၀ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါ ပဲရစ်ညီလာခံတွင် နိုင်ငံပေါင်း ၁၉၀ ကျော် သဘောတူညီချက်၌ လက်မှတ်ရေးထိုးခဲ့ပြီး သဘောတူညီချက်အတိုင်း လိုက်နာ ဆောင်ရွက်လျက်ရှိကာ သဘောတူညီချက်တွင် လက်မှတ်ရေးထိုးထားသော နိုင်ငံပေါင်း ၁၉၀ ကျော်တွင် အမေရိကန်နိုင်ငံလည်း ပါဝင်နေကြောင်း၊ ၂၀၁၅ ပဲရစ်ညီလာခံသဘောတူညီချက်ပါ အချက်အလက်တချို့သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား ဖြစ်စေနိုင်သည့်အတွက် အမေရိကန်နိုင်ငံ၏ စီးပွားရေးကို အရှိန်မြှင့်တင် ဆောင်ရွက်မည့် ဒေါ်နယ်ထရန့်က သဘောတူညီချက်မှနုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ပဲရစ်ညီလာခံသဘောတူညီချက်က မျှတမှုမရှိတဲ့ သဘောတူညီချက်ဖြစ်တဲ့အတွက် သဘောတူညီချက်ကနေ နုတ်ထွက်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လည်ပတ်မှုကို ဘယ်လိုသဘောတူညီချက်နဲ့မှ အဟန့်အတား အဖြစ်မခံပါဘူး" ဟု ဝါရှင်တန်ဒီစီမြို့ရှိ Capital One Arena ခန်းမ၌ ၎င်းကို ထောက်ခံသူပြည်သူများနှင့် တွေ့ဆုံပွဲတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat







## အိတ်ဖွင့်လေလံလျှောက်လွှာခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်ပိုင် မြေကွက် (၂)ကွက်၊ (၂၂.၄.၂၀၅၄)နေ့အထိ သက်တမ်းရှိသော နှစ် (၃၀)ဂရန်မြေ၊ ညောင်ဦးမြို့နယ်ရှိ မြေကွက် (၂)ကွက်၊ မြေစာရင်းပုံစံ(၁၀၅) ရရှိပြီးနှင့် မိတ္ထီလာမြို့နယ်ရှိ ရေခဲစက်(ထရန်စဖော်မာ ၂၅၀ ဝပ်ပါ) မြေကွက်တို့ကို အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

| စဉ် | အမျိုးအမည် | အကျယ်အဝန်း | တည်နေရာ |
|---|---|---|---|
| ၁ | ညောင်ဦးမြို့နယ် သမဝါယမ အသင်းစုပိုင် ဦးပိုင်အမှတ်(၄၆)နှင့် ဦးပိုင်အမှတ်(၄၇)မြေကွက် (၂)ကွက် | မြေဧရိယာ(၀.၁၄၇)ဧကစီ | အမှတ်(၆)ရပ်ကွက်၊ ၇-အောင်မြေသာ၊ ညောင်ဦးမြို့။ |
| ၂ | မိတ္ထီလာမြို့နယ် ရေခဲစက်(ထရန်စဖော်မာ ၂၅၀ ဝပ်)ပါ အဆောက်အဦးနှင့် မြေကွက်၊ ကွင်းအမှတ် (၇၂၇)၊ ဦးပိုင်အမှတ်(၅၁၊၅၁/၂၈၂) | မြေဧရိယာ(၁.၇၄)ဧက မြေစာရင်းပုံစံ-၁၀၅ ကို ၂၀.၁.၂၀၂၅ နေ့တွင် ရရှိပါမည်။ | မိုင်တိုင်(၁၁/၇) ငွေးတောက်ကုန်းကျေးရွာအနီး၊ မိတ္ထီလာမြို့ |
| ၃(က) | မြေတိုင်းရပ်ကွက်အမှတ် (၄၁၀) မြေကွက်အမှတ် (၂၄က/၁၈၃) ကေ (၀.၅၀)မှ ကျန်ရှိမြေ(တိုင်းအသင်းစုချုပ်ပိုင်) | မြေဧရိယာ(၀.၀၉၅)ဧက | ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်(တောင်) ရပ်ကွက်၊ မန္တလေးမြို့ |
| (ခ) | မြေတိုင်းရပ်ကွက်အမှတ် (၄၁၀) မြေကွက်အမှတ် (၂၄ခ/၁၈၃) (တိုင်းအသင်းစုချုပ်ပိုင်) | မြေဧရိယာ(၀.၅၂၀၇)ဧက | ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်(တောင်) ရပ်ကွက်၊ မန္တလေးမြို့။ |

အိတ်ဖွင့်လေလံ တင်သွင်းလိုသူသည် အိတ်ဖွင့်လေလံလျှောက်လွှာ၊ လေလံစည်းကမ်းချက်များကို သတင်းစာကြော်ငြာပါရှိသည့်ရက်မှစ၍ (၂၇-၁-၂၀၂၅) တနင်္လာနေ့ ရုံးချိန် (၁၆:၃၀)နာရီအတွင်း ဈေးချိုတော် တောင်ဘက်တိုက်တန်း ပထမထပ်၊ ၈၄ လမ်း၊ ၂၇ လမ်းနှင့် ၂၈ လမ်းကြား၊ မန္တလေးမြို့တွင် ဝယ်ယူရန်ဖြစ်သည်။

(က) ဖွင့်လှစ်မည့်ရက် - (၂၈-၁-၂၀၂၅)ရက် (အင်္ဂါနေ့)
(ခ) အချိန် - နံနက် (၀၉:၀၀)နာရီမှ (၁၁:၀၀)နာရီထိ (ညောင်ဦးမြေကွက်)
- နေ့လည် (၁၂:၀၀)နာရီမှ (၁၄:၀၀)နာရီထိ(မိတ္ထီလာရေခဲစက်+မြေ)
- နေ့လည် (၁၅:၀၀)နာရီမှ (၁၇:၀၀)နာရီထိ(တိုင်းအသင်းစုချုပ်မြေကွက်)
(ဂ) အိတ်ဖွင့်လေလံတင်သွင်းရမည့်နေရာ - မန္တလေးတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်၊ ဈေးချိုတော် တောင်ဘက်တိုက်တန်း(ပထမထပ်)
(ဃ) အိတ်ဖွင့်လေလံဖွင့်လှစ်မည့်နေရာ - မန္တလေးတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်၊ ဈေးချိုတော် တောင်ဘက်တိုက်တန်း(ပထမထပ်)
(င) ဆက်သွယ်ရန်ဖုန်း - ၀၉-၈၇၆၅၃၃၃၁၄၊ ၀၉-၂၀၀၅၆၈၄

လေလံတင်ရောင်းချရေးအဖွဲ့
မန္တလေးတိုင်ဒေသကြီးသမဝါယမအသင်းစုချုပ်




### ပျောက်ဆုံးကြောင်း

မူဆယ်မြို့၊ ကောင်းမှုလွယ်ရပ်ကွက်နေ မနုဝေမြိုင် (ဘ) ဦးကြူးခိုင်ဝင့်(၁၃/မဆတ(နိုင်)၀၆၃၁၇၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၉၁၉၅၀၆၃၆

### ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအနောက်နေ မောင်မြတ်သူရသိန်း (ဘ) ဦးဝင်းဆန်းသိန်း(၉/မဟမ(နိုင်)၀၃၉၁၂၉) ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-477458)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၅၄၀၀၆၀၈၁

### အမည်ပြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အမက(၅)၊ Grade-1 တွင် ပညာသင်ကြားနေသော (ဘ) ဦးသန်းဇော်ဦး၏သမီး မခတ္တာချိုအား ယနေ့မှစ၍ မလင်းဆုဝေသော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မလင်းဆုဝေသော်

### ပျောက်ဆုံးကြောင်း

တောင်သာမြို့ ကန်တော်ရွာမနေ ကိုကျော်ကျော်ဦး (ဘ) ဦးကံမြ(၉/တသန(နိုင်)၁၆၁၀၆၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၈၂၀၃၀၆၄၇

**အဖိုးတန်ရေချိုကို ချွေတာပါ**

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **ပညာတတ်နိုင်ငံသားများ အများဆုံးရှိနေသည့် နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှုအမြင့်ဆုံးနိုင်ငံကြီးများအဖြစ် ရပ်တည်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်...**

❖ **“ပညာတတ်” နိုင်ငံသားများဆိုသည်မှာ “အရည်အချင်း”ကို ဆိုလိုပြီး “အများဆုံး”ရှိသည်ဆိုသည်မှာ “အရေအတွက်”ကို ဆိုလို...**

❖ **မိမိတို့နိုင်ငံသည်လည်း အရည်အချင်းရှိသည့် ပညာတတ်များ အရေအတွက်အများကြီးရှိသည့် နိုင်ငံဖြစ်လာရန်လိုအပ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇွန် ၂၅ ရက်တွင်ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

# ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်ကို အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးမှုကြောင့် အဆောက်အအုံများ ပျက်စီးခဲ့မှုအခြေအနေနှင့် ပြန်လည်ပြုပြင်ရေးဆိုင်ရာညှိနှိုင်းအစည်းအဝေး ကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်ကို အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးမှုကြောင့် အဆောက်အအုံများပျက်စီးခဲ့မှုအခြေအနေနှင့် ပြန်လည်ပြုပြင်ရေးဆိုင်ရာညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၁**

KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ကယားပြည်နယ်အတွင်း အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်ရည်ရွယ်၍ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစတင်ကာ လူနေအဆောက်အအုံများ၊ဘာသာရေး၊ကျန်းမာရေး၊ပညာရေးဆိုင်ရာအဆောက်အအုံများကို အကာအကွယ်ရယူ၍ အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြသည့်အပြင် စစ်ရေးနှင့်သက်ဆိုင်သော ပစ်မှတ်မဟုတ်သည့် ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်အား လက်နက်ကြီး၊လက်နက်ငယ်များဖြင့် ရည်ရွယ်ချက်ရှိရှိလာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ကာ ပညာရေးဆိုင်ရာအဆောက်အအုံများ ဖျက်ဆီးခြင်း၊ တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ပါမောက္ခချုပ်အပါအဝင် ဆရာ၊ ဆရာမများ၊ ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို အတင်းအဓမ္မဖမ်းဆီးချုပ်နှောင်ခြင်း၊ စာမျက်နှာ ၁၆ ကော်လံ ၁ ☆

---

တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ကျွန်းစုမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက် စာမျက်နှာ - ၂၂

သတင်းမီဒီယာများတွင် အကြမ်းဖက်အဖွဲ့အစည်းများကို အားပေးအားမြှောက်ပြုသည့်သတင်းများ၊ ပြည်သူများ အထိတ်တလန့်ဖြစ်စေသည့်သတင်းများ၊ တည်ငြိမ်အေးချမ်းမှုပျက်ပြားစေမည့် သတင်းများကို ရေးသားဖော်ပြခြင်းမပြုရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည် စာမျက်နှာ - ၂၀